# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၂) ရက် ၊ သောကြာနေ့ ၊ (4-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

စာမျက်နှာ - ၁၇

### အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆောင်းပါး

စာမျက်နှာ - ၁၈

## ရေကြီးရေလျှံမှုများကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်းရှိ ရထားလမ်းနှင့် တံတားများ ထိခိုက်ပျက်စီးမှုများကို ပြန်လည်မွမ်းမံ ပြင်ဆင်ပြီးဖြစ်၍ လူစီးရထားများ ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်




အမှတ်(၁၁) အဆန် လူစီးအမြန်ရထား ကျောက်တံခါးဘူတာသို့ ရောက်ရှိစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

တိုင်ဖွန်းမုန်တိုင်း “ရာဂိ”၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေး တိုင်းဒေသကြီးတို့နှင့် ဆက်စပ်သည့် ရန်ကုန်-မန္တလေး ရထားလမ်းမကြီး၏ အချို့ရထားလမ်းတာပေါင်နေရာများနှင့် တံတားများရေတိုက်စား၍ ပျက်စီးခဲ့မှုများကြောင့် ရန်ကုန်-မန္တလေး ရထားခရီးစဉ်များကို စက်တင်ဘာ ၁၁ ရက်မှ စတင်၍ ယာယီရပ်နားထားခဲ့ရသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းနှင့် တံတားများပြင်ဆင်မွမ်းမံမှုကို လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်ရေး အစီအစဉ်တို့ဖြင့် စနစ်တကျ စီမံကြီးကြပ်ဆောင်ရွက်ခဲ့မှုကြောင့် စက်တင်ဘာ ၂၁ ရက်မှစ၍

**စာမျက်နှာ ၂၀ ကော်လံ ၁**

## မြန်မာနိုင်ငံတစ်ဝန်း ဒေသအလိုက် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၃**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညမှ အောက်တိုဘာ ၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်

**စာမျက်နှာ ၂၀ ကော်လံ ၁**




ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

## တစ်မျိုးသားလုံး၏အကျိုးစီးပွားအတွက် အထောက်အကူပြုမည့်သန်းခေါင်စာရင်း

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းတစ်ခုလုံး၏ အဓိကကျသည့် ကွင်းဆင်းစာရင်းကောက်ခြင်းကို မြန်မာနိုင်ငံတစ်ဝန်း၌ အောက်တိုဘာ ၁ ရက်မှစ၍ အောက်တိုဘာ ၁၅ ရက်ထိ ၁၅ ရက်ကြာ ကောက်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းဆိုသည်မှာ တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်းကောက်ယူသည့် လူဦးရေစာရင်း၊ အိမ်ထောင်စုပါအမည်နှင့်တကွသော လူဦးရေစာရင်းဟု မြန်မာအဘိဓာန်တွင် ဖော်ပြထားပါသည်။

နိုင်ငံတစ်နိုင်ငံသည် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များအပေါ်အခြေခံ၍ နိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအလိုက် ၁၀ နှစ်လျှင် တစ်ကြိမ် ဆောင်ရွက်လျက်ရှိပါသည်။

သန်းခေါင်စာရင်းမှရရှိသောအချက်အလက်များသည် နိုင်ငံတော်အစိုးရအပါအဝင် ဝန်ကြီးဌာနများနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးနှင့်သက်ဆိုင်ပြီး လူတစ်ဦးချင်းစီက အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကိစ္စရပ်များ၏ ဘက်စုံကဏ္ဍစုံအတွက် မဖြစ်မနေအခြေခံအသုံးပြုရသည့် အချက်အလက်များဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့်လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီစဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား ၁၀ နှစ်အတွင်း မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာသုတေသနပြုလုပ်ပြီး လိုအပ်သည့်မူဝါဒများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက်ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan-MSDP)ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်အညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကောက်ယူနေခြင်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်းဆိုင်ရာမေးခွန်း ၄၁ ခုကိုသာ မေးမြန်းကောက်ယူခဲ့သော်လည်း ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းအချက်အလက်များ ပိုမိုပြီးပြည့်စုံစေရေးအတွက် မေးခွန်း ၂၇ ချက်တိုးမြှင့်၍ သန်းခေါင်စာရင်းဆိုင်ရာမေးခွန်း ၆၈ ခုကို မေးမြန်းကောက်ယူနေခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိကကောက်ယူအကောင်အထည်ဖော်ဆောင်ရွက်နေပြီး ပြည်သူအားလုံးနှင့် သက်ဆိုင်သည့်လုပ်ငန်းဖြစ်သည်။ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းပါ အချက်များမှာ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ၌ အစိုးရအနေဖြင့် လိုအပ်သလိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သောကြောင့် ပြည်သူအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၆၈၈ ဧက စိုက်ပျိုးပြီးစီး

**မြောင်းမြ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၆၈၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၆၈၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ သီးနှံစုံ ၄၆၈၈ ဧကတွင် ဖူးစားပြောင်း ၇၉ ဧက၊ ပဲစင်းငုံ ဧက ၆၀၊ ပရဆေး လေးဧက၊ ကြံ ၂၇၃ ဧက၊ ပီလောပီနံ ၁၂၈၁ ဧက၊ ကန်စွန်း ၁၃၆ ဧက၊ ဟင်းသီးဟင်းရွက်စုံ ဧက ၂၆၀၀၊ ပိန်းဥ ၂၅၅ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြမြို့နယ်အတွင်း သီးနှံစုံ ၄၆၈၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ သီးနှံစုံစိုက်ဧကအားလုံးစိုက်ပျိုးပြီးပါပြီ။ သီးနှံတွေအားလုံး အခက်အခဲမရှိစနစ်တကျစိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တာတွေ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်။ အခုနှစ် မိုးသီးနှံတွေထဲမှာ ဟင်းသီးဟင်းရွက်ကို အများဆုံး စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ သီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် မိုးသီးနှံများအားလုံး အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်တွင် ပဲယဉ်းနီအရောင်းအဝယ် ကောင်းမွန်လျက်ရှိ



**မန္တလေး အောက်တိုဘာ ၃**

ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်တွင် ပဲယဉ်းနီ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော် အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲယဉ်းနီကို ယခုလက်ရှိ အောက်တိုဘာလပထမပတ်မှစ၍ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ဝယ်ယူမှုများပြားလျက်ရှိကြောင်း၊ ယခုလတ်တလောတွင် ပဲယဉ်းနီများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်း အခုလက်ရှိ ပဲယဉ်းနီတွေကို ကုန်သည်တွေ ဝယ်ယူမှုများပြားလာတာကြောင့် အရောင်းအဝယ်ပြန်ကောင်းလာတယ်။ ပြည်ပကို တင်ပို့တဲ့ ပဲယဉ်းနီတွေကိုဝယ်ယူမှုများတာကြောင့် အရောင်းအဝယ်ပြန်ကောင်းလာပါတယ်။ ကုန်စည်ဒိုင်အတွင်းမှာ ပဲယဉ်းနီအရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ အခုလတ်တလော ပြန်ပြီးများလာပါတယ်။ ပဲယဉ်းနီအပြင် အချို့ကုန်စည်ကိုကြိုက်တဲ့ ကုန်သည်တချို့ကတော့ဝယ်သွားတာတွေရှိတယ်။ အခုကတော့ ပဲယဉ်းနီက အဝယ်လိုက်နေတာကြောင့် အရောင်းအဝယ်ပြန်ကောင်းနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ပြည်ပက ပဲယဉ်းနီဝယ်ယူမှုများပြားနေခြင်းကြောင့် ပြည်တွင်းဈေးကွက်အတွင်း အရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက်ရှိပြီး မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပဲယဉ်းနီ ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၄)

## မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးကားဈေးကွက်အတွင်း ကားများ အရောင်းအဝယ်အေးနေပြီး ကြိုက်ရောင်းကြိုက်ဝယ် ပုံစံဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

မော်ဒယ်မြင့်၊ ဈေးနှုန်းမြင့် စလစ်ကပ်ကားများသည် အရောင်းအဝယ်ပိုင်း သိသိသာသာအေးနေပြီး ငွေကျပ်သိန်း ၅၀၀ ခန့် နံပါတ်ထွက်ပြီးသား ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ ဘယ်လ်တာ၊ အေဒီဗင် စသည့်ကားဟောင်းများသာ အရောင်းအဝယ်အနည်းငယ်ရှိနေကြောင်း၊ အဆိုပါကားများ အရောင်းအဝယ် ဖြစ်မှုသည်လည်း ကြိုက်ရောင်းကြိုက်ဝယ် လျှော့ဈေးဖြင့် ရောင်းမှသာ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ကားဈေးတွေက အတက်ဈေးတွေနဲ့ငြိမ်နေပြီး ပြန်ကျမဲ့အလားအလာ မရှိသေးတော့ အရောင်းအဝယ်ဖြစ်တာ အတော်နည်းတယ်၊ ဈေးကွက်ထဲမှာနံပါတ်ထွက်ပြီးသား ကားဟောင်းတွေပဲ အရောင်းအဝယ်ဖြစ်နေတယ်။ EV ကားတွေကတော့အရောင်းအဝယ်ဖြစ်တာအနည်းဆုံးပဲ"ဟု ကားဝယ်ရောင်းပြုလုပ်သူ ဦးဇော်ကြီးက ပြောပြသည်။

လျှပ်စစ်ကား(EV)များသည် ငွေကျပ်သိန်း ၁၃၀၀ ခန့် ပေါက်ဈေးရှိနေပြီး ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ်သိန်း ၂၀၀ ခန့် ဈေးပေါက်နေပြီး Manual ငွေကျပ် ၁၇၅ သိန်းခန့် ဈေးပေါက်နေကြောင်း၊ အခြား ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၇၀၊ အော်တိုငွေကျပ်သိန်း ၁၆၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဆိုင်ကယ် အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှာ ငွေကျပ်ခြောက်သိန်းခန့်ရှိကြောင်း သိရသည်။

ထို့ပြင် လျှပ်စစ်ဆိုင်ကယ်(EV)ဘီးများလည်း အရောင်းအဝယ်ဖြစ်မှု အနည်းငယ်သာရှိကြောင်း၊ လျှပ်စစ်ဆိုင်ကယ်(EV)ဘီးများကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်ပြီး တင်သွင်းသည့် ကုမ္ပဏီအမျိုးအစားအပေါ်မူတည်၍ ဈေးနှုန်းကွာခြားချက်ရှိကာ အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ ငွေကျပ်သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ်အော်တိုဂီယာ နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်ဈေးပေါက်နေပြီး နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များသည် ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်ဈေးရှိကြောင်း၊ ထိုင်းနိုင်ငံထုတ် Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာငွေကျပ်သိန်း ၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးစိုးလွင်-ဒေါ်ထိုက်ဝ့ါ မိသားစုက ဦးဟုတ်-ဒေါ်စွမ်းတီ၊ ဦးစောသောင်း-ဒေါ်ရွှေတုတ်တို့အား ရည်စူး၍ ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင်များအတွက် အလှူငွေကျပ် ၄၂၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

## ငရုတ်ကောင်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ဧက ၄၅၀ စိုက်ပျိုးပြီးစီး



**ငပုတော အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ဧက ၄၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ဧက ၄၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့ ပီလောပီနံလျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ သီးနှံတွေအားလုံးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားရောဂါမကျရောက်စေဖို့ ဝန်ထမ်းတွေက ကြိုတင်ကွင်းဆင်းနည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေကလဲ ပီလောပီနံစိုက်ဖူးတဲ့ အတွေ့အကြုံတွေရှိပါတယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာ ပီလောပီနံကို ဧက ၄၅၀ ထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ပီလောပီနံ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒေသခံတွေ စီးပွားရေးအခွင့်အလမ်းတွေ ကောင်းလာစေဖို့နဲ့ ဒေသစိုက်ပျိုးထုတ်ကုန်တစ်ခု တိုးလာစေဖို့ ပီလောပီနံတွေကို စိုက်ပျိုးတာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့မှ ဒေသခံတောင်သူများ စိုက်ပျိုးသည့် ပီလောပီနံသည် စတင်စိုက်ပျိုးသည့်အချိန်မှ လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ရောင်းချနိုင်ကြောင်း၊ စိုက်ပျိုးထွက်ရှိလာသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း၊ ပီလောပီနံ တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ထိ ပေါက်ဈေးရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## တောင်တွင်းကြီးမြို့နယ် သီလကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သီလကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၂ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ သီလကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြစေလိုကြောင်းဆွေးနွေးမှာကြားခဲ့သည်။

သီလကျေးရွာ၌ အရှည်ပေ ၇၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၁၀ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နှဲ့ယဉ်**

## အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၂၂ ဧက စိုက်ပျိုးမည်

**အင်းတော် အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၂၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၂၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အင်းတော်မြို့နယ်အတွင်း မြေပဲဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ မျိုးကောင်းမျိုးသန့် သုံးစွဲဖို့၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးတွေ ပြုလုပ်သုံးစွဲဖို့ နည်းပညာတွေ ပေးသွားပါမယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်ထံမှ သိရသည်။

(၂၀၆)



# ကမ္ဘာ့ဆရာများနေ့နှင့် မြန်မာ့ဆရာများ၏ဂုဏ်ရည်

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

**အောက်တိုဘာ ၅ ရက်နေ့သည် "ကမ္ဘာ့ဆရာများနေ့" (THE TEACHERS' DAY) ဖြစ်သည်။** တစ်ကမ္ဘာလုံးရှိ ဆရာ၊ ဆရာမအားလုံး၏ကျေးဇူး အထူးထူးကို ဖော်ကျူးဂုဏ်ပြု အမွှန်းတင်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

**ကမ္ဘာ့ဆရာများနေ့ဖြစ်ပေါ်လာပုံ**

ကုလသမဂ္ဂ ပညာသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ချုပ် (UNESCO)သည် **"ဆရာများ၏ ဂုဏ်သိက္ခာ"** (THE STATUS OF TEACHERS)နှင့်စပ်လျဉ်း၍ ပထမဦးစွာ အသေးစိတ်ရေးဆွဲပြုစုခဲ့ပါသည်။ ထိုသို့ရေးဆွဲပြုစုပြီးနောက် ထိုကိစ္စသည် အလုပ်သမားရေးရာနှင့်လည်း သက်ဆိုင်နေသည့်ကိစ္စဖြစ်၍ ယူနက်စကိုအဖွဲ့ချုပ်ကြီးက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်(ILO) နှင့် ထပ်မံဆွေးနွေးညှိနှိုင်းတိုင်ပင်ခဲ့ပါသည်။ ယူနက်စကိုအဖွဲ့ချုပ်နှင့် အိုင်အယ်လ်အိုအဖွဲ့ချုပ် နှစ်ခုသည် ဖော်ပြပါ **"ဆရာများ၏ဂုဏ်သိက္ခာ"** နှင့်စပ်လျဉ်းသည့် ထောက်ခံချက်ကို ထပ်မံရေးဆွဲပြုစုခဲ့ကြပါသည်။

ထိုသို့အဖွဲ့ချုပ်နှစ်ဖွဲ့ ပူးတွဲရေးဆွဲပြုစုရရှိလာသည့် ထောက်ခံချက်ကို အစိုးရအဖွဲ့များ၊ လူမှုရေးဆိုင်ရာအသင်းအဖွဲ့များ တက်ရောက်ကြသည့် **အထူးညီလာခံကြီး**သို့ တင်ပြခဲ့ပါသည်။

၁၉၆၆ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျင်းပခဲ့သော အဆိုပါ **"အထူးညီလာခံကြီး"** နှင့် **"ဆရာများဂုဏ်သိက္ခာ"** (THE STATUS OF TEACHERS) နှင့်ဆိုင်ရာ **"ထောက်ခံချက်"**ကို အညီအညွတ် ဆွေးနွေးလက်ခံ အတည်ပြုပြဋ္ဌာန်းပေးခဲ့သဖြင့် ကမ္ဘာပေါ်တွင် **"ဆရာများဂုဏ်သိက္ခာ"** ထောက်ခံချက် သို့မဟုတ် ပြဋ္ဌာန်းချက်သည် အခိုင်အမာ အတည်ပြုပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

ကမ္ဘာ့ဆရာများသမိုင်းတွင် ထိုသို့ သမိုင်းတွင် သမိုင်းဝင်ဖြစ်ခဲ့ရသည့် ၁၉၆၆ ခုနှစ် **"အောက်တိုဘာ ၅ရက်နေ့"** ကို **"ကမ္ဘာ့ဆရာများနေ့"** (WORLD TEACHERS' DAY) အဖြစ် ကောင်းစွာသတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ဆရာ့အတတ် ဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုသည် သမ္မာအာဇီဝဖြစ်၍ ကောင်းသော မွန်မြတ်သော ဂုဏ်တစ်ရပ်လည်းဖြစ်ကြောင်းကို နိုင်ငံတကာက ခိုင်ခိုင်မာမာ ခံယူထားပြီးဖြစ်ရာ ဤခံယူချက်ကို ကျွန်တော်တို့အားလုံး စနစ်တကျ လက်တွေ့ကျကျ အသုံးချကြဖို့ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့ဆရာများနေ့ကို ၂၀၀၂ ခုနှစ် အောက်တိုဘာ ၅ ရက်မှစ၍ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်အဆင့်အဖြစ် သတ်မှတ်ကျင်းပလာခဲ့ကြောင်း လေ့လာမှတ်သားထားမိပါသည်ဟု ပညာရေး နှင့် စာပေပညာရှင်ကြီး ဒေါက်တာ ဦးသန်းဦးက ဖော်ပြရေးသားခဲ့ပါသည်။

**"လောကကို ပညာနှင့်အလှဆင်သူ၊ သောကကို ကရုဏာနှင့်ဖြေဖျောက်ပေးသူ၊ အများအကျိုးကို ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်ပေးသူကိုဆရာ"** ဟု ခေါ်သည်။

မြန်မာအဘိဓာန်တွင် **"ပညာသင်ကြားပို့ချပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြပေးသူ၊ အတတ်လုပ်ငန်း တစ်ရပ်ရပ်တွင် ကျွမ်းကျင်သူကို ဆရာ"**ဟု ဖွင့်ဆိုထားသည်။

TEACHER

- T = talented (လုပ်ရည်ကိုင်ရည်ရှိခြင်း)
- E = expert (အထူးကျွမ်းကျင်ခြင်း)
- A = action (တက်ကြွခြင်း)
- C = clever (လိမ္မာပါးနပ်ခြင်း)
- H = honest (ရိုးသားဖြောင့်မတ်ခြင်း)
- E = experience(အတွေ့အကြုံများခြင်း)
- R = research (သုတေသနပြုခြင်း)

ဟူ၍TEACHER ဆရာ၏ အဓိပ္ပာယ်ကို အင်္ဂလိပ်စာတစ်လုံးချင်းစီဖြင့် ပညာရှင်တချို့ကလည်း ရှင်းပြထားပါသေးသည်။

ကမ္ဘာတစ်ဝန်းလုံးက အာစရိယမြတ်ဆရာများကို ၁၉၆၆ ခုနှစ်ကစ၍ ဂုဏ်ပြုအမွှန်းတင်နေကြသော်လည်း ကျွန်တော်တို့ မြန်မာလူမျိုးများကတော့ ရှေးပဝေသဏီကတည်းက သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဆရာ၊ ဆရာမများအားလုံးကို အနန္တကျေးဇူးရှင်များအဖြစ် နှလုံးသွင်းကြည်ညိုပူဇော်ကန်တော့ခဲ့ကြပါသည်။ သားစဉ်မြေးဆက်လည်း အရိုးစွဲကိုးကွယ်ဆည်းကပ် ကျေးဇူးဆပ်ခဲ့ကြပါသည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးတိုင်းသည် အနန္တော အနန္တဂိုဏ်းဝင် ဆရာဆရာမများကို နေ့စဉ်ညစဉ် ရှိခိုးပူဇော် ကန်တော့နေကြလေ့ရှိရာ ကမ္ဘာ့ဆရာများနေ့၏ရည်ရွယ်ချက်များနှင့် အလွန်ပင်ထူးခြားကွဲပြားမှုရှိပါသည်။ ဆိုလိုတာက ကမ္ဘာ့ဆရာများနေ့ အောက်တိုဘာ ၅ ရက်ကျရောက်မှ ဂုဏ်ပြုပူဇော် ကန်တော့နေခြင်းမဟုတ်ဘဲ အမြဲထာဝရ ဂုဏ်ပြုအားထား ပူဇော်ကန်တော့နေခြင်းဖြစ်ပါသည်။

ဆရာ့ဝတ္တရားငါးပါးနှင့်ပြည့်စုံပြီး စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာဟူသော နာလေးနာနှင့် ပြည့်စုံသည့် ဆရာ၊ ဆရာမများကို အနန္တော အနန္တ ငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော **"အာစရိယ ဂုဏောအနန္တော"**ဟုပင် ကျေးဇူးတရားကို တန်ဖိုးထား သတ်မှတ်ကာ၊ ပူဇော်မှုအစုစုကို ပြုကျင့်နေကြပါသည်။ ကျေးဇူးတရားနှင့်ပတ်သက်၍ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတည်းဟူသော အမြတ်ဆုံး ကျေးဇူးရှင်ငါးပါးထဲတွင် တစ်ဂိုဏ်းတည်း၊ တစ်ထပ်တည်း၊ ထပ်တူကျစွာ၊ ဂုဏ်ပြုအမွှန်းတင်ထားခြင်းကို ထောက်ရှုခြင်းအားဖြင့် ဆရာ့ဂုဏ်ကျေးဇူးအထူးထူးကို ချီးကျူးဂုဏ်ပြုပူဇော်ကန်တော့နေကြပါသည်။

တစ်ကမ္ဘာလုံးနှင့်ပတ်သက်နေသော **"ကမ္ဘာ့ဆရာများနေ့"** ကို ၁၉၆၆ ခုနှစ်၊ အောက်တိုဘာ ၅ ရက်နေ့မှစတင်၍ သတ်မှတ်ခဲ့သော်လည်း မြန်မာနိုင်ငံတွင်မူ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာ ၅ ရက်မှ စတင်၍ **"ကမ္ဘာ့ဆရာများနေ့" (WORLD TEACHERS' DAY)**ကို ကျင်းပခဲ့ရာ ၂၃ ကြိမ်မြောက် ခရီးသို့ရောက်ခဲ့လေပြီ။

မြန်မာနိုင်ငံတွင်မူ ကမ္ဘာ့ဆရာများနေ့တွင် ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးများကို ဖော်ထုတ်အမွှန်းတင် ဂုဏ်ပြုခြင်း၊ စာပေပြိုင်ပွဲများကျင်းပပေးခြင်း၊ ထူးချွန်ဆရာ၊ ဆရာမများကို ရွေးချယ်ချီးမြှင့်ခြင်း စသည်ဖြင့် နှစ်စဉ် ဆောက်ရွက်နေခဲ့ကြပါသည်။ ဝါလကင်းလွတ် သီတင်းကျွတ် အခါသမယတွင် ကိုယ်နှင့်နီးစပ်ရာ ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့ကြလေ့ရှိပါသည်။

ထိုအစဉ်အလာများကိုထိုးဖောက်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများစုပေါင်း၍ ဆရာ၊ ဆရာမ (အငြိမ်းစား)များကို ပူဇော်ကန်တော့ပွဲများ ကျင်းပလာခဲ့ကြသည်။ အစကတော့ တစ်ကျောင်း နှစ်ကျောင်းက နှစ်စဉ်ကျင်းပခဲ့ရာမှ အခြားကျောင်းတွေကပါ အားကျလာကြပြီး ကျင်းပလာခဲ့ကြသည်။ မြို့နယ်အသင်းတွေကလည်း ကြီးမှူးကျင်းပလာခဲ့ကြရာ တစ်မြို့နယ်လုံးရှိ အငြိမ်းစားဆရာ၊ ဆရာမကြီးများအားလုံး (ရပ်ဝေးရပ်နီး) မကျန် ဖိတ်ကြားကန်တော့နေကြပါသည်။

> ❖ဆရာ့ဝတ္တရားငါးပါးနှင့်ပြည့်စုံပြီး စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာဟူသော နာလေးနာနှင့်ပြည့်စုံသည့် ဆရာ၊ ဆရာမများကို အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ''အာစရိယဂုဏောအနန္တော''ဟုပင် ကျေးဇူးတရားကို တန်ဖိုးထား သတ်မှတ်ကာ၊ ပူဇော်မှုအစုစုကို ပြုကျင့်နေကြပါသည်။ ကျေးဇူးတရားနှင့်ပတ်သက်၍ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတည်းဟူသော အမြတ်ဆုံး ကျေးဇူးရှင်ငါးပါးထဲတွင် တစ်ဂိုဏ်းတည်း၊ တစ်ထပ်တည်း ထပ်တူကျစွာ ဂုဏ်ပြုအမွှန်းတင်ထားခြင်းကို ထောက်ရှုခြင်းအားဖြင့် ဆရာ့ဂုဏ်ကျေးဇူးအထူးထူးကို ချီးကျူးဂုဏ်ပြုပူဇော်ကန်တော့နေကြပါသည်။❖

အထူးသဖြင့် ဆောင်းရာသီတွင် နိုင်ငံအနှံ့အပြား၌ အာစရိယပူဇော်ကန်တော့ပွဲများ စဉ်ဆက်မပြတ် လှုပ်ရှားကျင်းပကြလေ့ရှိပါသည်။ ထိုနည်းတူ စာဆိုတော်နေ့ဝန်းကျင်ဖြစ်သောကြောင့် စာပေဟောပြောပွဲများနှင့်ပူးတွဲပြီး အာစရိယပူဇော်ပွဲများကိုပါ ကျင်းပလာခဲ့ကြပါသည်။ စာရေးဆရာ၊ ဆရာမများလည်း ကျောင်းသား၊ ကျောင်းသူဟောင်း (တပည့်ဟောင်း) များနှင့်ရောပြီး သက်ကြီးပုဂ္ဂိုလ် အငြိမ်းစား ဆရာ၊ ဆရာမကြီးများကို ကန်တော့နေခဲ့ကြရာ ပီတိဖြာနေကြရပါသည်။ ဒေသခံတပည့်ဟောင်းများနှင့်အတူ ငယ်မူငယ်သွေး ကျောင်းသူ၊ ကျောင်းသားစိတ်များ ဝင်ရောက်လာကြကာ သူတို့နည်းတူ ကြည်နူးလာကြပါသည်။

ဂန္ထဝင်အဆိုတော်ကြီး တွံတေးသိန်းတန်၏ **"အသီးတစ်ရာ အညှာတစ်ခု"** ဂန္ထဝင်တေးသံက နေရာအနှံ့အပြားမှာ လွင့်ပျံ့လျက်ရှိနေရာ နားဝင်ပီယံ ရှိလှပါပေသည်။ နားဆင်ကြရသူတိုင်း ငယ်ဘဝ၊ ငယ်ကျောင်း၊ ငယ်ဆရာ၊ ဆရာမများကို ပြန်လည်သတိရကြ၊ လွမ်းဆွတ်တမ်းတကြ ခံစားကြရပါသည်။

**"ကျောင်းရိပ်မှာခို၊ ကောင်းစိတ်သဒ္ဓါပိုတဲ့ ဆရာအိုတို့ တချို့တိမ်းခဲ့ပြီမို့၊ စိမ်းလဲ့ရီ မိခင်ရင်းဆီသို့၊ ငယ်ချင်းတွေဆုံချင်စမ်းပါဘိ"** ဟူ၍ ကွယ်လွန်သွားရာပြီဖြစ်သော အငြိမ်းစားအထက်တန်းမြန်မာစာပြဆရာကြီး သက်ကြီးကန်တော့ခံစာပေပညာရှင်ကြီး ဦးရွှေဝိုင်း (ရွှေငယ်ဝိုင်း-ကြို့ပင်ကောက်) ၏ ဆရာကန်တော့ပွဲ ဖိတ်ကြားလွှာပါ ကဗျာလေးကလည်း ဘယ်သောအခါမှ မရိုးနိုင်ကြဘဲ နှလုံးသားထဲတွင် စွဲထင်နေကြဆဲပင်။

တစ်နှစ်တစ်ကြိမ် ငယ်ပေါင်းရောင်းရင်းတွေ ဆုံတွေ့ကြရလေတိုင်း ငယ်ဘဝကို ပြန်လည်သတိရကြပြီး နုပျိုစိတ်တွေနိုးကြွလာကြကာ ငယ်မူပြန်လာလေ့ရှိကြသည်။ ငယ်ဆရာတချို့ကို မတွေ့ကြရပြန်တော့ မျက်ရည်စို့ကြရလေသည်။ တွေ့ကြရသည့် ဆရာအိုများကလည်း တပည့်တွေကိုကြည့်ပြီး ပီတိမျက်ရည်ဝဲကြလေ့ရှိသည်။ တပည့်တွေ၏ မချိမျက်ရည်များနှင့် ဆရာအိုကြီးများ၏ ပီတိမျက်ရည်များ အားပြိုင်နေကြသည့် အာစရိယပူဇော်ကန်တော့ပွဲများကို ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ရှိပေလိမ့်မည်။

တက္ကသိုလ်ကျောင်းသားကျောင်းသူဟောင်းတွေကလည်း ဘာသာရပ်အလိုက် အာစရိယပူဇော်ကန်တော့ပွဲများကို နှစ်စဉ်မပျက်ကျင်းပနေကြလေရာ စိတ်ပညာကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ကန်တော့ပွဲ၌ **"ဆရာတက္ကသိုလ်ဘုန်းနိုင်"** က သူရေးစပ်ထားသောကဗျာကို သူကိုယ်တိုင်ရွတ်ဆိုရှင်းပြ ဩဝါဒပေးခဲ့ဖူးပါသည်။

**"အမုန်းဆိုတာ အမေမသိသည့်ပမာ၊ ပုန်းရှောင်တယ်ဆိုတာ လစန္ဒာမှာမရှိပါ"** တဲ့။ မိခင်တိုင်းသည် သားသမီးများကို ဘယ်တော့မှ မုန်းရိုးထုံးစံမရှိသလို အလင်းရောင်နှင့် အေးရိပ်ကိုပေးနေကြသော လစန္ဒာနှင့် ပမာတူ ကြသည့် ဆရာ၊ ဆရာမများသည် တပည့်များကို ဘယ်တော့မှ ပုန်းရှောင်နေရိုးမရှိကြဘဲ ထာဝစဉ်စောင့်ကြို ပျိုးထောင်ပေးနေချင်ကြသူတွေပါဟု ဆရာ့စေတနာကို လှစ်ဟကြေညာသွားခဲ့ရာ ယနေ့တိုင် ကြားယောင်နေဆဲပါ။

**"ခေါင်းကနင်းလည်း၊ ငါမငြင်းဘူး၊ ခြေကတက်လည်း၊ ငါမျက်ဘူး၊ ထက်ပိုင်းကျိုးချင်ကျိုးပါစေ"** ဟု **"ဆရာကြီးရွှေငယ်ဝိုင်း (ကြို့ပင်ကောက်)"**က ဆရာအိုကြီးများ၏ဘဝကို **"တံတားအို"** များအဖြစ် ပမာထားရေးသားထားရာ အနက်သဘောအားဖြင့် ကျယ်ပြောလှပါဘိ။ တံတားအိုလေးမှာ နှစ်ပေါင်းများစွာ လူတကာတို့ ဖြတ်ကျော်ကူးလျက် လိုရာခရီးနှင်ကြရင်း ဆင်းသူဆင်း၊ တက်သူတက်၊ နင်းသူနင်း၊ ကျော်သူကျော်၊ ငြိုငြင်မှုမရှိ၊ ပကတိကြည်ဖြူစွာ လူတကာလျှောက်လှမ်းနိုင်ရေးအတွက် လမ်းဖောက်ပေးခဲ့သည်။ လူများသည် ဤတံတားအိုလေးပေါ်မှ လှမ်းခဲ့ကျော်ခဲ့၊ လိုရာခရီးတွေရောက်ခဲ့၊ ပေါက်ခဲ့ကြလေပြီ။ ဤတံတားအိုလေးသည်ကား သွားလေသူအပေါင်း လိုရာခရီးရောက်အောင် ထောက်ပံ့ကူညီလိုက်ရသည်ကိုပင် ကျေနပ်ပီတိဖြစ်နေသည်။ ခေါင်းကပဲ နင်းနင်း၊ ခြေကပင် တက်တက်၊ ထက်ပိုင်းကျိုးချင် ကျိုးသွားပါစေ အနစ်နာခံနိုင်ပါသည်ဟု ဆရာကောင်းတို့၏ စေတနာ၊ အနစ်နာ၊ မေတ္တာကိုဖော်ညွှန်းပြဆိုထားခြင်းဖြစ်ပါသည်။

ဆရာကြီးဂုဏ်ထူးဦးသိန်းနိုင်ကလည်း **"ကျောက်သွေးဆရာ အသွေးမခံရတဲ့ ကျောက်မျက်ဟာ ဘယ်တော့မှ ရောင်းတန်းဝင်ကျောက်မျက်ရတနာ ဖြစ်လာမှာမဟုတ်ဘူး။ ပန်းပုဆရာအထုမခံရတဲ့ ယမနေသားဟာ ဘယ်တော့မှ ယမနေယမင်းရုပ်တု ဖြစ်လာမှာမဟုတ်ဘူး။ ကျောက်ဆစ်ဆရာ ထုဆစ်ခြင်းမခံရတဲ့ကျောက်တုံးဟာ ဘယ်တော့မှ အများကြည်ညိုပူဇော်ခံရတဲ့ ဗုဒ္ဓရုပ်ပွားတော် ဖြစ်လာမှာမဟုတ်ဘူး။ ထိုနည်းတူစွာ ဆရာမပြ နည်းမကျဆိုသလို ဆရာနဲ့ကင်းကွာကြသူတိုင်းဟာ ဘာမှဖြစ်ထွန်းလာကြမှာမဟုတ်ဘူး။"**ဟု ဆရာများ၏ အရေးပါအရာရောက်မှုကို သာဓကပြု ပြောဆိုလမ်းညွှန်ခဲ့ပါသည်။

သို့သော် **"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့"**

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီကေ ၁၂၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၁၂၃၀ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ကြက်သွန်နီဧက ၁၉၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၈၄၇ ဧကနှင့်မြင်းမူမြို့နယ်တွင် ၃၈၃ ဧက စုစုပေါင်း ဧက ၁၂၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ကြက်သွန်နီဧက ၁၉၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၃၀စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ကတော့ ပုံမှန်အတိုင်းပါပဲ။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက် ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၆၁၁ ဧကနှင့်မြင်းမူမြို့နယ်တွင် ၃၃၉ ဧက စုစုပေါင်း ဧက ၁၉၅၀ တို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်အတွင်းရှိ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်စိုက်တောင်သူများအနေဖြင့် ကြက်သွန် တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့်ရှိပြီး တစ်ဧကအထွက်နှုန်း ပိဿာ ၅၀၀၀ ခန့် ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီအများဆုံးစိုက်ပျိုးကြသည့်မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

## ဝေစည်ဖြိုးရေး ထိန်းသိမ်းပေး

- ဘိုးဘွားအမွေ မြန်မာ့မြေသည်
ရေကြည်ချောင်းမြစ် စီးခွေရစ်၏။

- ဘိုးဘွားအမွေ မြန်မာ့မြေသည်
ရွှေရည်စပါး လွန်ပေါ်များ၏။

- ဘိုးဘွားအမွေ မြန်မာ့မြေသည်
စေတီပုထိုး ဘုန်းသစ်တိုး၏။

- ဘိုးဘွားအမွေ မြန်မာ့မြေ၌
ငွေရည်ဖြန့်ခင်း ပန်းတစ်သင်းနှင့်
လှချင်းတူပြိုင် ရနံ့လှိုင်လျက်
မွှေးကြိုင်လှဆင့် ပင်ယံတင့်၏။

- သြော်...
ကြည့်လေရာရာ အလှဖြာလျက်
သာယာရွှင်လန်း ပွင့်သည့်ပန်းနှင့်
တောင်တန်းဆိုင်းဆို့ မှိုင်းညို့ညို့ဖြင့်
တို့ဘိုးဘွားများ အမွေထားခဲ့
သားမြေးဆက်တွေ မြန်မာ့မြေကို
ဝေစည်ဖြိုးရေး ထိန်းသိမ်းပေးလော့။ ။

**အောင်ခိုင်(တောင်ကုတ်)**

➤စာမျက်နှာ ၄ မှအဆက်

ဟူသော **"မဃဒေဝလင်္ကာ"**လာ ဆုံးမစာအရ ဆရာပီသသူများက တပည့်ဟောင်းများကို တွေ့ချင်မြင်ချင်နေကြချိန်တွင် တပည့်ဟောင်းများက အာစရိယပူဇော်ပွဲများ ကျင်းပလာကြသောအခါ အတိုင်းမရှိ ပီတိဖြစ်ကြလေ့ရှိပါသည်။

ထိုနေရာတွင် **"နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့"** ဟု ဆိုဆုံးမခဲ့သည့် ဆရာ၊ ဆရာမတို့၏ စေတနာမေတ္တာကို ယနေ့မျိုးဆက်သစ်များနှင့် အချို့မိဘအုပ်ထိန်းသူများကို သိမြင်ဆင်ခြင်ကြစေချင်ပါသည်။

အိုးဖုတ်သမားသည် ကိုယ်လုပ်သည့်အိုး လှပခိုင်ခံ့အောင် နာနာရိုက်ခတ်၍ မီးထဲသို့ထည့်ကြရပါသည်။ ထိုနည်းတူ ဆရာ၊ ဆရာမများသည် ကိုယ့်တပည့် ကောင်းစားရေးအတွက် ကရုဏာဒေါသောဖြင့် ရိုက်နှက်ဆုံးမိတတ်ကြပါသည်။ ဤသည်ကို အကဲဆတ်ကြသည့် မိဘအုပ်ထိန်းသူတချို့က ခံပြင်းဒေါသဖြင့် ဆရာ၊ ဆရာမများကိုအမှုဖွင့် အရေးယူခဲ့ကြပါသည်။ ထို့ကြောင့် တပည့်တချို့ကလည်း ဆရာ၊ ဆရာမများကို မခန့်လေးစားပြုမူလာခဲ့ကြသည်။ မထီမဲ့မြင် တုံ့ပြန်လာကြသည်။ ရိုင်းစိုင်းလာကြသည်။ အချို့မိဘအုပ်ထိန်းသူများနှင့် အချို့တပည့်ရိုင်းများကြောင့် **"အာစရိယဂုဏော အနန္တော"**ဟူသော အနန္တဂိုဏ်းတစ်ဂိုဏ်းပင် ပျောက်ကွယ်သွားမှာကို စိုးရိမ်ဖွယ်ရာကောင်းနေပါသည်။

တကယ်တော့ ဆရာစစ်စစ်၊ ဆရာမ စစ်စစ်တို့မည်သည်မှာ ပန်းချီးသူများမဟုတ်၊ ပန်းပျိုးသူ ဥယျာဉ်မှူးများသာဖြစ်ကြပါသည်။ တပည့်များကို အလင်းရောင်ပေးရင်း အိုမင်းသွားကြသော ဆရာအိုကြီးများသည် မီးစာလည်းတို၊ ဘဝလည်းပြိုသည့် ဖယောင်းတိုင်များနှင့် တူလှပါသည်။ သစ်ခုတ်သမားအိုကြီးတွေနှင့်တူကြသော ဆရာအိုကြီးများသည် သစ်တောထဲမှ မိမိတို့ခုတ်ထွင်ပေးလိုက်သော သစ်အားလုံးကို အသုံးဝင် မျက်နှာပန်းလှသော စန္ဒကူးသား အမွှေးအကြိုင်တွေပဲဖြစ်စေချင်ကြတာ စေတနာအမှန်၊ မေတ္တာအမှန်၊ အကြင်နာအမှန်ပင် ဖြစ်ပါသည်။

သို့သော် ဂုဏ်ထူးရသူများကို ဝယ်ယူကြော်ငြာနေကြသော ပညာရေးဗန်းပြ လုပ်စားနေကြသူများနှင့် အသပြာဆရာအနည်းငယ်ကြောင့် အစိုးရကျောင်းများရှိ ဆရာစစ်စစ်၊ ဆရာမစစ်စစ်များကို ထိခိုက်နေပါသည်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်သည့်ပမာ ဆရာ၊ ဆရာမ အများစု၏ ဂုဏ်သိက္ခာကို အနည်းနှင့်အများဆိုသလို ကျဆင်းစေပါသည်။

မည်သို့ပင်ဆိုစေကာမူ **"ပညာချို့တဲ့၊ ကျေးဇူးမဲ့က၊ ဆုတ်သည့်လသို့၊ ခဏမကြာ၊ ရွှေ့လျောရာ၏၊ ပညာမြင်မြော်၊ သူတော်အစစ်၊ ဖြစ်လာခဲ့က၊ ဆန်းသစ်လသို့၊ ကြွယ်ဝကုံလုံ၊ ဤလူ့ဘုံ၌၊ လုံးစုံဦးညွှတ်၊ ခမြဲဝတ်လျက်"** ဟု **"မဃဒေဝလင်္ကာ"**တွင် ဆိုဆုံးမထားရာ ဆရာနှင့် မကင်းသောတပည့်မှန်သမျှသည် **"ကမ္ဘာ့ဆရာများနေ့"** မှာသာမက မြန်မာ့ယဉ်ကျေးမှုဓလေ့အရ ဆရာ၊ ဆရာမများကို နေ့စဉ်နှင့်အမျှ ထာဝရရိုသေလေးစား ဦးညွှတ်ဂုဏ်ပြုပူဇော်နေကြသင့်ပါသည်။

# နိုင်ငံတကာ သတင်းများ

## အရှေ့အလယ်ပိုင်းဒေသ စစ်ရေးတင်းမာမှုများလျှော့ချရေး လုံခြုံရေးကောင်စီကို တရုတ်နိုင်ငံတိုက်တွန်း




**နယူးယောက် အောက်တိုဘာ ၃**

အရှေ့အလယ်ပိုင်းဒေသ စစ်ရေးတင်းမာမှုများကို လျှော့ချရေးအတွက် အရေးတကြီးတုံ့ပြန်ဆောင်ရွက်ရန် တရုတ်နိုင်ငံက အောက်တိုဘာ ၂ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ တောင်းဆိုခဲ့ကြောင်း သိရသည်။

အစ္စရေးနှင့် လက်ဘနွန်ကြား စစ်ရေးပဋိပက္ခကို ရပ်တန့်ရေးအတွက် စုစုစည်းစည်းပြတ်ပြတ်သားသားတောင်းဆိုရန် လိုအပ်ကြောင်း တရုတ်အစိုးရ၏ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် ဖူချောင်က အောက်တိုဘာ ၂ ရက် လုံခြုံရေးကောင်စီအစည်းအဝေး၌ပြောကြားခဲ့သည်။

အီရန်နိုင်ငံက အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် အရှေ့အလယ်ပိုင်းစစ်ရေးတင်းမာမှုများလျှော့ချပေးရန် ကုလသမဂ္ဂလုံခြုံရေး ကောင်စီကို တရုတ်နိုင်ငံက တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံသည် အောက်တိုဘာ ၁ ရက်တွင် အစ္စရေးနိုင်ငံကို ဒုံးကျည်အနည်းဆုံး အစင်းရေ ၁၈၀ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အများအပြားကို အစ္စရေးလေကြောင်းရန် ကာကွယ်ရေးတပ်များက တားဆီးနိုင်ခဲ့သော်လည်း အချို့ဒုံးကျည်များ အစ္စရေးနယ်မြေများပေါ်သို့ ကျရောက်ခဲ့သည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည့်အတွက် လက်တုံ့ပြန်သည့်အနေဖြင့် အီရန်က အစ္စရေးကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

အီရန်၏ အောက်တိုဘာ ၁ ရက် ဒုံးကျည်တိုက်ခိုက်မှုကို ပြန်လည်တုံ့ပြန်မည်ဟု အစ္စရေးအစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အာရှပြဿနာများအတွက် တရုတ်နှင့် အမြင်ချင်းတူကြောင်း ရုရှားအစိုးရပြောကြား

**မော်စကို အောက်တိုဘာ ၃**

ရုရှားနိုင်ငံအနေဖြင့် ထိုင်ဝမ်ပြဿနာအပါအဝင် အာရှပြဿနာများအတွက် တရုတ်နိုင်ငံနှင့် ရပ်တည်ချက်ချင်း တူညီကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗရော့ဗ်က ယနေ့တွင်ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားပြည်တွင်းထုတ်သတင်းစာ တစ်စောင်ဖြစ်သောရော့စလစ်ကာယာဂါဇီတာအမည်ရှိ သတင်းစာ၌ ရေးသားထားသည့် ဆောင်းပါးတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးက အဆိုပါအတိုင်း ပြောကြားထားခြင်းဖြစ်သည်။

ထို့ပြင် ယူကရိန်းစစ်ပွဲနှင့်ပတ်သက်၍ တရုတ်နိုင်ငံက ကိုင်စွဲထားသည့်မူဝါဒလမ်းစဉ်ကိုလည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက အဆိုပါဆောင်းပါး၌ ချီးကျူးထားသည်။

အလားတူ အာရှ-ပစိဖိတ်ဒေသ၌ အနောက်အုပ်စုနေရာယူလာမှုနှင့်ဆက်စပ်နေသော ကိစ္စများတွင်လည်း ရုရှားနှင့်တရုတ်တို့ကြား ရပ်တည်ချက်ချင်းတူညီနီးစပ်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီး၏ဆောင်းပါး၌ ရေးသားထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံနှင့် အပေါင်းပါနိုင်ငံများသည် ထိုင်ဝမ်ရေလက်ကြား အခြေအနေကို ဖျက်ဆီးရေးအတွက်ရည်ရွယ်ချက်ရှိရှိကြိုးပမ်းနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ရေးသားထားသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည်အဆိုပါ ဆောင်းပါးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်မှု ၇၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရေးသားထားခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO




## အာဆီယံထိပ်သီးညီလာခံ၌ ဂျပန်နှင့်တောင်ကိုရီးယားခေါင်းဆောင်များ တွေ့ဆုံမည်

**ဆိုးလ် အောက်တိုဘာ ၃**

တောင်ကိုရီးယား သမ္မတ ယွန်းဆွတ်ယိုးနှင့်ဂျပန်ဝန်ကြီးချုပ်သစ် အီရှီဘာတို့သည် လာမည့်ရက်သတ္တပတ်အတွင်းကျင်းပမည့် အာဆီယံထိပ်သီး ညီလာခံကာလ အတွင်း သီးခြားတွေ့ဆုံဆွေးနွေး မည်ဖြစ်ကြောင်း တောင်ကိုရီးယား မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယား သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် အောက်တိုဘာ ၂ ရက်တွင် ဖုန်းခေါ်ဆွေး နွေးခဲ့ကြပြီးနောက် အာဆီယံ ထိပ်သီးညီလာခံကာလ၌ သီးခြား တွေ့ဆုံဆွေးနွေးရန် သဘောတူခဲ့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား သံခင်း တမန်ခင်း လုပ်ငန်းစဉ်ကို ဆက်ထိန်းထားကြရန် အောက်တိုဘာ ၂ ရက် ဖုန်းခေါ်ဆိုဆွေးနွေး ပွဲတွင် တောင်ကိုရီးယားနှင့်ဂျပန် ခေါင်းဆောင်များက သဘောတူ ထားကြောင်း သိရသည်။

အောက်တိုဘာ ၆ ရက်နှင့် ၁၁ ရက်အကြား ခရီးစဉ်အတွင်း တောင်ကိုရီးယားသမ္မတယွန်းဆွတ် ယိုးသည် လာအိုတွင်ကျင်းပမည့် အာဆီယံထိပ်သီးညီလာခံများကို တက်ရောက်၍ ဖိလစ်ပိုင်နိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ ဆက်လက် သွားရောက်မည် ဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ်သစ် အီရှီဘာ သည် စက်တင်ဘာ ၂၇ ရက် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်ရွေးချယ်ပွဲ၌ အနိုင် ရခဲ့ပြီးနောက် အောက်တိုဘာ ၁ ရက်တွင် ဂျပန်ဝန်ကြီးချုပ်တာဝန် ကို စတင်ရယူခဲ့သည်။

ဂျပန်နှင့် တောင်ကိုရီးယား အကြား ဆက်ဆံရေးမှာ ယခင်က မကျေမလည် ရှိခဲ့ရသော်လည်း ပြီးခဲ့သည့် နှစ်များအတွင်း ပြန်လည် နွေးထွေးလာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ကုလအကြီးအကဲ အန်တိုနီယိုဂူတာရက်စ်ကို အစ္စရေးအစိုးရ ပြည်ဝင်ခွင့်ပိတ်ပင်

**ဂျေရုဆလင် အောက်တိုဘာ ၃**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ကိုအစ္စရေး အစိုးရက အောက်တိုဘာ ၂ ရက်တွင် မလိုလားအပ်သူအဖြစ် ကြေညာ၍ ပြည်ဝင်ခွင့်ပိတ်ပင်ခဲ့ ကြောင်း သိရသည်။

အစ္စရေးနိုင်ငံကို အီရန်နိုင်ငံက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက် မှုကို ပြတ်ပြတ်သားသားရှုတ်ချ ခြင်းမရှိခဲ့သည့်အတွက် ကုလ သမဂ္ဂအကြီးအကဲ အန်တိုနီယို ဂူတာရက်စ်ကို မလိုလားအပ်သူ အဖြစ်ကြေညာ၍ ပြည်ဝင်ခွင့် ပိတ်ပင်ထားကြောင်း အစ္စရေးနိုင်ငံ ခြားရေးဝန်ကြီး အစ္စရေးကတ်ဇ်က အောက်တိုဘာ၂ရက်တွင် ကြေညာ ခဲ့သည်။

အစ္စရေးအား အီရန်နိုင်ငံက တိုက်ခိုက်မှုကို ပြတ်ပြတ်သားသား ရှုတ်ချမှုမရှိသည့် မည်သူမဆို အစ္စရေးမြေပေါ်၌ ခြေမချသင့် ကြောင်း အစ္စရေးနိုင်ငံခြားရေး ဝန်ကြီးက ပြောကြားခဲ့သည်။

သို့ရာတွင် ကုလသမဂ္ဂ အကြီးအကဲအား ပြည်ဝင်ခွင့် ပိတ်ပင်မှုကိုအစ္စရေးအတွက် အပြု သဘောမဆောင်သည့် ဆုံးဖြတ် ချက်အဖြစ် အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြား ထားသည်။

အလားတူ ကုလသမဂ္ဂလုံခြုံ ရေးကောင်စီနှင့် စပိန်နိုင်ငံတို့က လည်း အစ္စရေး၏ဆုံးဖြတ်ချက်ကို ဝေဖန်၍ ကုလသမဂ္ဂအကြီးအကဲ ကို ထောက်ခံကြောင်း ကြေညာ ထားသည်။

အီရန်နိုင်ငံက အစ္စရေးနိုင်ငံကို အောက်တိုဘာ ၁ရက်တွင် ဒုံးကျည် များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး နောက် ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယိုဂူတာရက်စ် သည် ကြေညာချက်တစ်ရပ်ထုတ်ပြန်၍ အရှေ့အလယ်ပိုင်း ပဋိပက္ခ ကျယ်ပြန့်လာမှုကို ဝေဖန်ရှုတ်ချ ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## နိုင်ဂျီးရီးယားနိုင်ငံ၌ ရေယာဉ်တိမ်းမှောက်မှုဖြစ်ပွား အနည်းဆုံး လူပေါင်း ၆၀ သေဆုံး

**အဘူဂျာ အောက်တိုဘာ ၃**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း နိုင်ဂျာပြည်နယ်၌ ယခုရက်သတ္တ ပတ်အတွင်း ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ အနည်းဆုံး လူပေါင်း ၆၀ သေဆုံးခဲ့ ကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူ များက ယနေ့တွင် ပြောကြား ခဲ့သည်။



အဆိုပါရေယာဉ်သည် ဘာသာ ရေးပွဲတော် တစ်ခုမှအပြန်တွင် ဟာဂျီကိုခရိုင် နိုင်ဂျာမြစ် အတွင်း အောက်တိုဘာ ၁ ရက် ညပိုင်းတွင် နစ်မြုပ်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

၎င်းရေယာဉ်ပေါ်တွင် ခရီး သည် ၃၀၀ နီးပါးလိုက်ပါလာခဲ့ပြီး ၁၆၀ ခန့်ကို ကယ်တင်နိုင်ခဲ့ ကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူ များက ပြောကြားခဲ့သည်။

ရေယာဉ်ပေါ် လိုက်ပါလာသူ အများစုမှာ အမျိုးသမီးများ နှင့် ကလေးများဖြစ်ကြကြောင်း နိုင်ဂျီးရီးယား တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။


လက်ရှိအချိန်တွင် ရေယာဉ် နစ်မြုပ်မှုအကြောင်းရင်းကို မသိရ သေးဘဲ တာဝန်ရှိသူများက စုံစမ်း စစ်ဆေးရေးလုပ်ငန်းများ လုပ် ဆောင်နေဆဲဖြစ်သည်။

ခရီးသည်နှင့် ကုန်စည်ကို သတ်မှတ်တန်ချိန်ထက် ပိုမိုတင် ဆောင်ခြင်း၊ ရေယာဉ်ပြုပြင် ထိန်းသိမ်းမှု ညံ့ဖျင်းခြင်းများ ကြောင့် နိုင်ဂျီးရီးယားနိုင်ငံ၌ ရေယာဉ်မတော်တဆမှုများဖြစ်ပွား တတ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ဗွိုင်ယေဂျာ-၂ အာကာသယာဉ် စူးစမ်းလေ့လာရေးစနစ်များအနက် တစ်ခုကို နာဆာက လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းထား



**ဝါရှင်တန် အောက်တိုဘာ ၃**

စွမ်းအင်ဖြည့်ဆည်းနိုင်မှုနည်းပါးလာခြင်းကြောင့် ဗွိုင်ယေဂျာ-၂ အာကာသယာဉ် စူးစမ်းလေ့လာရေးစနစ်များအနက် တစ်ခုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းထားကြောင်း အောက်တိုဘာ ၂ ရက်သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်၏ စွမ်းအင်ဖြည့်ဆည်းနိုင်စွမ်း ပြဿနာအတွက် အာကာသယာဉ်တွင် တပ်ဆင်ထားသည့် စူးစမ်းလေ့လာရေး ၁၀ မျိုးအနက် ခြောက်မျိုးကို ရပ်တန့်ထားပြီးဖြစ်သည်။

သို့ရာတွင် မိမိတို့အနေဖြင့် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်၏ စွမ်းအင်ပြဿနာကို ဖြေရှင်းရေးအတွက် သတ္တမမြောက် စူးစမ်းလေ့လာရေးစနစ်ကို ထပ်ပိတ်ထားကြောင်း နာဆာအဖွဲ့က အောက်တိုဘာ ၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဗွိုင်ယေဂျာ-၂ အာကာသယာဉ်၏ သတ္တမမြောက် စူးစမ်းလေ့လာရေးစနစ်ကို နာဆာ အင်ဂျင်နီယာများက စက်တင်ဘာ ၂၇ ရက်ကပင် လုပ်ငန်းလည်ပတ်မှုရပ်တန့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၁၉၇၇ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် လွှတ်တင်ခဲ့သော ဗွိုင်ယေဂျာ-၂ အာကာသယာဉ်သည် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် နေအဖွဲ့အစည်းကို လွန်မြောက်၍ ကြယ်တာရာ ဟင်းလင်းပြင်အတွင်း စတင်ဝင်ရောက်ခဲ့သည်။

လက်ရှိတွင် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၂ ဒသမ ၈ ဘီလီယံအကွာတွင် ရောက်ရှိနေကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဟီရာဂြိုဟ်သိမ်လေ့လာရေးအာကာသယာဉ်ကို လွှတ်တင်ရေးအတွက် ဥရောပအာကာသအေဂျင်စီ ဆက်လက်ပြင်ဆင်နေဆဲဖြစ်

**ပဲရစ် အောက်တိုဘာ ၃**

ဟီရာအမည်ရှိ ဂြိုဟ်သိမ်လေ့လာရေး အာကာသယာဉ်ကို လွှတ်တင်ရေးအတွက် ဥရောပအာကာသအေဂျင်စီက ဆက်လက်ပြင်ဆင်နေဆဲဖြစ်ကြောင်း အောက်တိုဘာ ၂ ရက် သတင်းများအရ သိရသည်။

ဥရောပအာကာသအေဂျင်စီသည် ဟီရာအာကာသယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် အောက်တိုဘာ ၇ ရက်တွင်လွှတ်တင်ရန် စီစဉ်ထားသည်။

လက်ရှိတွင် Space-X ကုမ္ပဏီအနေဖြင့် ဖယ်လ်ကွန်-၉ ဒုံးပျံ လွှတ်တင်မှု ယာယီရပ်နားထားသော်လည်း မိမိတို့အနေဖြင့် ဟီရာ အာကာသယာဉ် လွှတ်တင်ရေးအတွက် ဆက်လက်ပြင်ဆင်နေဆဲဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။




စက်တင်ဘာ ၂၈ ရက်က လွှတ်တင်ခဲ့သည့် Crew-9 မစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်ပြဿနာကြောင့် လက်ရှိတွင် Space-X ကုမ္ပဏီသည် ဖယ်လ်ကွန်-၉ ဒုံးပျံများ လွှတ်တင်မှုကို ယာယီရပ်ဆိုင်း၍ပြဿနာကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဥရောပအာကာသအေဂျင်စီသည် ဒီမောဖော့စ်အမည်ရှိ ဂြိုဟ်သိမ်ငယ်တစ်စင်းကို လေ့လာရေးအတွက် ဟီရာအာကာသယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကိုဗစ်ရောဂါကပ်ဘေးကာလ ကမ္ဘာတစ်ဝန်းလှူပ်ရှားသွားလာမှုပိတ်ပင်ရေးလုပ်ငန်းစဉ် ကမ္ဘာဂြိုဟ်ကိုလွန်မြောက်၍ လကမ္ဘာထိ အကျိုးသက်ရောက်မှုရှိခဲ့

**နယူးဒေလီ အောက်တိုဘာ ၃**

ကိုဗစ်ရောဂါ ကူးစက်မှုကပ်ဘေးကာလ ကမ္ဘာတစ်ဝန်းလှုပ်ရှားသွားလာမှု ပိတ်ပင်ရေးလုပ်ငန်းစဉ်သည် ကမ္ဘာဂြိုဟ်ကိုလွန်မြောက်၍ လကမ္ဘာထိ အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း အောက်တိုဘာ ၂ ရက် သတင်းများအရ သိရသည်။

အိန္ဒိယသိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါကပ်ဘေးကာလအတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ သွားလာလှုပ်ရှားမှု ကန့်သတ်ပိတ်ပင်ထားခြင်းသည် လမျက်နှာပြင်အပေါ်တွင်လည်း သွယ်ဝိုက်၍ အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း သွားလာလှုပ်ရှားမှုကန့်သတ်ချက်များ အတင်းကျပ်ဆုံးကာလဖြစ်သည့် ၂၀၂၀ ပြည့်နှစ် ဧပြီလနှင့် မေလကြားကာလတွင် လမျက်နှာပြင်၏ ညပိုင်းအပူချိန်မှာ သိသိသာသာ ကျဆင်းခဲ့ရကြောင်း အိန္ဒိယသိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ကမ္ဘာတစ်ဝန်း သွားလာလှုပ်ရှားမှု ပိတ်ပင်ထားသည့် အဆိုပါကာလအတွင်း ကမ္ဘာပေါ်၌ ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များ ထုတ်လွှတ်မှုကျဆင်းခဲ့ခြင်းကြောင့် လမျက်နှာပြင်၏ ညအပူချိန်လည်း ကျဆင်းခဲ့ရခြင်း ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အိန္ဒိယ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၂၀၂၀ ပြည့်နှစ် ဧပြီလနှင့်မေလကြားကာလတွင် လမျက်နှာပြင် ညအပူချိန်မှာ ရှစ် ကယ်လ်ဗင်မှ ၁၀ ကယ်လ်ဗင်ထိ ကျဆင်းခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ကိုဗစ်ကာကွယ်ဆေးအပြည့်အဝထိုးနှံထားသူများ နှလုံးပြဿနာပေါ်နိုင်ခြေ ကျဆင်းနိုင်

**စတော့ဟုမ်း အောက်တိုဘာ ၃**

ကိုဗစ်ရောဂါကာကွယ်ဆေး အပြည့်အဝ ထိုးနှံထားသူများတွင် ကိုဗစ်ရောဂါနှင့်ပတ်သက်နေသည့် နှလုံး ပြဿနာများပေါ်လာနိုင်ခြေ ပုံမှန်ထက် ကျဆင်းသွားနိုင်ကြောင်း အောက်တိုဘာ ၂ ရက် သတင်းများအရ သိရသည်။

ကိုဗစ်ရောဂါကာကွယ်ဆေး ထိုးနှံပြီးချိန်တွင် တစ်ခါတစ်ရံ ရှားပါးသည့် နှလုံးကျန်းမာရေး ပြဿနာတချို့ ပေါ်လာနိုင်ခြေ မြင့်မားတတ်သော်လည်း အဆိုပါ ကာကွယ်ဆေးများ၏ နှလုံး ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုမှာ အဆိုးထက်အကောင်းပိုများကြောင်း ဆွီဒင်သုတေသန ပညာရှင်များက ပြောကြားသည်။

ဆွီဒင် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါနှင့်ဆက်စပ်နေသည့် နှလုံးပြဿနာများပေါ်လာနိုင်ခြေကျဆင်းသွားတတ်ကြောင်း သိရသည်။

ကိုဗစ်ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးချိန်တွင် နှလုံးသို့မဟုတ် နှလုံးပတ်ပတ်လည် ကြွက်သားများ ရောင်ရမ်းမှုကဲ့သို့ ရှားပါးနှလုံး ပြဿနာများ ပေါ်လာနိုင်ခြေမြင့်မားလာတတ်သော်လည်း ယာယီသာဖြစ်ပြီး အခြားဆိုးရွားသော နှလုံး ပြဿနာများ အကျုံးမဝင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## ကင်ဆာဆဲလ်ပျံ့နှံ့မှုမြန်သည့်သွေးကင်ဆာ လူနာများ CAR-T ကုထုံးကို တုံ့ပြန်နိုင်

**နယူးယောက် အောက်တိုဘာ ၃**

ကင်ဆာဆဲလ်များ ပျံ့နှံ့မှုမြန်သည့် သွေးကင်ဆာလူနာများ အနေဖြင့် CAR-T ခေါ်ကုထုံးကို ကောင်းစွာ တုံ့ပြန်နိုင်ကြောင်း သုတေသန ပညာရှင်များက အောက်တိုဘာ ၂ ရက်တွင် ပြောကြားသည်

CAR-T (Chimeric Antigen Receptor Therapy) သည် လူနာ၏ သွေးဖြူဆဲလ်များကို ထုတ်ယူပြီး ဓာတ်ခွဲခန်းအတွင်း ပြုပြင်၍ လူနာ၏ကိုယ်တွင်းသို့ ပြန်ထည့်သွင်းကာ ကင်ဆာဆဲလ်များကို ရှင်းလင်းဖျက်ဆီးပေးသည့် ကုထုံးဖြစ်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ CAR-T ကုထုံးရယူမှုကို လုပ်ရိုးလုပ်စဉ်အတိုင်း အချိန်ကြာမြင့်စွာ မယူဘဲ ဆေးရုံများ၌ ပြင်ပလူနာအဖြစ် ရယူပါကလည်း ရောဂါကို ကောင်းစွာတုံ့ပြန်နိုင်စွမ်းရှိကြောင်း သိရသည်။


မိမိတို့၏လေ့လာတွေ့ရှိချက်အရ Large B-Cell Lymphoma သွေးကင်ဆာလူနာများအနေဖြင့် ဆေးရုံရက်ရှည်တက်၍ CAR-T ကုထုံးမရယူဘဲ ပြင်ပလူနာအဖြစ် ကုထုံးရယူပါကလည်း ကုထုံး၏ အကျိုးကျေးဇူး ခံစားနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Large B-Cell Lymphoma သွေးကင်ဆာသည် B Lymphocytes ခေါ် သွေးဖြူဆဲလ်များတွင် ဖြစ်ပွားသည့် ကင်ဆာဖြစ်ပြီး ကင်ဆာဆဲလ်များပျံ့နှံ့မှု မြန်ဆန်တတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် Large B-Cell Lymphoma ကင်ဆာလူနာ ၈၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အယ်ကာရက်ဇ် ဆွတ်ခူး

**ပေကျင်း အောက်တိုဘာ ၃**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် China Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် အီတလီတင်းနစ်ကစားသမားဂျန်နစ်ခ်ဆင်နာ တို့ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၇၊ ၆-၄၊ ၇-၆) ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ဂျန်နစ်ခ်ဆင်နာနှင့် ကမ္ဘာ့အဆင့်(၃)နေရာတွင်ရပ်တည်နေသည့် အယ်ကာရက်ဇ်တို့၏ ဗိုလ်လုပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့သလို ပရိသတ်များကိုလည်း ဖျော်ဖြေမှုအပြည့် အဝပေးနိုင်သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။

ပထမပွဲငယ်တွင် ဂျန်နစ်ခ်ဆင်နာက tie-break တွင် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ်တွင် အယ်ကာရက်ဇ်က ပြတ်သားသည့် ရလဒ်ဖြင့်အနိုင်ရခဲ့ကာ တတိယပွဲငယ်တွင် အပြန်အလှန်ဖိအားပေးနိုင်ခဲ့ပြီး အယ်ကာရက်ဇ်က tie-break တွင်အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်က "ဂျန်နစ်ခ်ဆင်နာဟာ ကမ္ဘာ့အကောင်းဆုံးတင်းနစ်ကစားသမားတစ်ယောက်ဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ပါတယ်။ သူ့ရဲ့စွမ်းဆောင်ရည်က မယုံကြည်နိုင်လောက်အောင်ကို ကောင်းတယ်။ သူ့ရဲ့လယ်ဗယ်ဟာ တကယ့်ကို ထိပ်တန်းအဆင့်မျိုးရောက်နေပါတယ်။ ဗိုလ်လုပွဲစဉ်ရဲ့ ပထမပွဲငယ်မှာ ကျွန်တော့်အနေနဲ့ အနိုင်ရနိုင်တဲ့အခွင့်အရေးတွေရခဲ့ပေမဲ့လဲ အသုံးမချနိုင်ခဲ့ဘူး။ ပထမပွဲငယ်မှာ ရှုံးနိမ့်ခဲ့ရတယ်ဆိုပေမဲ့ ကျွန်တော် အရှုံးမပေးခဲ့ဘူး။ မျှော်လင့်ချက်အပြည့်နဲ့ အကောင်းဆုံးကြိုးစားခဲ့လို့လဲ ကျွန်တော့်ရဲ့ ချန်ပီယံဖြစ်ရေးမျှော်လင့်ချက်ကို အကောင်အထည်ဖော်နိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



### အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာက လာမည့်နွေရာသီတွင် အလွတ်ပြောင်းရွှေ့ခွင့်နှင့်ထွက်ခွာတော့မည့် တိုက်စစ်မှူး နေမာကို ပြန်လည်ခေါ်ယူမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်စီးတီးအသင်းအနေဖြင့် တိုက်စစ်မှူး ဟိုက်လန်းကို ရောင်းချရန်အစီအစဉ်မရှိဘဲ ၎င်းနေရာတွင် ဒုတိယဦးစားပေးကစားသမားအဖြစ်ကစားနိုင်ရန် တိုက်စစ်မှူး ဗလာဟိုဗစ်ကို ပစ်မှတ်ထားနေကြောင်း နည်းပြဂွါဒီယိုလာက ပြောကြားခဲ့သည်။
- ခံစစ်ကစားသမားအာနိုးကိုခေါ်ယူရန် မဖြစ်နိုင်တော့သဖြင့် စပါးအသင်း ခံစစ်ကစားသမား ပက်ထရိုပိုရိုကိုသာခေါ်ယူရန် အာရုံစိုက်နေကြောင်း ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ပြန်ခဲ့သည်။

**ML**

# ကိုလံဘတ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် MLS Supporter Shield ကို အင်တာမီယာမီအသင်း ဆွတ်ခူး



**အင်တာမီယာမီ အောက်တိုဘာ ၃**

မေဂျာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၂) အဖြစ်ကစားခဲ့သည့် ကိုလံဘတ်အသင်းနှင့် အင်တာမီယာမီအသင်းတို့ပွဲစဉ်တွင် အင်တာမီယာမီအသင်းက ကိုလံဘတ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် MLS Supporter Shieldကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မေဂျာလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၅ သင်းပါတစ်ဇုန်နှင့် ၁၄ သင်းပါတစ်ဇုန်ခွဲခြားကျင်းပနေပြီး ရာသီအကုန်တွင် ရမှတ်အများဆုံးအသင်းက MLS Supporter Shield ကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အင်တာမီယာမီအသင်း ပါဝင်သည့်ဇုန်တွင် အင်တာမီယာမီအသင်းသည် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် ရမှတ် ၆၈ မှတ်ရရှိထားပြီး အခြားဇုန်တွင် အယ်လ်အေဂလက်ဆီအသင်းက ရမှတ် ၆၁ မှတ်သာ ရရှိထားသည့်အတွက် အင်တာမီယာမီအသင်းက ရမှတ်ခုနစ်မှတ်အသာစီးတွင်ရှိနေသောကြောင့် ရာသီမကုန်ဆုံးမီ MLS Supporter Shield ကို အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အင်တာမီယာမီအသင်းကို မန်ယူအသင်းကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဒေးဗစ်ဘက်ခမ်းကပူးတွဲပိုင်ဆိုင်ထားပြီး အသင်းကိုတည်ထောင်သည်မှာ ခြောက်နှစ်သာရှိသေးသော်လည်း နောက်ပိုင်းနှစ်များတွင် မက်ဆီအပါအဝင် ဥရောပထိပ်တန်းကစားသမားများကိုခေါ်ယူနိုင်ခဲ့ပြီးနောက် အင်အားကြီးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း လိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင်လည်း MLS Supporter Shield ကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**

# ဘိုင်ယန်ကို ဥရောပပြိုင်ပွဲတွင် နှစ်ပေါင်း ၄၂ နှစ်အကြာ၌ အေဗီလာအသင်း နိုင်ပွဲပြန်လည်ရရှိ

**မက်ဒရစ် အောက်တိုဘာ ၃**

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၂)တွင် အေဗီလာအသင်းက ဘိုင်ယန်မြူးနစ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သောကြောင့် ဥရောပပြိုင်ပွဲတွင် ၁၉၈၂ ခုနှစ်နောက်ပိုင်းမှသာ ပထမဆုံးနိုင်ပွဲပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

အေဗီလာအသင်းသည် ၁၉၈၂ ခုနှစ်တွင် ယူရိုပီယံဖလားပြိုင်ပွဲကျင်းပခဲ့စဉ်က ဘိုင်ယန်မြူးနစ်အသင်းကို ဗိုလ်လုပွဲစဉ်တွင် နိုင်ပွဲရရှိခဲ့ပြီးနောက်ပိုင်း ချန်ပီယံလိဂ်ဟု အမည်ပြောင်းလဲခေါ်ခဲ့စဉ်ကတည်းက ချန်ပီယံလိဂ်ကစားခွင့်မရရှိတော့ဘဲ ယခုနှစ်မှသာ ပထမဆုံး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ရောက်ခွင့် ရရှိခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းကို အိမ်ကွင်းတွင် နိုင်ပွဲရယူ၍ နှစ်ပေါင်း ၄၂ နှစ်အကြာမှ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ပွဲစကတည်းက ဆက်တိုက် ဖိအားပေးကစားခဲ့ပြီး အေဗီလာအသင်း အနေဖြင့် တန်ပြန်တိုက်စစ်ဖြင့်သာ တုံ့ပြန်ခဲ့ရာ ပွဲချိန် ၂၂ မိနစ်တွင် ပါအူတောရက်စ် ဂိုးရရှိခဲ့သော်လည်း VAR ဖြင့်ပယ်ဖျက်ခဲ့သဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယပိုင်းတွင် ခံစစ်အားပြု၍ တန်ပြန်တိုက်စစ်ဖြင့်သာ တုံ့ပြန်ခဲ့သော်လည်း ပွဲကစားချိန် ၇၉ မိနစ်တွင် ပါအူတောရက်စ်၏ ဖန်တီးပေးမှုမှ တိုက်စစ်မှူးဒူရန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သောကြောင့် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အေဗီလာ အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)တွင် ယန်းဘွိုင်းအသင်းကို အဝေးကွင်းတွင် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်အပြင် ယခုပွဲစဉ်တွင်လည်း ဘိုင်ယန်မြူးနစ်အသင်းကို နိုင်ပွဲရရှိခဲ့သောကြောင့် နှစ်ပွဲကစားအပြီး ရမှတ် ခြောက်မှတ်ဖြင့် အဆင့်(၆)၌ ရပ်တည်နေပြီး ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ရန် အခြေအနေကောင်းနေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# နည်းပြဆစ်စီကို ရာထူးမှထုတ်ပယ်ကြောင်း ဆီနီဂေါဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်

**ဒါကာ အောက်တိုဘာ ၃**

ဆီနီဂေါ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ခုနှစ်က နိုင်ငံအသင်းကို ပထမဆုံးအာဖရိကဆုဖလားရယူပေးခဲ့သည့် နည်းပြဆစ်ဆီကို ၁၀ နှစ်ကြာ လက်တွဲခဲ့ပြီးနောက် ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

အသက် ၄၈ နှစ်ရှိ နည်းပြဆစ်စီသည် ဆီနီဂေါအသင်းနှင့် ပြီးခဲ့သည့် ဩဂုတ်လက စာချုပ်ကုန်ဆုံးချိန်တွင် သက်တမ်းတိုးရန် ဆွေးနွေးခဲ့သော်လည်း သဘောတူညီမှုမရခဲ့သဖြင့် ယခုအခါ ဆီနီဂေါဘောလုံးအဖွဲ့ချုပ်က ၎င်းနှင့်လက်တွဲဖြုတ်ရန် တရားဝင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

နည်းပြဆစ်စီသည် ဆီနီဂေါအသင်းကို အာဖရိကဆုဖလား ရယူပေးခဲ့သော်လည်း နှစ်နှစ်ခွဲကျော်သာ ထိန်းသိမ်းနိုင်ခဲ့ပြီး ယခုနှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ကာကွယ်နိုင်ခြင်းမရှိခဲ့သည့်အပြင် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အသင်းအနေဖြင့် ကွာတားဖိုင်နယ်အဆင့်ထိသာ ရောက်ရှိခဲ့ပြီး အင်္ဂလန်အသင်းကို ရှုံးနိမ့်ခဲ့မှုကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။



နည်းပြဆစ်စီသည် ဆီနီဂေါအသင်း ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး ကစားသမားဘဝကလည်း ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်ထိတက်ရောက်ခဲ့သော်လည်း ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့မှုကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီး အဆိုပါနှစ်တစ်နှစ်ထဲတွင် အသင်းအနေဖြင့် အာဖရိကဖလား ဗိုလ်လုပွဲထိရောက်ရှိခဲ့ကာ ကင်မရွန်းအသင်းကိုရှုံးနိမ့်မှုကြောင့် ဆုဖလားနှင့် လွဲချော်ခဲ့ရသော်လည်း နည်းပြဘဝတွင် အာဖရိကဆုဖလားကို ရယူပေးနိုင်ခဲ့သည်။

ဆီနီဂေါအသင်းသည် နည်းပြဆစ်စီလက်ထက်တွင် ကစားပုံတိုးတက်လာခဲ့ပြီး လက်ရှိအာဖရိကဇုန်ကမ္ဘာ့ခြေစစ်ပွဲစဉ်တွင်လည်း နှစ်ပွဲကစားခဲ့ရာ ရှုံးပွဲမရှိဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သော်လည်း ဆီနီဂေါဘောလုံးအဖွဲ့ချုပ်က နည်းပြဆစ်စီကို ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

# နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ရှမ်းယူနိုက်တက်အသင်းအနိုင်ရရှိခဲ့ပြီး မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းအနိုင်ရရှိခဲ့ပြီး မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။




နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း အနိုင်အရှုံးရလဒ်မပေါ်ခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို မဟာယူနိုက်တက်အသင်းနှင့်အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့သည့် ဂိုးသမားဇာနည်ရဲရင့်က ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီက ဗဟန်း မြက်ခင်းတုကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၅ မိနစ်တွင် ထက်မြတ်လွင်က သွင်းယူနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် ထက်မြတ်လွင်က ဆွတ်ခူးနိုင်ခဲ့သည်။

နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇) ပွဲစဉ်များအဖြစ် အောက်တိုဘာ ၄ ရက်ညနေ ၃ နာရီတွင် ပဒုမ္မာအားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် ဒဂုံပေါ့အသင်း၊ ညနေ ၃နာရီတွင် စလင်းအားကစားကွင်းတွင် ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ညနေ ၃ နာရီ မိနစ် ၃၀ တွင် ဗဟန်းမြက်ခင်းတုကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက် အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# အမေရိကန် ဂန္ထဝင်ဂေါက်သီးရိုက်မယ် ဆူဇီမက်ဝယ်ဘန်းနင်း ကွယ်လွန်

**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန် ဂန္ထဝင်ဂေါက်သီးရိုက်မယ်အဖြစ် သတ်မှတ်ခံထားရသည့် အသက် ၈၃ နှစ်အရွယ် ဆူဇီမက်ဝယ်ဘန်းနင်းသည် အောက်တိုဘာ ၂ ရက်က ကယ်လီဖိုးနီးယားပြည်နယ် ပန်းစပရင်းမြို့ရှိနေအိမ်၌ ကွယ်လွန်ခဲ့ကြောင်း မိသားစုဝင်များက ယနေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။

ဆူဇီမက်ဝယ်ဘန်းနင်း သည် ၁၉၆၈ ခုနှစ်၊ ၁၉၇၂ ခုနှစ်နှင့် ၁၉၇၃ ခုနှစ်တို့တွင် U.S. Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ချန်ပီယံဆုများကိုဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး ၁၉၆၅ ခုနှစ်တွင်လည်း Women's Western Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သူလည်းဖြစ်သလို ကစားသမားဘဝတစ်လျှောက် ဆုဖလားပေါင်း ၁၁ လုံးထိ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဆူဇီမက်ဝယ်ဘန်းနင်းသည် ၂၀၂၁ ခုနှစ်တွင် ဂေါက်သီးရိုက်လောက၏ ဂန္ထဝင်စာရင်းတွင် ထည့်သွင်းဖော်ပြခံခဲ့ရပြီး အမျိုးသမီး ဂေါက်သီးရိုက်လောက၏ အအောင်မြင်ဆုံးသော ကစားသမားစာရင်းတွင်ပါဝင်ခဲ့သူလည်း ဖြစ်သည်။

ဆူဇီမက်ဝယ်ဘန်းနင်း ကွယ်လွန်သွားခဲ့ခြင်းနှင့်ပတ်သက်ပြီး LPGA ကော်မရှင်နာဖြစ်သူ မိုလီမာကော့က "အမျိုးသမီး ဂေါက်သီးရိုက်လောကရဲ့ ဂန္ထဝင်တစ်ယောက်ကို ဆုံးရှုံးလိုက်ရတဲ့ သတင်းကြောင့် စိတ်မကောင်းဖြစ်ရပါတယ်။ ဆူဇီမက်ဝယ်ဘန်းနင်းဟာ ကစားသမားကောင်းတစ်ယောက်ဖြစ်သလို World Golf Hall of Fame စာရင်းဝင်တစ်ယောက်လဲဖြစ်ပါတယ်။ LPGA ရဲ့ သံတမန်ကောင်းတစ်ယောက်ဖြစ်သလို အမျိုးသမီးအားကစားလောကရဲ့ ပြယုဂ်လဲဖြစ်ပါတယ်။ ကျွန်မအတွက်လဲ လေးစားရတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဖြစ်ပြီး ဆူဇီမက်ဝယ်ဘန်းနင်းအတွက် သူ့မိသားစုနဲ့ ထပ်တူဝမ်းနည်းရပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# MFF Goalkeeping “C” Certificate Coaching Course 2024 ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် MFF Goalkeeping “C” Certificate Coaching Course 2024 သင်တန်းဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ MFF goalkeeping department တာဝန်ခံ Kost Mike Andre နှင့် သင်တန်းနည်းပြ ဆရာများ၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင်က အမှာစကားပြောကြားခဲ့ပြီး သင်တန်းနည်းပြဆရာများက သင်တန်းနှင့်ပတ်သက်သည်များ ရှင်းလင်းပြောကြားခဲ့ကာ သင်တန်းသား၊ သင်တန်းသူများနှင့် အမှတ်တရဓာတ်ပုံရိုက်ခဲ့ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါသင်တန်းကို ယနေ့မှစတင်ပြီး အောက်တိုဘာ ၈ ရက်ထိ ရန်ကုန်မြို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၁၁ ဦး၊ သင်တန်းသူ ငါးဦး စုစုပေါင်း ၁၆ ဦးဖြင့် ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကျင်းပ



**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲ၏ မဲခွဲပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အုပ်စုမဲခွဲပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးထိပ်ခွန်နောင်မြင့်ဝေ၊ ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ ဖူဆယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ Royal -D မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများက တက်ရောက်ခဲ့ကြသည်။

အဆိုပါ အုပ်စုမဲခွဲပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေက အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲအုပ်စုမဲခွဲမှုပြုလုပ်ခဲ့ပြီး ပြိုင်ပွဲဝင်အသင်းများနှင့် မိတ်ဆက်မှုများပြုလုပ်ခဲ့ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲတွင် လေးသင်းပါ ရှစ်အုပ်စုခွဲခြားပြီး ပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့် ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ် သိန်း ၃၀၊ ဒုတိယဆုကို ငွေကျပ် သိန်း၂၀ နှင့် တတိယဆုကို ငွေကျပ် ၁၅ သိန်း ပေးအပ်ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ် ပွဲစဉ် (၇) ပွဲကြိုသုံးသပ်ချက်များ

ML

## အာဆင်နယ် Vs ဆောက်သမ်တန်

ကစားမည့်ရက်/အချိန် (၅-၁၀-၂၀၂၄ ည ၀၈:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အာဆင်နယ် ၃ - ၃ ဆောက်သမ်တန်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | - | အိမ်(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |
| ဆောက်သမ်တန် | - | ဝေး(သရေ) | အိမ်(သရေ) | ဝေး(ရှုံး) |

အာဆင်နယ်အသင်းဟာ အခုရာသီအိမ်ကွင်းကစားပုံ ထက်မြက်နေပေမဲ့ ကြားရက်မှာ ပီအက်စ်ဂျီနဲ့ ပွဲကျပ်ကစားခဲ့ရလို့ ပွဲပန်းမှုရှိနေမှာသေချာပါတယ်။ ဆောက်သမ်တန်ကတော့ ပရီးမီးယားလိဂ်နိုင်ပွဲမရသေးဘဲ ခြေစွမ်းပိုင်းကျဆင်းနေတယ်ဆိုပေမဲ့ ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးသုံးပွဲမှာ အာဆင်နယ်ကိုဂိုးပြတ်မရှုံးခဲ့ပါဘူး။ ဒါကြောင့် အိမ်ရှင် အာဆင်နယ်အသင်းကိုပဲ အားပေးရမှာပါ။

**ခန့်မှန်းရလဒ် - အာဆင်နယ် ၂ - ၁ ဆောက်သမ်တန်**

## အဲဗာတန် Vs နယူးကာဆယ်

ကစားမည့်ရက်/အချိန် (၅-၁၀-၂၀၂၄ ည ၁၁:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နယူးကာဆယ် ၁ - ၁ အဲဗာတန်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အဲဗာတန် | - | အိမ်(သရေ) | ဝေး(သရေ) | အိမ်(နိုင်) |
| နယူးကာဆယ် | - | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(နိုင်) |

အဲဗာတန်အသင်းဟာ နောက်ဆုံးသုံးပွဲမှာ ရှုံးပွဲမရှိသေးပေမဲ့ ခံစစ်ကစားပုံအားနည်းချက်ကြောင့် ပွဲတိုင်းပေးဂိုးများနေတာကိုတွေ့ရမှာပါ။ နယူးကာဆယ်ကတော့ တိုနယ်လီပါဝင်လာတဲ့ ကွင်းလယ်မှာ ကစားပုံတိုးတက်လာတာကြောင့် နောက်ပိုင်းမှာ ဂိုးတွေအလွယ်တကူရနေတာဖြစ်လို့ အခုပွဲစဉ်မှာလဲ အဲဗာတန်ခံစစ်ကို ပွဲချိန်ပြည့် ဖိအားပေးနိုင်မှာသေချာပါတယ်။ ဒါကြောင့် နယူးကာဆယ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ခန့်မှန်းရလဒ် - အဲဗာတန် ၁ - ၂ နယူးကာဆယ်**

# နိုင်ငံတကာအထောက်အပံ့နှင့်အာဖဂန်နစ္စတန်စီးပွားရေးအလားအလာ အပိုင်း(၂)

အာဖဂန်နစ္စတန်၏ ဗဟိုဘဏ်ဖြစ်သော Da Afghanistan Bank (DAB) သည် အမေရိကန်ဒေါ်လာလေလံတင်ရောင်းချမှုများလျှော့ချခြင်း၊ အရင်းအနှီးများအပေါ် အတိုးနှုန်းလျှော့ချခြင်း၊ အရန်ငွေ အချိုးအစားလျှော့ချခြင်း၊ အာဖဂန်ငွေကြေးတန်ဖိုးတက်ရေးငွေကြေးမူဝါဒများဖြေလျှော့ခြင်းနှင့် စီးပွားရေးလုပ်ငန်းအတွင်း ခိုင်မာသောငွေကြေးစီးဆင်းမှု သေချာစေရေးစဉ်းစားသုံးသပ်ဆောင်ရွက်သွားသင့်ပေသည်။ တာလီဘန်ကြားဖြတ်အစိုးရအဖွဲ့(ITA)အနေဖြင့် စီးပွားရေးလုပ်ငန်းအတွင်းရှိ တိကျမှန်ကန်သောအမေရိကန်ဒေါ်လာပမာဏကို အကဲဖြတ်ဆန်းစစ်ပြီး အာဖဂန်ငွေကြေးစီမံခန့်ခွဲရေးအတွက် ဟန်ချက်ညီသောငွေကြေးမူဝါဒချမှတ်သွားသင့်ပေသည်။ တစ်ချိန်တည်းမှာပင် ပြည်ပပို့ကုန်များနှင့်စီးပွားရေးတိုးတက်မှုတို့အပေါ် အနုတ်သဘောဆောင်သော သက်ရောက်မှုတို့ကိုလည်း ထည့်သွင်းစဉ်းစားသွားရန်လိုအပ်ပေသည်။

ITA အနေဖြင့် ဘဏ်များအပေါ် ပိတ်ဆို့မှုများလုပ်ဆောင်ခွင့်မရှိသကဲ့သို့ ဘဏ်စနစ်အားနည်းစေမည့် လုပ်ဆောင်ချက်များကိုလည်း ရှောင်ရှားသွားသင့်ပေသည်။ ITA သည် ယုံကြည်မှုတည်ဆောက်ပြီး ဘဏ်အတွင်းရှိငွေများ ဘေးကင်းလုံခြုံမှုရှိကြောင်း ပြည်သူများကို အာမခံချက်ပေးသွားရမည်ဖြစ်သည်။ လက်ရှိ အမိန့်ဒီကရီများရုပ်သိမ်းခြင်း၊ အမိန့်အသစ်များ ပြဋ္ဌာန်းခြင်းတို့ကိုရှောင်ကြဉ်ခြင်းနှင့် အစိုးရက ကြပ်မတ်ဆောင်ရွက်သည့် စုဆောင်းငွေအစီအစဉ် ခိုင်မာအောင်ဆောင်ရွက်သော အစီအမံသည် ပျောက်ဆုံးနေသည့်ယုံကြည်မှု ပြန်လည်တည်ဆောက်နိုင်ပြီး ဘဏ္ဍာရေးကဏ္ဍ ပြန်လည်တိုးတက်အောင်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**မြင့်တက်လာသောပြည်တွင်းလိုအပ်ချက်များ**

ITA သည် ၎င်းတို့နှင့်ဆက်ဆံရေးထူထောင်ထားရှိသည့်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုများလုပ်ဆောင်ကာ အာဖဂန်ထုတ်ကုန်များအတွက် နိုင်ငံတကာဈေးကွက်များစူးစမ်းရှာဖွေသွားရမည်ဖြစ်သည်။ ကုန်သွယ်မှုအတားအဆီးများကိုဖယ်ရှားပြီး အလယ်အာရှနိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ဆောင်ခြင်း ပိုမိုအဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ပြည်တွင်းစီးပွားရေးလုပ်ငန်းအောင်မြင်မှုရရှိနေမှသာလျှင် နိုင်ငံတကာတွင်ရှင်သန်နိုင်မည်ဆိုသောအချက်ကိုလည်း အသိအမှတ်ပြုထားရန်လိုအပ်ပေသည်။ ထို့ကြောင့် အာဖဂန်ထုတ်ကုန်များအတွက် နိုင်ငံတကာမျက်နှာစာတွင် တိုးချဲ့တင်ပို့နိုင်ရေး အာရုံမစိုက်သေးမီ ပြည်တွင်းဝယ်လိုအားမြှင့်တင်ပေးခြင်းကို ဆောင်ရွက်သွားရန်လိုအပ်ပေသည်။

အာဖဂန်စီးပွားရေးလုပ်ငန်းသည် ကုန်စည်များနှင့် ဝန်ဆောင်မှုများအတွက် ဝယ်လိုအားကျဆင်းလျက်ရှိသဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် အဟန့်အတားဖြစ်စေလျက်ရှိသည်။ ဝယ်လိုအားအလွန်အမင်းကျဆင်းလာခြင်းသည် အလုပ်လက်မဲ့မှုကာလကြာရှည်လာစေနိုင်သည်။ ထို့ကြောင့် ဝယ်လိုအားမြှင့်တင်ခြင်းသည် စီးပွားရေးဆိုင်ရာမူဝါဒများ၏ အဓိကဦးတည်ချက်ဖြစ်သင့်ပေသည်။ ဖွံ့ဖြိုးတိုးတက်မှုဘတ်ဂျက်တိုးမြှင့်ခြင်း၊ ပြည်သူ့အခွန်ငွေများနှင့် အသုံးစရိတ်အချက်အလက်များကိုသိရှိအောင်ထုတ်ပြန်ခြင်းဖြင့် ပွင့်လင်းမြင်သာမှုမြှင့်တင်ခြင်းကဲ့သို့သော အစီအမံများသည် ဝယ်လိုအားအပေါ်အပြုသဘောဆောင်သော သက်ရောက်မှုရှိလာနိုင်သည်။ အသုံးစရိတ်လျှော့ချမှုအပေါ် စိုးရိမ်ပူပန်မှုများကို ထည့်သွင်းတွက်ချက်ကာ အစိုးရအနေဖြင့် အသုံးစရိတ်တိုးမြှင့်ခြင်းသည် စီးပွားရေးတိုးတက်မှုချဲ့ထွင်နိုင်ခြင်း၊ အသုံးစရိတ်လျှော့ချမှုကြောင့် ဖြစ်ပေါ်လာသည့်ဖိအားများလျှော့ချနိုင်ခြင်းနှင့် ပွင့်လင်းမြင်သာမှုတို့ကို မြှင့်တင်နိုင်မည်ဖြစ်သည်။

ထို့ပြင် ပြည်သူများအလုပ်လုပ်ပြီး ဝင်ငွေရှိလာသည့်အချိန်တွင် ဝယ်လိုအားမြင့်တက်လာနိုင်မည်ဖြစ်သည်။ အိမ်အပြင်ထွက်ခွင့်ကန့်သတ်ခြင်းခံထားရသည့်အမျိုးသမီးများအပါအဝင် အာဖဂန် ပြည်သူ ၄၇ ရာခိုင်နှုန်းခန့်သည် အလုပ်လက်မဲ့များဖြစ်နေသည်။

**❖ အာဖဂန်စီးပွားရေးလုပ်ငန်းသည် ကုန်စည်များနှင့် ဝန်ဆောင်မှုများအတွက် ဝယ်လိုအားကျဆင်းလျက်ရှိသဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် အဟန့်အတားဖြစ်စေလျက်ရှိသည်။ ဝယ်လိုအားအလွန်အမင်းကျဆင်းလာခြင်းသည် အလုပ်လက်မဲ့မှုကာလ ကြာရှည်လာစေနိုင်သည်။ ထို့ကြောင့် ဝယ်လိုအားမြှင့်တင်ခြင်းသည် စီးပွားရေးဆိုင်ရာမူဝါဒများ၏ အဓိကဦးတည်ချက်ဖြစ်သင့်ပေသည်။ ဖွံ့ဖြိုးတိုးတက်မှုဘတ်ဂျက်တိုးမြှင့်ခြင်း၊ ပြည်သူ့အခွန်ငွေများနှင့်အသုံးစရိတ်အချက်အလက်များကိုသိရှိအောင် ထုတ်ပြန်ခြင်းဖြင့် ပွင့်လင်းမြင်သာမှုမြှင့်တင်ခြင်းကဲ့သို့သော အစီအမံများသည် ဝယ်လိုအားအပေါ်အပြုသဘောဆောင်သော သက်ရောက်မှုရှိလာနိုင်သည်။ ❖**

အလုပ်လက်မဲ့နှုန်းမြင့်တက်လာလေလေ တိုင်းပြည်၏ GDP ကျဆင်းလာလေလေဖြစ်ကြောင်း ကိန်းဂဏန်းအချက်အလက်များက ပြသလျက်ရှိသည်။ ထို့ကြောင့် အလုပ်အကိုင်ခန့်ထားရေးအစီအစဉ်များကို ဦးစားပေးလုပ်ဆောင်သွားရန်လိုအပ်လျက်ရှိသည်။

အရင်းအနှီးများ၊ ကုန်ကြမ်းပစ္စည်းများနှင့်အရင်းအမြစ်များအပါအဝင် မြေယာများ၊ ကျွမ်းကျင်လုပ်သားနှင့် စီးပွားရေးစွမ်းဆောင်ရှင်များသည် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန်နှင့် တိုးချဲ့လုပ်ဆောင်ရန်တို့အတွက် အခြေခံလိုအပ်ချက်များပင်ဖြစ်သည်။ အာဖဂန်လူငယ်များစွာသည် ၎င်းတို့အနာဂတ်နှင့် တိုင်းပြည်အနာဂတ်တို့အတွက် မျှော်လင့်ချက်ပျောက်ဆုံးလျက်ရှိသောကြောင့် တိုင်းပြည်အတွင်းမှ ထွက်ခွာရန်ကြိုးပမ်းလျက်ရှိကြသည်။ ထိုသို့ဖြစ်ပေါ်လာခြင်းသည် တိုင်းပြည်အတွက် လူသားအရင်းအမြစ်နှင့် စွန့်ဦးတီထွင်လုပ်ကိုင်နိုင်သည့် စီးပွားရေးဆိုင်ရာအရေးပါသော အစိတ်အပိုင်းနှစ်ရပ်စလုံး ဆုံးရှုံးလျက်ရှိသည်။

ITA သည် တိုင်းပြည်အတွင်းမှပြည်ပသို့ ဦးနှောက်ယိုစီးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ချက်ချင်းတားဆီးလုပ်ဆောင်သွားရမည်ဖြစ်သည်။ မျိုးဆက်သစ်အာဖဂန်လူငယ်များ တိုင်းပြည်အတွင်း နေထိုင်ရေးအတွက် တိုက်တွန်းမှုအနေဖြင့်အခွင့်အလမ်းများ၊ မက်လုံးများပေးသွားသင့်ပေသည်။ စက်ပစ္စည်းများနှင့် အထောက်အကူပြု အသုံးအဆောင်ပစ္စည်းများကို ဝယ်ယူဖြည့်တင်းနိုင်သော်လည်း ကုန်ထုတ်လုပ်မှုရှိသော လုပ်သားအင်အားတိုးတက်ရေးသည် အချိန်များစွာယူရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ပသို့ ဦးနှောက်ထပ်မံယိုစီးမှု မဖြစ်ပေါ်စေရေးအတွက် တားဆီးမှုလုပ်ငန်းသည် တိုင်းပြည်အတွက် ထိပ်တန်းဦးစားပေးတာဝန်ပင်ဖြစ်သည်။

အထူးသဖြင့် တာလီဘန်အစိုးရသည် စိတ်ကူးယဉ်ကမ္ဘာတွင် နစ်မျောမနေဘဲတိုင်းပြည်၏ လက်တွေ့ကျသောအခြေအနေများကို အကောင်အထည်ဖော်သွားရန်ဖြစ်သည်။ ယခင်သမ္မတဟောင်းအာရှက်ဖ်ဂါနီ၏ အုပ်ချုပ်မှုတွင် စိတ်ကူးယဉ်ချဉ်းကပ်မှုနှင့် မြေပြင်ရှိလက်တွေ့အခြေအနေများနှင့် ကင်းကွာမှုများသည် တိုင်းပြည်ထူထောင်ရာ၌ ကျရှုံးမှုဆီသို့ဦးတည်စေခဲ့သည်။

တာလီဘန်များအနေဖြင့် တစ်နိုင်ငံလုံးသည် ဆင်းရဲတွင်းနွတ်ခမ်းဝသို့ ရောက်ရှိနေကြောင်းကို သဘောပေါက်နားလည်စေရန် သာမန်အာဖဂန်ပြည်သူများနှင့် ထိတွေ့ဆက်ဆံမှုလုပ်ဆောင်သွားရန်လိုအပ်သည်။ အမျိုးသမီးများအပါအဝင် မျိုးဆက်သစ်လူငယ်များ၏ ခေတ်မီပညာသင်ယူခွင့်ပိတ်ပင်ခြင်းနှင့် ဆင်းရဲမှုဒဏ်ကို ကာလရှည်ကြာခံစားခိုင်းခြင်းသည် တိုင်းပြည်ဆုတ်ယုတ်မှုအတွက် ဂယက်ရိုက်ခတ်မှုများဖြစ်ပေါ်လာနိုင်ပေသည်။

အလားတူ အလှူရှင်နိုင်ငံများ၏ဦးစားပေးမှုများ ပြောင်းလဲလာခြင်းနှင့် လာမည့်အမေရိကန်ရွေးကောက်ပွဲတို့သည် မူဝါဒအပြောင်းအလဲများဖြစ်လာနိုင်ပြီး အကူအညီများဖြတ်တောက်ခြင်းနှင့် လျှော့ချခြင်းတို့ လုပ်ဆောင်လာနိုင်သည့်အတွက် အမေရိကန်ဒေါ်လာများ ရောက်ရှိလာတော့မည်မဟုတ်ချေ။ ထို့ကြောင့် ITA သည် နိုင်ငံတကာထောက်ပံ့ကူညီမှုများ လျှော့ချမှုအလားအလာ၏ ဆိုးကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး ချက်ချင်းကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

တာလီဘန်အဖွဲ့သည် ၂၀၂၁ ခုနှစ် နွေဦးရာသီတွင် အာဖဂန်အစိုးရနှင့် အမေရိကန်တပ်ဖွဲ့များအပေါ် အရှိန်အဟုန်ဖြင့် ထိုးစစ်ဆင်နွှဲပြီးနောက် ဩဂုတ် ၁၅ ရက်တွင် မြို့တော်ကဘူးလ်ကိုသိမ်းပိုက်ခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံအတွက်မူ တာလီဘန်တို့အာဏာပြန်လည်ရရှိလာခြင်းသည် တိုင်းပြည်အတွင်း လွတ်လပ်မှုဆုံးရှုံးလာခဲ့သည်။ အထူးသဖြင့် အမျိုးသမီးများနှင့် လူနည်းစုမျိုးနွယ်စုများပေါ်တွင် ရန်လိုမှုမြင့်တက်လာခဲ့သည်။ ထို့ပြင် တာလီဘန်တို့အာဏာပြန်လည်ရရှိလာခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများမှသည် စီးပွားရေးဆိုင်ရာအကျပ်အတည်းများကို ဆိုးဆိုးရွားရွားဖြစ်ပေါ်လာစေလျက်ရှိသည်။

အာဖဂန်လုံခြုံရေးကိုခြိမ်းခြောက်ခဲ့သော တာလီဘန်သည် လက်ရှိအချိန်တွင် တိုင်းပြည်ကိုအုပ်ချုပ်လျက်ရှိသော်လည်း စီမံအုပ်ချုပ်မှုနှင့်ကျွမ်းကျင်မှုတို့ ကင်းမဲ့လျက်ရှိသည်။ ကုန်သွယ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကုလသမဂ္ဂကွန်ဖရင့် (UNCTAD)၏ ၂၀၂၃ ခုနှစ် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာအရ အာဖဂန်နစ္စတန်နိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)စီးဆင်းမှုသည် လွန်ခဲ့သောနှစ်အနည်းငယ်မှစ၍ သိသိ သာသာကျဆင်းလာလျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၉ သန်းရှိခဲ့ရာမှ ၂၀၂၁ ခုနှစ် တွင် အမေရိကန်ဒေါ်လာ ၂၁ သန်းထိ ကျဆင်းသွားခဲ့သည်။

စီးပွားရေးလုပ်ငန်းဆိုင်ရာအခြေအနေများ ဆိုးရွားလာသဖြင့် ရင်းနှီးမြှုပ်နှံမှုကျဆင်းလာခြင်းဖြစ်ပြီး အနာဂတ်တွင်လည်း ရင်းနှီးမြှုပ်နှံမှုမှာ မသေချာမရေရာဖြစ်ပေါ်လျက်ရှိသည်။ တာလီဘန်တို့၏ မူဝါဒများသည် တိုင်းပြည်အတွင်းရှိ ကျွမ်းကျင်လုပ်သားများ ပြည်ပသို့ထွက်ခွာမှုများနှင့် ဦးနှောက်ယိုစီးမှုများဖြစ်ပေါ်စေလျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှုမရှိသော ဘဏ္ဍာရေးဆိုင်ရာဈေးကွက်များနှင့် လုံလောက်မှုမရှိသော အခြေခံအဆောက်အအုံများသည် အဓိက ရင်းနှီးမြှုပ်နှံသူများကို အတားအဆီးဖြစ်ပေါ်စေလျက်ရှိသည်။

တာလီဘန်တို့အာဏာပြန်လည်ရရှိမှု သုံးနှစ်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အာဖဂန်နစ္စတန်နိုင်ငံသည် ပြဿနာပေါင်းများစွာဖြင့်သာ ရင်ဆိုင်ရလျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လကတည်းက တာလီဘန်အစိုးရသည် စိုးရိမ်ပူပန်မှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများနှင့် တိုင်းပြည်ကိုအုပ်ချုပ်ခဲ့ရသည်။ အာဖဂန်နစ္စတန်ကို အကြမ်းဖက်သမားများ ခိုအောင်းရာနေရာအဖြစ် မှကာကွယ်သွားမည်ဆိုသော ကတိကဝတ်မှာလည်း လက်တွေ့ဖြစ်မလာခဲ့ပေ။ အိမ်နီးချင်းနိုင်ငံများက တာလီဘန်အစိုးရ၏ကြိုးပမ်းမှုများကို အသိအမှတ်မပြုသေးသည့်တိုင်အောင် တာလီဘန်တို့အနေဖြင့် အဆိုပါလမ်းကြောင်းအတိုင်းသာ ဆက်လက်သွားနေရမည့်အလားအလာရှိနေသည်။

ဆိုရလျှင် နိုင်ငံတကာအထောက်အပံ့နှင့် ရပ်တည်နေရသော တာလီဘန်အစိုးရအဖွဲ့သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို လက်တွေ့ကျကျဖော်ဆောင်နိုင်ခြင်းမရှိသဖြင့် တိုင်းပြည်လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် ဆင်းရဲတွင်းနက်နေဆဲပင်ဖြစ်သည်။ လက်ရှိအချိန်တွင် တာလီဘန်အစိုးရအဖွဲ့ကိုပေးအပ်နေသည့် နိုင်ငံတကာအထောက်အပံ့များ လျော့နည်းလာနိုင်သဖြင့် တိုင်းပြည်စီးပွားရေးသည် ပိုမိုကျပ်တည်းလာဖွယ်ရာရှိသည်။ ထို့ကြောင့် တာလီဘန်အစိုးရအနေဖြင့် တိုင်းပြည်အတွင်းမှ လူသားအရင်းအမြစ်များ ပြည်ပသို့စီးထွက်မှုမရှိစေရေး၊ လူငယ်များခေတ်မီပညာသင်ယူခွင့်ရရှိစေရေးတို့ကိုအလေးထားဆောင်ရွက်ကာ တိုင်းပြည်စီးပွားရေးတိုးတက်မှုအတွက် မဟာဗျူဟာများချမှတ်ဆောင်ရွက်သွားရန် လိုအပ်လာပြီဖြစ်ပေသည်။

**ကိုးကား**


(1) Can Afghanistan's Economy Survive Without Aid? by The Diplomat.

(2) Afghanistan still a threat to the region & beyond by Asia Times.


ဝင်းဇင်(သုတေသန)

# ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တွင် သီတင်းကျွတ်လပြည့်ည ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပမည်



**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တွင် သီတင်းကျွတ်လပြည့်ည ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ဝင် ဦးသိန်းစုက ပြောပြ၍ သိရသည်။

သီတင်းကျွတ်လပြည့်ဖြစ်သော အောက်တိုဘာ ၁၇ ရက် နံနက် ၅နာရီခွဲတွင် စေတီတော်ကြီးတွင်ရှိသည့် ဗုဒ္ဓဆင်းတုတော်များကို ပန်း၊ ရေချမ်း၊ ဆီမီးများနှင့်အတူ အရုဏ်ဆွမ်းကပ်လှူမည်ဖြစ်ပြီး နံနက် ၇ နာရီမှစ၍ နန်းဦးတန်ဆောင်းတွင် အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း အစီအစဉ်များကို ပြုလုပ်သွားရန် ပြင်ဆင်ထားကြောင်း သိရသည်။

"မနက်ပိုင်းမှာက အရုဏ်ဆွမ်းကပ်ကြမှာပါ။ ညနေပိုင်းကစပြီးတော့ ဆီမီးပူဇော်ပွဲလုပ်မယ်။ ညနေ ၅ နာရီခွဲမှာ ဘုရားဝင်းထဲက တိုးချဲ့ဓမ္မရင်ပြင်မှာ လုပ်မှာပါ"ဟု ဦးသိန်းစုက ပြောပြသည်။

သီတင်းကျွတ်လပြည့်ဖြစ်သည့် အောက်တိုဘာ ၁၇ ရက် ညနေပိုင်းမှစ၍ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် တိုးချဲ့ဓမ္မရင်ပြင်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ကျင်းပသွားမည်ဖြစ်သည့်အတွက် ရဟန်းရှင်လူပြည်သူများအနေဖြင့် ကုသိုလ်ပြုကာပါဝင်နိုင်ရန် နှိုးဆော်ထားလျက်ရှိကြောင်း သိရသည်။ ASH

# ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် Take My Breath ဇာတ်ကားကို တူနီးရှားရွေးချယ်

**နယူးယောက် အောက်တိုဘာ ၃**

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲအကောင်းဆုံးနိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုအတွက် နိုင်ငံကိုယ်စားပြု ဇာတ်ကားအဖြစ် Take My Breath အမည်ရှိဇာတ်ကားကို တူနီးရှားနိုင်ငံက ရွေးချယ်တင်သွင်းသွားကြောင်း အောက်တိုဘာ ၁ ရက် သတင်းများအရ သိရသည်။

Take My Breath ဇာတ်ကားသည် ရှားမားအမည်ရှိ အပ်ချုပ်သမအမျိုးသမီးတစ်ဦး၏ဘဝကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို တူနီးရှားဒါရိုက်တာ နာဒူမက်နီဟာဖိတ်က တာဝန်ယူရိုက်ကူးပေးထားသည်။

Take My Breath ဇာတ်ကားတွင် တူနီးရှားမင်းသား မိုအမ်မက်အမ်ရက်နှင့် မင်းသမီး အမ်မီနီဆင်အစ္စမေးတို့ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

၉၇ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံးနိုင်ငံတကာရုပ်ရှင်ဆု ဆန်ကာတင်စာရင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲကို ၂၀၂၅ ခုနှစ် မတ် ၂ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့နယ်မြေ အီဗာလီဟေးမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် နှောင် ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၃**

အောက်တိုဘာ ၄ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် နှောင် ရုပ်ရှင်ဇာတ်ကား Premiere Show ကို အောက်တိုဘာ ၂ ရက် ညပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်ကားတွင် အဓိကသရုပ်ဆောင် အကယ်ဒမီ နေတိုးက ပြောပြ၍ သိရသည်။

နှောင် အမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာကြီး ရွှေဒုံးဘီအောင်၏ ဝတ္ထုဇာတ်လမ်းကို လွင်မင်းအံ့က ဇာတ်ညွှန်းရေးထားပြီး ဒါရိုက်တာ အကယ်ဒမီ ဩရသက ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ လိုတာထက်ပိုတဲ့ စိတ်ခံစားမှုတွေရှိကြတဲ့အခါ ညှို့နှိုင်းယူရမဲ့ အရာလေးကို လိုအပ်တာထက်ပိုပြီး Social ကျချင်တာတို့၊ အခွင့်အရေးလိုချင်တာတို့၊ တစ်ဖက်ကလဲ လိုအပ်တာထက်ပိုပြီး ရိုးလွန်း၊ အလွန်းတာအပေါ်မှာ ဖြစ်လာတဲ့ခံစားချက်ကြောင့် ဖြစ်ပေါ်လာတဲ့စကားလုံးတွေကတော့ ပုံမှန်ပြောနေကြစကားတွေထက် နည်းနည်းကျွံလွန်းနေတာပေ့ါ။ အဲဒါကြောင့် အရက်နဲ့လူနဲ့မြည်းမလို့ စကားလုံးတွေဖြစ်လာတာပါ"ဟု သရုပ်ဆောင်နေတိုးက ပြောပြသည်။



နှောင် အမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် နေတိုး၊ ဖြိုးငွေစိုး၊ တင်မောင် ဆန်းမင်းဝင်း၊ သူရိယ၊ ပိုးမမီသာ၊ နော်ဖောအယ်ထားနှင့် ရုပ်ရှင်သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# The Map that Leads to You ဇာတ်ကားတွင် မင်းသမီး မက်ဒလင်းကလိုင်း ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၃**

Amazon MGM ကုမ္ပဏီ၏ The Map that Leads to You ဇာတ်ကားသစ်တွင် မင်းသမီး မက်ဒလင်းကလိုင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အချစ်ဒရမ်မာဇာတ်ကားသစ်ဖြစ်သည့် The Map that Leads to You ဇာတ်ကားတွင် မင်းသမီး မက်ဒလင်းကလိုင်းသည် မင်းသား ကေဂျယ်အက်ပါနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။


The Map that Leads to You ဇာတ်ကားကို ဆွီဒင်ဒါရိုက်တာ လက်ဆီအဲစထရွမ်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ မူရင်းဝတ္ထုမှာ စာရေးဆရာ ဂျေပီမွန်နင်ဂျာ ရေးသားထားသည့် The Map that Leads to You ဝတ္ထုဖြစ်သည်။

မင်းသမီး မက်ဒလင်းကလိုင်းသည် Netflix ကုမ္ပဏီ၏ Outer Banks ဇာတ်လမ်းတွဲဖြင့် ထင်ရှားသူဖြစ်သည်။

လက်ရှိအချိန်တွင် The Map that Leads to You ဇာတ်ကား ရုံတင်ပြသမည့်နေ့ကို Amazon MGN က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Mahar Application မှ ပြသလျက်ရှိသည့် အမုန်းမြစ်ကမ်းပါး ဇာတ်လမ်းတွဲ Press Conference Show ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၃**

ခရေဖြူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ပြီး Mahar Application မှ HD Quality ဖြင့် ပြသလျက်ရှိသည့် အမုန်းမြစ်ကမ်းပါး ဇာတ်လမ်းတွဲ Press Conference Show ကို အောက်တိုဘာ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ကန်သာယာ Shopping Mall ရှိ Ragoon Cineplex တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာသားညီထံမှ သိရသည်။

အဆိုပါ အမုန်းမြစ်ကမ်းပါး ဇာတ်လမ်းတွဲသည် စာရေးဆရာရှား၏ ဝတ္ထုဇာတ်လမ်းကို ငွေစင်သွန်း၊ သင်းနုံ့သာ၊ ဟန်စက်၊ မုဒြာတို့က ဇာတ်ညွှန်းခွဲထားကာ ဝင်းမြင့်က ရိုက်ကွင်းဇာတ်ညွှန်းအဖြစ်တာဝန်ယူထားပြီး ဒါရိုက်တာ သားညီက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ရက်ပေါင်း ၄၀ ကျော်လောက် အနုပညာမောင်နှမတွေနဲ့ မိုးတွင်းကာလကြီးမှာ ရိုက်ကူးခဲ့ကြတာ ဖြစ်ပါတယ်။ ကျောင်းဆရာမ တစ်ယောက်က ကောင်လေးတစ်ယောက်နဲ့ ချစ်မိသွားတဲ့ ဇာတ်လမ်းလေးပါ။ အပိုင်း ၂၀ ပါပါတယ်။ ရိုမန့်ဆိုတော့ လောင်ရမှာမဟုတ်ပေမဲ့ နည်းနည်းခံစားချက်ပေါက်ကွဲတာလေးတွေ တော့ပါပါတယ်။ အမုန်းမြစ်ကမ်းပါးက ဘယ်လိုဖြစ်မလဲဆိုတာ ကြည့်ရှုအားပေးကြအုံးလို့ ပြောချင်ပါတယ်"ဟု ဒါရိုက်တာ သားညီက ပြောပြသည်။

ခရေဖြူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် အမုန်းမြစ်ကမ်းပါး ဇာတ်လမ်းတွဲကို Mahar Application မှ HD Quality ဖြင့် စက်တင်ဘာ ၃၀ ရက်မှစ၍ ည ၇နာရီတိုင်း ထုတ်လွှင့်ပေးနေပြီဖြစ်ပြီး သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် အောင်ရဲလင်း၊ တိုင်ရွန်၊ မိုးဟေကို၊ ဆောင်းဝတ်ရည်မေ၊ ထူးသာ၊ ရဲမွန်၊ ထူးမွန်၊ တင်ဇာဝင်းပြည့်၊ ယွန်းရွှေရည် စသည့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Pathein Township successfully cultivates over 1,400 acres of mixed crops during monsoon season


A vegetable plantation.

**Pathein October 3**

In the Pathein District of Ayeyawady Region, 1,421 acres of mixed crops have been planted this year during the monsoon crop planting season, according to U Win Soe, Head of the Pathein District Department of Agriculture.

In Pathein Township, 1,421 acres were designated for planting various crops this year during the monsoon season, and planting began in the first week of June. As of now, all 1,607 acres planned for planting have been completed. The planted crops include 299 acres of maize, 207 acres of groundnuts, 109 acres of pigeon peas, 101 acres of chilies, and 705 acres of various vegetables.

"In Pathein Township, during this year's monsoon planting season, we have cultivated all 1,421 acres as planned. Everything has been fully planted now. To exceed the initial planting targets, we implemented systematic and integrated approaches. We also ensured the planting of quality seeds and provided technical support to farmers to prevent pest infestations and ensure marketable crops. Before planting, the Department of Agriculture carried out knowledge-sharing activities with farmers, offering them technical advice and other forms of support. This year, we aimed to plant crops suitable for the region and with market demand," said U Win Soe.

To ensure the success of the crops planted in Pathein Township this monsoon season, prevent pest infestations, and minimize damage from natural disasters or other issues, the Department of Agriculture has been actively conducting on-site knowledge-sharing activities for farmers. Kyaw Kyaw Lin

# Farmers finish cultivation of more than 7,000 acres of vegetables in Kalay Township

**Kalay October 3**

Statistics of Kalay Township Agriculture Department stated that a total of 7,994 acres of vegetables have been planted in croplands in Kalay Township of Sagaing Region this monsoon.

In 2024-25 monsoon, local farmers planted 7,994 acres of vegetable crops against the target of 8,040 acres in Kalay Township.

U Naing Tun Win, Head of Kalay Township Agriculture Department clarified: "We earmarked cultivation of more than 8,000 acres of vegetables in Kalay Township this monsoon but local farmers have planted more than 7,000 acres of crops. They are striving for meeting the target cultivation. They grow mustard, chilli, spicy, potato, cabbage, eggplants, cauliflowers, Chinese cabbage and others. We share techniques with local farmers to produce healthy crops with least chemical residue."


A vegetable farm.

This year, officials of Township Agriculture Department conduct training courses for local farmers and agricultural staff to enhance their capacity to grow vegetables in the township. Moreover, the training gives techniques to local farmers to produce healthy crops with chemical residues and expanding the sown acreage of crops.

Vegetable plantations are thriving in Kalay Township. Hence, officials of the Township Agriculture Department disseminate knowledge about correct agricultural techniques, prevention of pests and systematic use of fertilizers and pesticides. 206

# Pyapon Township sends more than 80,000 baskets of Thai Baykyar paddy to Yangon market

**Pyapon October 3**

Local businesspersons in Mawlamyinegyun Township of Ayeyawady Region sent 83,000 baskets of Thai Baykyar paddy to Yangon market in August, said Daw Moe Thuzar, the owner of rice and paddy trading commodity in Pyapon Township.

They sold 55,000 baskets of Thai Baykyar paddy to Yangon market in July but 83,000 baskets in August.

Daw Moe Thuzar explained: "Local businesspersons shipped 83,000 baskets of Thai Baykyar paddy to Yangon market in August. They sold most of agricultural produce to Yangon market. Thai Baykyar is one of the non-premium paddy strains. It is in the high demand due to purchase from merchants of Yangon. It fetches high prices."

Thai Baykyar paddy fetched K195,000 per 100 baskets in Yangon market in August. Due to high prices of paddy, local farmers, merchants and those in production change are convenient in earning incomes for their families. Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Bogale Township ships 690,000 banana bunches to Yangon market in Sept

**Bogale October 3**

Up to 690,000 banana bunches from Bogale Township, Phapon District, Ayeyawady Region were sold to the Yangon market in September, said Daw Le Le Win, an owner of banana trading fair in Bogale Township.

Local bananas from Bogale Township are being shipped to the Yangon market alone. During August, only 420,000 banana bunches were sold, and it is reported that the most types of bananas, such as Pheegyan, Rakhine, Thimhwe and Sinswe, were sold.

"During September, we sold many kinds of bananas to the Yangon market. Only local crops were shipped and sold. Bananas are being transported by sea as well as by land. There is a high demand for bananas in the country. The price of banana is increased a little," she said.

The price of bananas sold from Bogale Township to the Yangon market was 155,000 kyats per 100 bunches of Pheegyan bananas, 95,000 kyats per 100 bunches of Rakhine bananas, 225,000 kyats per 100 bunches of Thimhwe bananas and 175,000 kyats per 100 bunches of Sinswe bananas. Kyaw Kyaw Lin


Newly plucked bananas.

# Over 4,900 acres of sunflowers planted in Depayin Township to boost local oil production


A sunflower plantation.

**Depayin October 3**

According to reports from the Department of Agriculture in Ye-U District, Sagaing Region, 4,928 acres of sunflower crops have already been planted in the Depayin Township during this year's monsoon planting season.

It is known that for the 2024-2025 monsoon season, a total of 5,163 acres of sunflowers are planned to be planted in Depayin Township, and since June of this year, 4,928 acres have been successfully cultivated.

"This year, we have planned to plant more than 5,000 acres of sunflowers in Depayin Township during the monsoon season. As of today, over 4,000 acres have been planted, and the work is ongoing. The cultivation of sunflowers, which are oil crops, has been expanded to reduce the import of palm oil. Sunflowers have a higher oil yield per acre compared to other crops like groundnuts and sesame," said U Zaw Myint Tun, Head of the District Agriculture Department in Ye-U.

To promote sunflower cultivation in Depayin Township, the Township Agriculture Department has been intensifying training sessions to increase the capacity of farmers and staff.

It is also reported that arrangements have been made to support sunflower farmers with seeds and affordable fertilizers, while promoting a system where farmers can exchange high-yield sunflower varieties with one another. 206

# Typhoon Krathon makes landfall in southern Taiwan

**Taipei October 3**

Typhoon Krathon made landfall in southern Taiwan's Kaohsiung at around 12:40 p.m. Thursday, according to the local meteorological agency.

The typhoon is forecast to move northeast and then north at an estimated speed of four to eight km per hour, packing winds of up to 126 km per hour near the center, the meteorological agency said.

According to the local disaster response center, as of Thursday morning, the typhoon has resulted in two fatalities, two people missing and over 120 injuries.

Typhoon Krathon has forced the suspension of classes and business operations in 22 counties and cities and the suspension of high-speed railway service in southern Taiwan until 6 p.m. Thursday.

The island's Taoyuan International Airport announced the suspension of 211 flights on Thursday, while 14 highway sections across the island were closed.

Xinhua

# Local fishermen, businesspersons supply 78,000 viss of octopuses to Yangon Market in September

**Labutta October 3**

Local fishermen and businesspersons from Labutta Township of Ayeyawady Region dispatched 78,000 viss of octopuses to Yangon market in September, said Daw Kyi Htay, the owner of marine product trading commodity centre in Labutta Township.

They sent 55,000 viss of octopuses to Yangon market in August compared with 78,000 viss in September. In this regard, the octopus with long tentacles fetched K21,500 per kilo and short ones K22,500 per kilo in the market.

Daw Kyi Htay continued: "Marine products including octopuses are sold to Yangon market from Labutta Township. Among them, 78,000 viss of octopuses were sent to Yangon market in September. The product is in the high demand in Yangon market. Its prices depend on fresh product, size and weighing. High demand for octopus helps increase earnings for local fishermen and businesspersons."


Octopuses put in a basket.

Thanks to high demand of octopus from Labutta Township to Yangon market, local fishermen and those in production chains can earn increased incomes for their families to as to improve socioeconomic life.

Kyaw Kyaw Lin

# Dozens of Chinese citizens evacuated from Lebanon to Cyprus

**Cyprus October 3**

About 80 Chinese citizens and their foreign family members successfully arrived on Tuesday at the Port of Limassol in Cyprus from Lebanon.

According to officials from the Chinese Embassy in Cyprus, the ship responsible for the evacuation departed from a Lebanese port at midnight on Monday and arrived at Limassol after a 13-hour-journey.

The Chinese Embassy in Cyprus set up a service desk at the Limassol Port to provide emergency services for processing relevant documents for Chinese compatriots, as well as foreign relatives of Chinese citizens.

The Chinese government has made every effort to overcome various difficulties and create conditions to ensure the safe evacuation of the citizens, said Liu Yantao, Chinese Ambassador to Cyprus.

Evacuees from Lebanon started trickling into Cyprus as tensions in the Middle East rose, and Cypriot authorities said on Wednesday that their plan to receive many more became "fully operational."

Many international airlines have suspended flights to the region and almost 80 flights to Middle East airports were diverted to other countries as the airspace over several countries was closed after the Iranian missile attack against Israel.

A crossing hub into the extended airspace controlled by Cyprus in the eastern Mediterranean was also closed while airport authorities said at least 11 planes headed to Beirut or Tel Aviv were diverted overnight to Larnaca airport.

Xinhua


Chinese citizens evacuated from Lebanon line up for procedures at the Port of Limassol, Cyprus, on Oct. 1, 2024.

# Farmers finish cultivation of more than 4,000 acres of monsoon crops in Myaungmya Township this year

**Myaungmya October 3**

A total of 4,688 acres of farmlands have been placed under varieties of monsoon crops in Myaungmya Township of Ayeyawady Region this year, said U Kyaw Moe Win, Head of Myaungmya District Agriculture Department.

Local farmers have planted monsoon crops on 4,688 acres of farmlands accounting for a cent per cent in Myaungmya Township. They cultivated 79 acres of corns, 60 acres of pigeon pea, four acres of herbal plants, 273 acres of sugarcane, 1,281 acres of tapioca, 2,600 acres of vegetables and 255 acres of taro, totalling 4,688 acres.

U Kyaw Moe Win, Head of Myaungmya District Agriculture Department said: "Myaungmya Township has planted 4,688 acres of monsoon crops this monsoon. Officials of the Agriculture Department provided necessary assistance for local farmers to overcome difficulties in growing the crops. They grew the largest acres of vegetables. Agricultural staff urged farmers to prevent pests with other agricultural techniques."

Officials of Agriculture Department, Irrigation and Water Utilization Management Department, Agricultural Mechanization Department and local authorities cooperate with each other in arrangement for easing difficulties of local farmers in agricultural tasks.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက ယူကရိန်းအထူးစစ်ဆင်ရေးတွင် တပ်ဖြန့်အသုံးပြုရန် Rapira-2 Counter-Drone စနစ်ကို စမ်းသပ်နိုင်ခဲ့



ရုရှားတပ်မတော်သည် စက်တင်ဘာ ၂၇ ရက်တွင် Kapustin Yar လေ့ကျင့်၊ စမ်းသပ်ရေးကွင်းတွင် ပြုလုပ်ခဲ့သော ပစ်ခတ်စဉ်သရုပ်ပြပွဲအတွင်း နောက်ဆုံးပေါ် Rapira-2 Counter-Drone စနစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက စက်တင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Rapira-2 တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကို AMN-590951 "Spartak" ဘက်စုံသုံး သံချပ်ကာယာဉ်ပေါ်တွင် တပ်ဆင်အသုံးပြုထားသည်။ အဆိုပါ သံချပ်ကာယာဉ်ကို ရုရှားနိုင်ငံ Streit Group က ၂၀၂၁ ခုနှစ်တွင် တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး တာဝန်အမျိုးမျိုးအတွက် အသုံးပြုနိုင်သည့် သံချပ်ကာယာဉ် အမျိုးအစားလည်းဖြစ်သည်။ ယာဉ်တင်အမျိုးအစားဖြစ်ပြီး စစ်ဆင်ရေးပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးတွင် Rapira-2 တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကို လျင်မြန်စွာ တိုက်ပွဲဝင်ဖြန့်ကြက်နိုင်စေမည်ဖြစ်ကာ ပြောင်းလွယ်ပြင်လွယ်ရှိစွာ လှုပ်ရှားစစ်ကစားနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Rapira-2 စနစ်တွင် ခေတ်မီရေဒါနှင့် Electro-Optical Complex အာရုံခံကိရိယာများ တပ်ဆင်ထားပြီး ကာမီကာဇီဒရုန်းများနှင့် FPV ဒရုန်းကဲ့သို့သော လေကြောင်းပစ်မှတ်ငယ်များကို ထောက်လှမ်း ခြေရာခံထိန်းကျောင်းကာပျက်ပြယ်စေနိုင်သည်။ အဆိုပါစနစ်တွင် အီလက်ထရွန်နစ် စစ်ဆင်ရေးစွမ်းရည်များကိုလည်း ပေါင်းစပ်ထည့်သွင်းထားပြီး ဒရုန်း၏လမ်းကြောင်းထိန်း ဆက်သွယ်ရေးအပေါ် ဖိဖျက်နှောင့်ယှက်မှုများပြုလုပ်နိုင်ကာ လိုအပ်ပါက တိုက်ရိုက်ပစ်ချနိုင်ရန် Hard Kill နည်းလမ်းပါ အသုံးပြုထားကြောင်း သိရသည်။

Rapira-2 စနစ်၏ ရေဒါနှင့် အီလက်ထရွန်နစ် အလင်းအာရုံခံကိရိယာများသည် ဝေဟင်နှင့် မြေပြင်ခြိမ်းခြောက်မှုဆိုင်ရာ အချက်အလက်များကို အတိအကျသိရှိနိုင်စွမ်းရှိပြီး လျင်မြန်သော ဖော်ထုတ်မှုနှင့် ထိရောက်သော ဆုံးဖြတ်ချက်ချမှတ်ခြင်းကို လွယ်ကူချောမွေ့စေသည်။ ပစ်မှတ်တစ်ခုကို ဖော်ထုတ်ပြီးသည်နှင့်Rapira-2 စနစ်သည် ဒရုန်း၏ဆက်သွယ်ရေးကို ဖိဖျက်နှောင့်ယှက်ခြင်း သို့မဟုတ် တိုက်ခိုက်ဖျက်ဆီးခြင်းတို့ကို ရွေးချယ်လုပ်ဆောင်နိုင်သည်။

Rapira-2 စနစ်ကို မကြာမီ ရုရှားနိုင်ငံ၏ အရေးကြီးစစ်ဘက်အခြေခံအဆောက်အအုံများတွင် ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစည်းဖြန့်ကြက်မည်ဖြစ်ကာ ရုရှားနိုင်ငံတစ်ခုလုံး၏ တန်ပြန်ဒရုန်း၊ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ပိုမိုခိုင်မာအားကောင်းစေနိုင်လိမ့်မည်ဖြစ်သည်။ ဤသည်မှာ ရုရှား-ယူကရိန်းအထူးစစ်ဆင်ရေး၊ အထူးသဖြင့် ခေတ်သစ်ပဋိပက္ခများအတွင်း ထိရောက်သောဒရုန်းတိုက်ဖျက်ရေးစနစ်များ ပိုင်ဆိုင်အသုံးပြုလာရေးအပေါ် ရုရှားနိုင်ငံ၏အလေးထားမှုကို အလေးပေးဖော်ပြလျက်ရှိသည်။ Rapira-2 နှင့် Rapira-3 တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များသည် အခြားနိုင်ငံများက ထုတ်လုပ်သော အလားတူဖြေရှင်းချက်များနှင့် ကွဲပြားခြားနားစွာ ဖွဲ့စည်းတည်ဆောက်ထားပုံရှိသည်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံ၏ C-UAS VAMPIRE တန်ပြန်မောင်းသူမဲ့လေယာဉ် တိုက်ဖျက်ရေးစနစ်သည် လေဆာလမ်းညွှန် Hydra 70 ပဲ့ထိန်းရော့ကတ်များကို အသုံးပြုထားသော်လည်း ယေဘုယျအားဖြင့် အဆင့်မြင့်လမ်းညွှန်ထိန်းကျောင်းမှု နည်းပညာကြောင့် ကုန်ကျစရိတ် ပိုမိုမြင့်မားလိမ့်မည်ဖြစ်သည်။

ရုရှား-ယူကရိန်း ပဋိပက္ခတွင် နှစ်နိုင်ငံစလုံးသည် ထိရောက်သော စစ်နည်းဗျူဟာများကိုချမှတ်ကာ လိုက်လျောညီထွေဖြစ်စေရန် ကျင့်သုံးအကောင်အထည်ဖော် အသုံးပြုလျက်ရှိကြသည်။ Rapira-2 စနစ်သည် တိုက်ပွဲဝင်ထိရောက်ကြောင်း သက်သေပြနိုင်ပါက ယူကရိန်းဘက်ကလည်း ဝေဟင်ခြိမ်းခြောက်မှုများကို တန်ပြန်ရန် အလားတူစနစ်များကို တီထွင်အသုံးပြုလာမည် ဖြစ်တော့သည်။

**Russia Successfully Tests Rapira-2 Counter-Drone System for Future Deployment in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်(တိုင်ပေ)က မြေပြင်အခြေစိုက် Harpoon ဒုံးကျည်စနစ်များအနက် ပထမဆုံးတစ်သုတ် လက်ခံရရှိ



တရုတ်(တိုင်ပေ)သည် အမေရိကန်နိုင်ငံမှ မှာယူထားသည့် မြေပြင်အခြေစိုက် Harpoon ဒုံးကျည်စနစ်အစုံ ၁၀၀ အနက် ပထမဆုံးတစ်သုတ်ကို စက်တင်ဘာ ၂၇ ရက်က လက်ခံရရှိခဲ့ကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါပေးပို့မှုသည် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံက အတည်ပြုပေးခဲ့သည့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၄ ဘီလီယံ ကာကွယ်ရေးသဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်ကြောင်း သိရသည်။

တရုတ်(တိုင်ပေ) အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနသည် အဆိုပါ သဘောတူညီချက်အတွက် ကနဦးအနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၄ ဘီလီယံခန့် ခွဲဝေအသုံးပြုခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ဒုံးကျည်စနစ်သစ်အတွက်အခြေခံအဆောက်အအုံများ တည်ဆောက်ရန် နောက်ထပ် အမေရိကန်ဒေါ်လာ သန်း ၄၇၀ ခန့် လိုအပ်လျက်ရှိသည်။ ၂၀၂၆ ခုနှစ်တွင် အသစ်ပေါ်ပေါက်လာမည့် ကမ်းရိုးတန်းကာကွယ်ရေး ကွပ်ကဲမှုဌာနသစ်က ကွပ်ကဲဦးစီးမည့် ဒုံးကျည်စနစ်အခြေစိုက်စခန်း ခြောက်ခုတွင် တရုတ်(တိုင်ပေ) ၏ ပြည်တွင်းထုတ် HsiungFeng ဒုံးကျည်စနစ်များနှင့်အတူ ကမ်းရိုးတန်းဒေသ၌ တပ်ဖြန့်ထားရမည့် Harpoon ဒုံးကျည်များကိုလည်း စမ်းသပ်ပစ်ခတ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဒုံးကျည်များသည် အကွာအဝေး ၁၂၄ ကီလိုမီတာကျော် ပစ်လွှတ်နိုင်စွမ်းရှိပြီး တိကျသည့်လမ်းညွှန်မှုစနစ်ဖြင့် ရေတပ်ပစ်မှတ်အမျိုးမျိုးကိုတိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။ တိကျပဲ့ထိန်းသင်္ဘောဖျက် လက်နက်တစ်ခုအဖြစ် ကာလကြာရှည်စွာ ရေပန်းစားခဲ့သည့် Harpoon ဒုံးကျည်စနစ်သည် တရုတ်(တိုင်ပေ)၏ ကမ်းရိုးတန်းဒေသများကို ကျူးကျော်တိုက်ခိုက်မှုများမှ ကာကွယ်နိုင်ရန်စွမ်းဆောင်ရည်ကို သိသိသာသာ မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

Harpoon ဒုံးကျည်စနစ်များ၏ မဟာဗျူဟာမြောက် အရေးပါမှုသည် တရုတ်(တိုင်ပေ)ကို မြေပြင်အခြေစိုက်စနစ်မှ ရန်သူ့သင်္ဘောများကို ပစ်မှတ်ထားတိုက်ခိုက်နိုင်သည့် စွမ်းဆောင်ရည်ပါရှိသဖြင့် အရေးပါသောသင်္ဘောဖျက်ဒုံးကျည်အမျိုးအစားတစ်ခုအဖြစ် သတ်မှတ်ထားသည်။ အမေရိကန်နိုင်ငံသည် တရုတ်(တိုင်ပေ)အတွက် အဓိကကျသော ကာကွယ်ရေး မိတ်ဖက်နိုင်ငံဖြစ်ပြီး ဖြစ်ပေါ်လာနိုင်မည့် ခြိမ်းခြောက်မှုများရန်မှ နိုင်ငံ၏ကာကွယ်ရေးစွမ်းအားကို အားကောင်းစေရန်အတွက် အရေးကြီးစစ်လက်နက်၊ စက်ပစ္စည်းကိရိယာများနှင့် နည်းပညာများကို အင်တိုက်အားတိုက် ပံ့ပိုးပေးလျက်ရှိသည်။ Harpoon ဒုံးကျည်စနစ်များကို တရုတ်(တိုင်ပေ)သို့ ရောင်းချပေးခြင်းသည် နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်များ ခိုင်ခံ့မြဲမြံစေရန်အတွက် အမေရိကန်နိုင်ငံ၏ မဟာဗျူဟာမြောက် လုပ်ဆောင်ချက်တစ်ရပ် ဖြစ်ကြောင်း သိရသည်။

၂၀၂၈ ခုနှစ်တွင် တရုတ်(တိုင်ပေ)၏ ဒုံးကျည်ကာကွယ်ရေးကွန်ရက်တွင် Harpoon ဒုံးကျည်စနစ်များကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်ထားရှိခြင်းဖြင့် တရုတ်(တိုင်ပေ)၏ လက်ရှိဒုံးကျည်ကာကွယ်ရေးစနစ်များဖြစ်သည့် HsiungFeng သင်္ဘောဖျက်ဒုံးကျည်များအပါအဝင် တရုတ်(တိုင်ပေ)၏ ကြားဖြတ်ဟန့်တားမှုစွမ်းရည်များကို ပိုမိုတိုးတက်လာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Taiwan receives Harpoon land-based missile systems ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဂရိနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကြောင့် တောမီးလောင်ကျွမ်းပြီး လူနှစ်ဦးသေဆုံး



**အေသင် အောက်တိုဘာ ၃**

ဂရိနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ပေါ့ဆမှုကြောင့် စက်တင်ဘာ ၂၉ ရက်မှစ၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ကြောင်း ဂရိမီးသတ်တပ်ဖွဲ့က အောက်တိုဘာ ၂ ရက်တွင်အတည်ပြုပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂရိနိုင်ငံတောင်ပိုင်း ပယ်လိုပနီဒေသ၏ တောင်ကုန်းဒေသတစ်ခုတွင် တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် မြေဧက ၁၆၀၀၀ ခန့် မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း ဂရိနိုင်ငံ မိုးလေဝသဌာနကထုတ်ပြန်သော ဂြိုဟ်တုမြေပုံပါ အချက်အလက်များကို ကိုးကား၍ ဂရိမီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး ဂရိမီးသတ်တပ်ဖွဲ့အနေဖြင့် မီးငြိမ်းသတ်ရေးလေယာဉ် ၁၁ စင်း၊ စေတနာ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၅၇၀၊ မီးသတ်ကားအစီးရေ ၁၆၀ ကို အသုံးပြု၍ လေးရက်ကြာ ငြိမ်းသတ်ခဲ့ရာ တောမီးကို ထိန်းချုပ်နိုင်သော အခြေအနေသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့က အောက်တိုဘာ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

တောမီးကြောင့် အဆောက်အအုံတချို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကာ အဆိုပါဒေသရှိ သမိုင်းဝင် အဆောက်အအုံတချို့ပါ ထိခိုက်မှုဖြစ်ပွားခဲ့သဖြင့် ကျေးရွာတချို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကို အီတလီ၊ ခရိုအေးရှား စသည့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ လာရောက်ကူညီပေးခဲ့ရကြောင်း၊ မီးလောင်ကျွမ်းမှု ဖြစ်ပွားအောင် ပေါ့ဆခဲ့သော ပျားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူကို တရားဥပဒေအရ အရေးယူသွားရန် စီစဉ်လျက်ရှိကြောင်း ဂရိမီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# တရုတ်(တိုင်ပေ)တွင် ကရာသွန် တိုင်ဖွန်းမုန်တိုင်းကြောင့် လူနှစ်ဦးသေဆုံး

**တိုင်ပေ အောက်တိုဘာ ၃**

တရုတ်(တိုင်ပေ)တွင် ကရာသွန်ဟု အမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကရာသွန် တိုင်ဖွန်းမုန်တိုင်းသည် တရုတ်(တိုင်ပေ)အနောက်တောင်ဘက်ပိုင်းသို့ ယနေ့တွင် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး လေကြောင်းခရီးစဉ်များကိုလည်း ယာယီ ရပ်ဆိုင်းထားရကြောင်း၊ ကရာသွန် တိုင်ဖွန်းမုန်တိုင်းသည် အဓိက ဆိပ်ကမ်းမြို့ဖြစ်သည့် ကောင်းစီယွမ်မြို့ကို ဗဟိုပြု၍ တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းကာ လေတိုက်နှုန်းအားကောင်းသည့်အတွက် ကမ်းခြေများတွင် လှိုင်းလုံး ကြီးမားလာကြောင်း၊ ကောင်းစီယွမ် ဆိပ်ကမ်းမြို့သည် လူဦးရေ ၂ ဒသမ ၇ သန်း ကျော်နေထိုင်သည့် ဆိပ်ကမ်းမြို့ဖြစ်ပြီး မုန်တိုင်းကြောင့် အပျက်အစီးများ နေကြောင်း သိရသည်။

"မုန်တိုင်းနဲ့ ပတ်သက်ပြီး စောင့်ကြည့်လေ့လာရေးကင်မရာတွေကနေတစ်ဆင့် စောင့်ကြည့်နေပါတယ်။ မုန်တိုင်းအားကောင်းတဲ့အတွက် မြို့ခံတွေ အခက်တွေ့နေရပါတယ်။ အန္တရာယ်ရှိတဲ့အခြေအနေလဲဖြစ်ပါတယ်။ အတတ်နိုင်ဆုံး မလိုအပ်ဘဲ အပြင်မထွက်ကြဖို့ ပြည်သူတွေကို အသိပေးအပ်ပါတယ်"ဟု ကောင်းစီယွမ်မြို့တော်ဝန် ချန်ချီမိုင်က ပြောကြားခဲ့သည်။

သေဆုံးသူနှစ်ဦးတွင် တစ်ဦးမှာ အန္တရာယ်ရှိသည့်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းရင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်တစ်ဦးမှာ သစ်ပင်သည် မော်တော်ကားပေါ် လဲကျခဲ့ခြင်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အမေဇုန်သစ်တောကြီးဝိုင်းအတွင်း မိုးခေါင်ရေရှားမှုကို အရေးပေါ်အခြေအနေသတ်မှတ်

**ဘရာဇီးလီးယား အောက်တိုဘာ ၃**

ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောကြီးဝိုင်းအတွင်း မိုးခေါင်ရေရှားမှုဖြစ်ပေါ်နေပြီး သောက်သုံးရေရှားပါးလာမှု၊ တောတွင်းတိရစ္ဆာန်များ၏ စားကျက်ရှားပါးမှုနှင့် အမေဇုန်မြစ် ခန်းခြောက်လာမှုတို့ကြောင့် မိုးခေါင်ရေရှားမှုပြဿနာကို အရေးပေါ်အခြေအနေသတ်မှတ်ကြောင်း ဘရာဇီးအစိုးရက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အမေဇုန်သစ်တောကြီးဝိုင်း အနီးရှိဒေသများမှ ဒေသခံများသည် သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးအတွက် အမေဇုန်မြစ်ဝှမ်းမှ ရေကြောင်းခရီးကိုသာ အားထားနေရသည့် အခြေအနေတွင် မြစ်ရေခန်းခြောက်လာမှုကြောင့် ပြည်သူများ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသွားသည့် အခြေအနေဖြစ်ကြောင်း၊ ဘရာဇီးအစိုးရက မိုးခေါင်မှုကြောင့် သောက်သုံးရေ ရှားပါးသည့် ပြဿနာဖြင့် ရင်ဆိုင်နေရသည့် ပြည်သူများအတွက် သောက်သုံးရေများလှူဒါန်းပေးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

"အမေဇုန်သစ်တောကြီးဝိုင်းနဲ့ အနီးပတ်ဝန်းကျင်မှာ နေထိုင်တဲ့ ပြည်သူတွေ သောက်သုံးရေအခက်အခဲရှိနေပါတယ်။ မိုးခေါင်ရေရှားမှုက ကာလရှည်ကြာသွားနိုင်တဲ့အတွက် မိုးခေါင်ရေရှားမှုအရေးပေါ်အဆင့်အဖြစ် သတ်မှတ်လိုက်ပါတယ်"ဟု ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



မိုးခေါင်ရေရှားမှုနှင့် ပတ်သက်ပြီး ဒေသ ၆၇ ခုကို မိုးခေါင်ရေရှားမှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# နိုင်ဂျီးရီးယား… 

# နိုင်ရိုဘီမြစ်ရေ ညစ်ညမ်းမှုက စက်ရုံ၊ အလုပ်ရုံများကြောင့်ဟု ကင်ညာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဆို

**နိုင်ရိုဘီ အောက်တိုဘာ ၃**

ကင်ညာနိုင်ငံတွင် နိုင်ရိုဘီမြစ်ရေ ရေထုညစ်ညမ်းမှုဖြစ်ပွားရခြင်းသည် စက်ရုံ၊ အလုပ်ရုံများမှ ရေဆိုးစွန့်ထုတ်မှုကြောင့် အဓိကဖြစ်ပွားရခြင်းဖြစ်ကြောင်း ကင်ညာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး အဒမ်ဒူလီက အောက်တိုဘာ ၂ ရက်တွင် ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကင်ညာနိုင်ငံတွင် နိုင်ရိုဘီမြစ်ကို ညစ်ညမ်းမှုဖြစ်ပေါ်စေသော အဓိကပွဲ့ပိုးနေသူများမှာ ရွှေ့ပြောင်းအခြေချနေထိုင်သူများမဟုတ်ဘဲ လူလတ်တန်းစား အိမ်ထောင်စုများ၊ စက်မှုလုပ်ငန်းများနှင့်ကုမ္ပဏီကြီးများကြောင့်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး အဒမ်ဒူလီက အောက်တိုဘာ ၂ ရက်က ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော်၌ ပြောဆိုခဲ့ကြောင်း သိရသည်။

"နိုင်ရိုဘီမြစ် ညစ်ညမ်းပြီး ပျက်စီးယိုယွင်းနေတာ ရွှေ့ပြောင်းအခြေချ နေထိုင်သူတွေကြောင့် မဟုတ်ပါဘူး။ သူတို့မှာ အမှိုက်ပစ်စရာလဲမရှိသလို စွန့်ပစ်စရာလဲ မရှိပါဘူး"ဟု အဒမ်ဒူလီက ပြောကြားခဲ့သည်။

မြစ်ရေထုညစ်ညမ်းမှုနှင့် ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်း ၁၄၅ ခုက နိုင်ရိုဘီမြစ်ထဲသို့ ရေဆိုးများစွန့်ထုတ်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင် ဥပဒေများကို တင်းတင်းကျပ်ကျပ် ကျင့်သုံးရန်လိုအပ်ကြောင်းနှင့် အမှိုက်စီမံခန့်ခွဲမှုတွင် ပျက်ကွက်မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးတွင် တာဝန်ရှိကြောင်း အဒမ်ဒူလီက ပြောကြားခဲ့သည်။

ရေထုညစ်ညမ်းမှုကို အကြီးကျယ်ဆုံးဖြစ်ပေါ်စေသော ကုမ္ပဏီနှစ်ခုမှာ နိုင်ရိုဘီရေနှင့်မိလ္လာကုမ္ပဏီ၊ အေသီရေနှင့်မိလ္လာကုမ္ပဏီတို့ဖြစ်ကြောင်း၊ ထို့ပြင် အခြား စက်မှုလုပ်ငန်းများကလည်း အမှိုက်များကို မြစ်ကမ်းတစ်လျှောက် စည်းကမ်းမဲ့စွန့်ပစ်လျက်ရှိရာ တာဝန်ရှိသူများအနေဖြင့် အဆိုပါစည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည်ဟု အဒမ်ဒူလီက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# အမေရိကန်နိုင်ငံတွင်း ရေကြီးရေလျှံမှုကို Scenic Helicopter Tours ကုမ္ပဏီက ရဟတ်ယာဉ်များဖြင့် ကင်းထောက်မှုများ ကူညီပေးသွားမည်

**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်အခြေစိုက် Scenic Helicopter Tours က ကုမ္ပဏီပိုင်ရဟတ်ယာဉ်များအသုံးပြုကာ လေကြောင်းကင်းထောက်မှုများဖြင့် အမေရိကန်နိုင်ငံအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားနေမှုကို ပြည်သူများအား အသိပေးနိုင်ရေး ကူညီပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုများဖြစ်ပွားနေသည်ကို အချိန်နှင့်တစ်ပြေးညီ မသိရသည့်အတွက် ပြည်သူတချို့မှာ မလိုလားအပ်သောဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရကြောင်း၊ အချို့သော ပြည်သူများမှာ ရေကြီးရေလျှံမှုဖြစ်ပွားနေသည့်ဧရိယာကို အတိအကျမသိရသည့်အတွက် အသက်ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအားနည်းချက်ကြောင့် သဘာဝဘေးအန္တရာယ်တွေ ဆက်တိုက်ဖြစ်ပေါ်နေပါတယ်။ အမေရိကန်နိုင်ငံမှာလဲ သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ ရေကြီးရေလျှံမှုတွေ၊ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်နေတယ်။ ပြည်သူတွေကို တတ်နိုင်တဲ့ဘက်ကနေ ကူညီပေးဖို့အတွက် ကုမ္ပဏီပိုင် ရဟတ်ယာဉ်တွေကို အသုံးပြုပြီး သဘာဝဘေးတွေနဲ့ ရင်ဆိုင်နေရတဲ့နေရာကို ကင်းထောက်ကာ ပြည်သူတွေ သဘာဝဘေးအန္တရာယ် ကျရောက်မှုကို ရှောင်ရှားနိုင်ဖို့ အသိပေးသွားပါမယ်" ဟု Scenic Helicopter Tours ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ လက်စ်စင်တာက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ကာတာနိုင်ငံ ဒိုဟာမြို့၌ကျင်းပသည့် တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့(အေစီဒီ)၏ ထိပ်သီးအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်




**ဒိုဟာ အောက်တိုဘာ ၃**

ကာတာနိုင်ငံ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေသည် ယနေ့တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ကျင်းပသည့် တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့(အေစီဒီ)၏ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

ဒိုဟာမြို့ရှိ ရစ်ကာလ်တန်ဟိုတယ်၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေး၌ အေစီဒီအဖွဲ့ဝင်နိုင်ငံများက အေစီဒီထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ကာတာနိုင်ငံက သတ်မှတ်ထားသည့် ဘာသာရပ်ခေါင်းစဉ်ဖြစ်သည့် "အားကစားရေးရာ သံတမန်ဆက်ဆံရေး"အပေါ် ကြိုဆိုခဲ့ကြကာ ကိုယ်စားလှယ်အဖွဲ့အသီးသီးက သက်ဆိုင်ရာနိုင်ငံအလိုက် မိန့်ခွန်းများပါဝင်ပြောကြားသည်။

တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့နံနက်ပိုင်းတွင် မိန့်ခွန်းတစ်ရပ်ပါဝင်ပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အေစီဒီလက်ရှိဥက္ကဋ္ဌ အီရန်နိုင်ငံ၏ခေါင်းဆောင်မှုကို အသိအမှတ်ပြုပါကြောင်းနှင့် ထို့ပြင် ၂၀၂၅ ခုနှစ် အေစီဒီဥက္ကဋ္ဌသစ်အဖြစ် လွှဲပြောင်းတာဝန်ယူဆောင်ရွက်မည့် ထိုင်းနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကိုကြိုဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအား အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးအတွင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် အေစီဒီပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအလိုက်ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့ကြသည်။

အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများက အေစီဒီအတွင်းရေးမှူးချုပ်အဖြစ် မကြာသေးမီကခန့်အပ်ခဲ့သည့် ကူဝိတ်နိုင်ငံမှ သံအမတ်ကြီး Nasser Raden Thamer Al-Mutairiနှင့် ဒုတိယအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့သည့် အီရန်နိုင်ငံမှ သံအမတ်ကြီး Mohammed Taghi Hosseini တို့အား ဝမ်းမြောက်ဂုဏ်ယူကြောင်း ထည့်သွင်းပြောကြားခဲ့ကြသည်။ထို့ပြင်အစည်းအဝေးရလဒ်အဖြစ် "ဒိုဟာကြေညာချက်"ကို အဖွဲ့ဝင်နိုင်ငံများအားလုံး၏တူညီဆန္ဒဖြင့် ထုတ်ပြန်နိုင်ခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးအတွင်း နိုင်ငံတော်အစိုးရ၏ငြိမ်းချမ်းရေး၊ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် အထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အေစီဒီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ရှင်းလင်းပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် အိမ်ရှင်ကာတာနိုင်ငံအကြီးအကဲ ရှိတ် တမင်း(မ်) ဘင် ဟမတ် အယ်တာနီက တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့များကို ဒိုဟာမြို့ရှိ ရစ်ကာလ်တန်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အာရှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့(အေစီဒီ)ကို ၂၀၀၂ ခုနှစ် ဇွန်လက ထိုင်းနိုင်ငံ ချာအမ်းမြို့၌စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။ လက်ရှိတွင် အေစီဒီ၌ ဒေသတွင်းအုပ်စုကြီး ငါးခုဖြစ်သည့် အရှေ့တောင်အာရှအုပ်စု၊ တောင်အာရှအုပ်စု၊ အနောက်အာရှအုပ်စု၊ ဗဟိုအာရှအုပ်စုနှင့် အရှေ့အာရှအုပ်စုတို့ကို အသီးသီးကိုယ်စားပြုသည့် အဖွဲ့ဝင်နိုင်ငံ ၃၅ နိုင်ငံပါဝင်သည်။ မြန်မာနိုင်ငံသည် အေစီဒီစတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ယေဘုယျအားဖြင့် အာရှနိုင်ငံများအကြား အပြန်အလှန်အမှီသဟဲပြုရေးကို မြှင့်တင်သွားရန်နှင့် အာရှတိုက်မှ အာရှအသိုက်အဝန်းအဖြစ်သို့ ပြောင်းလဲရန် ရည်ရွယ်လျက်အေစီဒီကို ဖွဲ့စည်းထားခြင်းဖြစ်သည်။အေစီဒီအတွင်းရေးမှူးရုံးကို ကူဝိတ်မြို့၌ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိတွင် အေစီဒီအဖွဲ့ဝင်နိုင်ငံများအကြား "ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်" နှင့်ကိုက်ညီသည့်အဓိကမဏ္ဍိုင်ကြီး ခြောက်ခု၌ ဦးစားပေးပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီထားသည်။ အဆိုပါ အဓိကမဏ္ဍိုင်ကြီး ခြောက်ခုမှာ (က)ပေါင်းစည်းဆက်နွယ်မှု၊ (ခ)သိပ္ပံ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှု၊ (ဂ)ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ (ဃ)စားနပ်ရိက္ခာ၊စွမ်းအင်နှင့်ရေဖူလုံရေး၊ (င)ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်း၊ (စ)အားလုံးပါဝင်ရေးနှင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။

ကာတာနိုင်ငံ၌ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ အေစီဒီအဖွဲ့ဝင်နိုင်ငံ ၃၂ နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ပြိုင်ပွဲ အမျိုးအစားအလိုက် ယှဉ်ပြိုင် ကစားနေမှုကို တွေ့ရစဉ်။

☆ **ကျောဖုံးမှအဆက်**

တပ်မတော်ပြေးခုန်ပစ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမင်းမင်းအောင်နှင့် ဗိုလ်မှူးကြီးအေးမင်းသန့်တို့က လည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဒိုင်းဆု၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသား၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆု ရရှိသောကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းတို့ကို ဗိုလ်ချုပ်လှမိုးကလည်းကောင်းဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)တွင်လည်းကောင်း၊တပ်မတော်(ကြည်း၊ရေ၊လေ)အမျိုးသား၊အမျိုးသမီးဘောလီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသားကွာတားအဆင့် ပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိတပ်နယ်အားကစားခန်းမ၌အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ စိုက်ပျိုးမွေးမြူရေးနှင့် MSMEလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**မြစ်ကြီးနား အောက်တိုဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် ငါးအိုးခေတ်မီစံပြကျေးရွာအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေကျပ် ၁၀ သန်းဖြင့် ပေါင်းစည်းလယ်ယာ(Integrated Farm)စနစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်သူ ဦးဆင်ဝါးနော်၏ခြံသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အဆိုပါခြံဝင်းအတွင်း ဆင်းဇေရီ-၃ အထွက်တိုးမျိုးနှင့် ငွေတိုးစပါးစိုက်ခင်းများဖြစ်ထွန်းအောင်မြင်နေမှု၊ စပါးခင်းပတ်လည်ရေမြောင်းအတွင်း ငါးခူငါးမျိုးများ စိုက်ထည့်မွေးမြူထားရှိမှု၊ မန်ဒါလီဘဲ၊ ဘဲငန်းနှင့်ဒေသကြက်များမွေးမြူထားရှိမှုအသားတိုးဝက်အကောင် ၉၀ ကျော် စီးပွားဖြစ်မွေးမြူထားရှိမှုနှင့် ခြံဝင်းအတွင်း လိုက်ချီးသီးပင်ပေါက်များနှင့်ဂရိတ်ဖရုပျိုးပင်များ စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးအထောက်အကူပြုဆေးဝါးများ၊ ခြံဖျန်းပိုးသတ်ဆေးဘူးများနှင့် ရောစပ်အစာနအိတ်များကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အဆိုပါကျေးရွာအတွင်း စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးထပ်လယ်သီးနှံအဖြစ်ဖြန့်ဝေပေးနိုင်ရေး ပဲပုပ်မျိုးစေ့စိုက်ခင်းစိုက်ပျိုးထားရှိမှုနှင့် တောင်သူ ဦးစိုးညွန့်အောင်၏ခြံ၌ ဖူးစားပြောင်းနှစ်ကေခွဲ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုတို့ကိုလည်းကောင်း ရွှေညောင်ပင်ရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပိုင်ရှင် ဦးစိုးငြိမ်းမိသားစု၏ စူပါဝမ်း နို့စားနွားမွေးမြူရေးလုပ်ငန်းနှင့် နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်းကိုလည်းကောင်း၊ စီတာပူ(ဆွတ်ငိုင်တောင်)ရပ်ကွက်အတွင်း ပိုင်ရှင် ဦးမရမ်ဇော်ရော်မိသားစု၏ TOP အသင့်စားစားသောက်ကုန်လုပ်ငန်း(အသားခြောက်အမျိုးမျိုးနှင့် ဝိုင်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း)ကိုလည်းကောင်းသွားရောက်ကြည့်ရှုဈေးကွက်ရှိပြီး ဒေသထွက်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို မေးမြန်းဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြောကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ဆွမ်ပရာဘွမ်လမ်းမကြီးဘေးရှိ ပြည်နယ်တရားလွှတ်တော်ရုံးသစ် တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်အောင်ခရိုင်အတွင်း၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကြည့်ရှုအားပေး

**ပုသိမ် အောက်တိုဘာ ၃**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ စာရင်းစစ်၊စာရင်းကောက်အဖွဲ့များဖြင့် စတင်ကောက်ယူဆောင်ရွက်နေပြီဖြစ်ရာ ထိုသို့ကောက်ယူနေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင်နှင့်အဖွဲ့သည် မြန်အောင်ခရိုင် ကြံခင်းမြို့ရွာသစ်ရပ်ကွက်နှင့် မြို့မရပ်ကွက်များ၌တစ်အိမ်တက်ဆင်းသန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကြံခင်းမြို့နယ် တလိုင်းကွင်းကျေးရွာရှိ တောင်သူ ဦးနန္ဒာနေမျိုးမောင်၏ ရေကြီးနစ်မြုပ်မှုကြောင့် စပါးပျက်စီး နှစ်ကေတွင် ရက် ၉၀ စပါးမျိုးအားကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ပိုက်ဆန်လျှော် ငါးကေမျိုးစေ့ထုတ်စိုက်ခင်းစိုက်ပျိုးနေမှုကိုလည်းကောင်း၊ ရေကြီးနစ်မြုပ် ထိခိုက်လယ်မြေများကို ခတ်မြေသြဇာ စုပေါင်းကြဲပက်နေမှုကို လည်းကောင်းကြည့်ရှုအားပေးပြီး ကောက်စိုက်သမများကို စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် မြန်အောင်မြို့နယ် တာမိုင်(၅/ဖမှ၅/၈)အကြား ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မကျီးစုတာ တာမိုင်ခြောက်မိုင် သုံးဖာလုံရှိ ကမ်းပြိုမှုအခြေအနေများနှင့် မြန်အောင်မြို့ လွန်ဆေးမြိုင်ပန်းခြံအနီးကမ်းပြိုမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အင်္ဂပူမြို့ အမှတ်(၂)ရပ်ကွက်နှင့်ဟင်္သာတမြို့ တာငါးဆယ်တောင်ရပ်ကွက်၌ တစ်အိမ်တက်ဆင်းသန်းခေါင်စာရင်းကောက်ယူနေမှုများနှင့်စာရင်းကောက်များ ဘာသာစကားအခက်အခဲမရှိစေရေးအထောက်အကူပြုအဖွဲ့များက ကူညီဆောင်ရွက်ပေးနေမှု ပြည်သူများကစိတ်ပါဝင်စားစွာဖြေကြားနေမှုများကို ကြည့်ရှုအားပေးသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည်ဟင်္သာတမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့်တွေ့ဆုံပွဲသို့တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပျက်စီးစိုက်ကေများကို ပြန်လည်ဖြည့်တင်းစိုက်ပျိုးရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဟင်္သာတ၊ ဇလွန်၊လေးမျက်နှာမြို့နယ်တို့မှ တောင်သူများထံသို့ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ပဈေးကွက်ဝင် မြန်မာ့ပနားမီးပုစွန်ဖြူ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့ တင်ပို့

**ရန်ကုန် အောက်တိုဘာ ၃**

ပြည်ပဈေးကွက်ဝင် မြန်မာ့ပနားမီးပုစွန်ဖြူကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေငန်မွေးမြူရေးကန်များတွင် စနစ်တကျမွေးမြူထုတ်လုပ်ပြီး တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့တင်ပို့လျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ပနားမီးပုစွန်ဖြူမွေးမြူထုတ်လုပ်မှုသက်တမ်းနုသေးသော်လည်း ပင်လယ်ရေအရည်အသွေးကောင်းမွန်ခြင်းနှင့် ရေထွက်ကုန်အရည်အသွေးကောင်းမွန်ခြင်းတို့ကြောင့် သန့်ရှင်းလတ်ဆတ်မှုရှိသဖြင့် မြန်မာ့ပနားမီးပုစွန်ဖြူကို ပြည်ပနိုင်ငံများက နှစ်သက်လျက်ရှိကြပြီး နိုင်ငံခြားဝင်ငွေသေချာသော ရေငန်ပုစွန်မွေးမြူမှုကို ရေလုပ်ငန်းရှင်များ ပိုမိုစိတ်ဝင်စားလာကြသည်။

ရင်းနှီးမြှုပ်နှံမှုများသော ပနားမားပုစွန်ဖြူမွေးမြူရာ၌ ခြောက်ပေအနက်ရှိ နှစ်ကေခွဲကန် တစ်ကန်လျှင် ပုစွန်ကောင်ရေ နှစ်သန်းမှလေးသန်းထိ မွေးမြူလေ့ရှိပြီး ရေလှောင်ကန်နှင့်ပိုးသတ်ကန်တို့ သီးခြားစီထားရှိကာ မွေးမြူထုတ်လုပ်လျက်ရှိကာ ပနားမီးပုစွန်ဖြူမျိုးစိတ်ကို ထိုင်းနိုင်ငံမှဝယ်ယူ၍ အဆင့်ဆင့်မွေးမြူပြီး သုံးလကျော်လေးလခန့်အကြာ ရောင်းတန်းဝင်အဆင့်သို့ရောက်ရှိချိန်တွင် ပြည်ပသို့တင်ပို့ရောင်းချကြသည်။

ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုများခဲ့၍ ရေငန်ပါဝင်နှုန်းကျဆင်းခြင်း၊ ထိုင်းနိုင်ငံမှ ဝယ်ယူစိုက်ထည့်သောမျိုးစိတ်များကြီးထွားနှုန်းကျဆင်းခြင်းတို့ကြောင့် ယခင်တစ်ကန်လျှင် တန် ၄၀ ထွက်ရှိရာမှ တန် ၂၀ သာထွက်ရှိခဲ့သဖြင့် မွေးမြူရေးကုမ္ပဏီအချို့ ထိခိုက်မှုများရှိခဲ့ပြီး ပွင့်လင်းရာသီတွင် မူလအခြေအနေအတိုင်းပြည်ပပို့ကုန်မှ နိုင်ငံခြားဝင်ငွေ ပြန်လည်ရရှိလာမည်ဟု မွေးမြူရေးကုမ္ပဏီများက မျှော်မှန်းထားသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ ၈၃၂ ဧက၌ ပုစွန်မွေးမြူရေးကန် ၁၀၅ ကန်၊ ခိုင်ဇင်ယော်ကုမ္ပဏီ(မစမ်းပါး)၏ ၅၃၁ ဒသမ ၀၅ ဧက၌ ပုစွန်မွေးကန် ၅၃ ကန်၊ ပုလောမြို့နယ် ရွှေကံမော်ကုမ္ပဏီ၏ ၂၉၉ ဒသမ ၇၇ ဧက၌ ပုစွန်မွေးမြူရေးကန် ၂၅ ကန်နှင့် ထပ်မံတိုးချဲ့သည့် ထူးထူးတိုးကုမ္ပဏီနှင့် ဩဘာစံကုမ္ပဏီတို့က မွေးမြူရေးကန် ၁၀ ကန်မှ ၁၅ ကန်ထိ မွေးမြူလျက်ရှိရာ ပနားမီးပုစွန်ဖြူမွေးမြူရေးကန်ပေါင်း ၂၀၀ ကျော်မှ လေးလတစ်ကြိမ် မွေးမြူထုတ်လုပ်၍ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

# အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက

အငြိမ်းစားပညာရေးဝန်ထမ်းတစ်ဦး

“အစ်ကိုကြီးရေ ကျွန်မတော့ဖြင့် သိပ်ကိုအားရှိသွားတာပါပဲ၊ အခုလည်း ရေပြန်ကျ၊ မူလအတိုင်းပြန်ဖြစ်ပြီမို့ ကလေးကို ရွာပြန်ခေါ်သွားတော့မယ်နော်”ဟု အထက်ပါစကားကိုဆိုလာသူကား ကျွန်တော့်ညီမအရင်း မစန္ဒာဖြစ်သည်။ ဆိုရသည့်အကြောင်းရင်းမှာ ဆင်သေချောင်းဘေးရှိသူတို့ရွာလေးရေဘေးသင့်မှုကစ၏။ အားလုံးသိပြီးသည့်အတိုင်း ယခုနှစ်စက်တင်ဘာလလဆန်းပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ထင်မှတ်မထားသည့်ရေဘေးဒုက္ခကို ရှမ်းပြည်နယ်ဘက်မှာရော နေပြည်တော် တပ်ကုန်းတစ်ဝိုက်က ဒေသခံပြည်သူများပါ တနင့်တပိုးခံစားခဲ့ရပါသည်။ ကျွန်တော့်ညီမမိသားစုနှင့် သူတို့ရွာလေးလည်း မလွတ်ခဲ့ပေ။ ရေတက်တဲ့ညမှာပင် မိသားစုလိုက် ကျွန်တော်နေထိုင်ရာ ရပ်ကွက်ကို ရောက်လာကြပါသည်။ ကျွန်တော်တို့ရပ်ကွက်က ချောင်းနှင့်ဝေးသည့် အပြင် အမြင့်ပိုင်းကျနေသောကြောင့် ရေဘေးလွတ်ခဲ့ပါသည်။ **“နိုင်ငံတော်အကြီးအကဲက ရေဘေးသင့်ပြည်သူတွေကို ကိုယ်တိုင်လာရောက်တွေ့ဆုံပြီး အားပေးစကားပြောတယ်၊ အခုလိုရေဘေးသင့်တာဟာ ချောင်းအနီးအနားမှာရှိတဲ့ ရွာတွေ၊ မြို့ပေါ်ရပ်ကွက်က ပြည်သူတွေထိခိုက်နစ်နာရသလို လမ်းတံတား၊ လျှပ်စစ်မီးတိုင်တွေ၊ အခြေခံအဆောက်အအုံတွေကို ထိခိုက်တဲ့အတွက်လည်း နိုင်ငံတော်အတွက် ပါထိခိုက်ရတယ်ဆိုတဲ့အကြောင်း၊ ဒါတွေအားလုံးအတွက် မူလအခြေအနေအတိုင်း ပြန်ဖြစ်အောင် ကူညီပေးမယ့်အကြောင်းနဲ့ နောက်ပြီးကလေးတွေကို ကျောင်းစာသင်ခန်းထဲ အမြန်ပြန်သွားနိုင်ဖို့ စီစဉ်နေတဲ့အကြောင်း၊ ကလေးတွေကို ကျောင်းပြန်တက်နိုင်အောင် မိဘတွေကစေလွှတ်ပေးဖို့နဲ့ ပညာတတ်မှ သူတို့ဘဝရှေ့ရေးကို အထောက်အကူပြုနိုင်ပြီး နောင်အနာဂတ်မှာ ညီမလေးတို့ထက်သာတဲ့ အခြေအနေကိုရောက်မယ်၊ သားသမီးတွေကို ပညာအမွေပေးပြီး အခုထက်သာအောင် လုပ်ပေးတာဟာ မိဘကောင်းပီသပါတယ်လို့ နိုင်ငံတော်အကြီးအကဲက ပြောသွားတယ်”**ဟု သူတို့ရွာလေးရေကျပြီဖြစ်၍ အိမ်မပြန်ခင် ကျွန်တော့်ကို အားရရွှင်လန်းစွာပြောသွားသည့် ညီမငယ်၏စကားသံများကြောင့် ပညာရေးလောကမှာ နှစ်ပေါင်း ၄၀ နီးပါး တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဝန်ထမ်းဖြစ်သည့် ကျွန်တော်အတွက် အတွေးများပွားမိခဲ့ရပါတော့သည်။

တစ်ဆက်တည်းမှာပဲ နိုင်ငံတော်အကြီးအကဲ၏ ပြည်သူများအပေါ် စာနာငဲ့ညှာတဲ့စိတ်နှင့် တိုင်းပြည်အနာဂတ်အတွက် ကြိုတင်မြော်တွေးမှုကိုပါ ညီမလေး၏ စကားများကတစ်ဆင့် သိလိုက်ရပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်တွေကတည်းက ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ဖို့အတွက် လူသားအရင်းအမြစ် (Human Resources)၏ အရေးပါမှုကို သတိထားမိခဲ့ကြပါသည်။ တကယ်တော့ လူသားအရင်းအမြစ်ဆိုသည်မှာ“ပညာ”အပေါ်မှာ အခြေခံတည်ဆောက်ထားသည်ဟူသည့်အချက်ကို ပညာရေးဝန်ထမ်းဖြစ်သည့် ကျွန်တော်အသိဆုံးပင်။ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုများကို အဓိကအလေးထားလုပ်ဆောင်နေကြခြင်းဖြစ်ပါသည်။ ပညာရည်မြင့်မားမှုဆိုတာ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူပြည်သားတစ်ဦးချင်းစီရဲ့ကြီးပွားချမ်းသာရေးအတွက် အဓိကသော့ချက်လို့ ဆိုနိုင်တယ်မဟုတ်လား။ ကျွန်တော်တို့ငယ်စဉ်ကတည်းက **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”**ဆိုသည့် ဆောင်ပုဒ်နှင့်ပင် ကျောင်းသားဘဝရက်စွဲများကို ကျော်ဖြတ်ခဲ့ရသည်။ ကျောင်းသားဘဝကုန်လွန်ပြီး လုပ်ငန်းခွင်ဝင်၊ အဲဒီနောက် အသက်အရွယ်ကြီးရင့် ပင်စင်ယူတဲ့ထိ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကို လိုက်နာတတ်သည့် နိုင်ငံ့သားကောင်းတစ်ဦးဖြစ်ခဲ့ရပါသည်။

ကျွန်တော်တို့ မြန်မာမှုနယ်ပယ်တွင် **“လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ”**ဆိုတဲ့အတိုင်း ကလေးတိုင်း၏ လက်ဦးဆရာများသည် မိဘများပင်ဖြစ်သည်။ ကျောင်းကိုရောက်လာသည့် ကလေးများ၏ စရိုက်များကိုကြည့်လိုက်သည်နှင့် ထိုကလေးမိဘများ၏ စိတ်နေစိတ်ထား၊ စရိုက်လက္ခဏာများကို ဆရာတိုင်းက ပုံဖော်တတ်ကြပါသည်။ မိဘများက သားသမီးများကို ဦးဆုံးသင်ကြားပေးတဲ့သူများပင်။ ဖေဖေ၊ မေမေဆိုတဲ့ နာမ်စားကို ပထမဆုံးစသင်ပါသည်။ ပြီးမှသာ ကိုယ်ဆန္ဒရှိရာကို ဆက်သင်ကြပါသည်။ အဲဒီမှာ စတင်စကားပြောပါသည်။ ကောင်းတာသင်မှာလား၊ ဆိုးတာသင်မှာလားဟူ၍။ တကယ်ဆို သားသမီးများကို ငယ်စဉ်ကတည်းက စည်းကမ်းရှိအောင် ဦးစွာသွန်သင်ဆုံးမပေးရမယ့် တာဝန်က လက်ဦးဆရာဖြစ်သော မိဘများပင်ဖြစ်သည်။ ထိုသို့ပြောခြင်းသည် ကျောင်းဆရာများတွင် တာဝန်မရှိဟု ဆိုလိုချင်တာမဟုတ်ပေ။ မိဘများက မွေးဖွားပြီးလို့ စကားပြောတတ်အောင်သင်ပြီးမှ ကလေးများက ကျောင်းကိုရောက်လာကြရသည်။ ကျောင်းကို

**❖ နိုင်ငံတစ်နိုင်ငံကို ဖန်တီးပုံဖော်ကြသူများသည် ထိုနိုင်ငံ၏ နိုင်ငံသားများသာဖြစ်ပါသည်။ ကောင်းမွန်သည့် နိုင်ငံသားများကသာ နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ကြပါမည်။ စည်းကမ်းလိုက်နာမှုကောင်းမွန်သည့် လူမျိုးဖြစ်လာစေရန်အတွက် အစပြုလေ့ကျင့်သင်ကြားပေးသည့်နေရာသည် စာသင်ကျောင်းကလွဲပြီး တခြားမရှိနိုင်ပေ။ စာသင်သားကလေးငယ်များကို စာပေပညာတတ်မြောက်ရုံမျှသာမက နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရေး သွန်သင်ဆုံးမ နည်းလမ်းပြကြရမည်မှာ ဆရာ၊ ဆရာမများ၏တာဝန်ပင်ဖြစ်ပါသည်။ ❖**

ရောက်လာပြီးနောက်ပိုင်း စာတတ်အောင်၊ စဉ်းစားချင့်ချိန်တတ်အောင် သင်ကြားပြုစုပေးရသည်က ဆရာများရဲ့တာဝန်ပင်။ ထို့ကြောင့် ဆရာများသည် ကျောင်းသား၊ ကျောင်းသူများအတွက် ဒုတိယမိဘများပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။ သို့သော် ယနေ့အချိန်အခါတွင် မိဘများက မိသားစုစားဝတ်နေရေးဆိုသည့်ခေါင်းစဉ်အောက် စီးပွားဥစ္စာများကို ကြိုးပမ်းရှာဖွေနေချိန်တွင် သားသမီးများအပေါ် ဆုံးမသွန်သင်မှုများလျော့ပါးလာသည်ကို တွေ့ရပါသည်။ မယုံမရှိပါနဲ့။ စာရေးသူကိုယ်တွေ့ပါ။ မြင်ခဲ့တွေ့ခဲ့ဖူးပါသည်။ ကျောင်းသားများကို ပညာတတ်ဖြစ်စေရုံမက စည်းကမ်းရှိပြီးလိမ္မာရေးခြားရှိသူများဖြစ်လာအောင် သင်ကြားပေးကြရပါသည်။ စည်းကမ်းရှိသည့် ကျောင်းသား၊ ကျောင်းသူများဖြစ်စေရန် ပုံသွင်းပေးရန်မှာ ဆရာများ၏တာဝန်ဆိုလည်း မမှားပေ။ လက်ဦးဆရာဖြစ်သော မိဘများကိုယ်တိုင်က အသိတရားရှိပြီး ခံယူချက်ကောင်းကြရန်လိုတယ်ဆိုတာကို ကျွန်တော့်လုပ်သက်ကနေ အတွေ့အကြုံရရှိခဲ့ပါသည်။

စည်းကမ်းဆိုသည်မှာ လေးနက် နက်ရှိုင်းလွန်းပါသည်။ စည်းကမ်းရှိပြီး စည်းကမ်းတန်ဖိုးကို နားလည်ဖို့၊ စည်းကမ်းတကျ လုပ်ဆောင်တတ်ရန်၊ စည်းစနစ်တကျ လေ့လာ၊ သင်ယူ၊ ဆုံးမနာယူတတ်ရန်ဆိုသည်လည်း အင်မတန်ခက်ခဲပါသည်။ **“အကွပ်မဲ့ကြမ်း ပရမ်းပတာဖြစ်”**ဆိုသည့်အတိုင်း စည်းကမ်းမရှိသည့် ကျောင်းသား၊ ကျောင်းသူများ၏ ဘဝရေစုန်မျောသွားနိုင်ပါသည်။ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သောကြောင့် အခြေခံပညာကျောင်းများကနေစတင်ပြီး စည်းကမ်းနှင့်အညီ ပြုမူပြောဆိုနေထိုင်တတ်အောင် သင်ကြားပြုစုပေးဖို့ လိုအပ်ပါသည်။ ထို့ကြောင့် ကလေးများ၏ ပညာရေးမှာ ဆရာများ၏ အခန်းကဏ္ဍက အခရာကျကြောင်း ဆိုရခြင်းဖြစ်သည်။ ကျောင်းနေအရွယ်ကလေးများကို နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန် ပြုစုပျိုးထောင်ပေးရမည်မှာ ဆရာများ၏ တာဝန်သာဖြစ်သည်ဟု ကျွန်တော်ခံယူပါသည်။ နိုင်ငံအတွက် အရေးကြီးလှသော အမျိုးသားရေးစိတ်ဓာတ်ကောင်းများကို ကျောင်းနေ အရွယ်ကတည်းက ကိန်းအောင်းနေအောင် ပြုစုလေ့ကျင့်ပျိုးထောင်ပေးမှသာ ကလေးများကြီးပြင်းလာသည့်အခါ နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့် နိုင်ငံ့သားကောင်းများ ဖြစ်လာကြမှာမလွဲပင်။ ကျောင်းဆရာဖြစ်ခဲ့သည့် ကျွန်တော်က ဒီလိုဖြစ်စဉ်တွေကို အများဆုံးမြင်တွေ့ခဲ့ရပါသည်။ ထို့ကြောင့် မိဘတိုင်းသည် မိမိတို့သားသမီးရှေ့ရေးအတွက် ကျောင်းကိုရောက်အောင် ပို့ရပါမည်။ ကျောင်းကိုရောက်လာသည့် ကလေးငယ်တိုင်းကျောင်းပျော်ပြီး ပညာသင်ယူလိုစိတ်ဖြစ်အောင် ကြိုးစားရမှာက ဆရာများ၏ အရည်အချင်းပေါ်မူတည်ပါသည်။ **“မိဘ-ဆရာပေါင်း ကလေးပညာရေးကောင်း”**ဆိုတဲ့ဆောင်ပုဒ်ရှိပါသည်။

တကယ်တော့ အသက် လေးနှစ်ကျော် ငါးနှစ်အရွယ်လေးများကို ပန်းပုဆရာဖြစ်သည့်ဆရာများက လိုသလိုပုံစံသွင်းထုဆစ်နိုင်ပါသည်။ ဆရာကောင်းရင်ကောင်းသလို ဆရာအရည်အချင်းပြည့်ဝမှုပေါ်မူတည်ပြီး ကလေးအနာဂတ်လည်း တောက်ပနိုင်ပါသည်။ အသက်အရွယ်ကြီးလာသည်နှင့်အမျှ ကျောင်းမနေဖူးသူထက် ကျောင်းတက်ခဲ့ဖူးသူက စည်းကမ်းလိုက်နာမှုနှင့် စိတ်ဓာတ်ကောင်းမွန်မှုတို့မှာ ပိုပြီးမြင့်မားကောင်းမွန်တာကို လေ့လာတွေ့ရှိရပါသည်။ ကျောင်းမနေဘဲ ရပ်ထဲရွာထဲမှာပဲနေသည့်အခါ ၎င်းပတ်ဝန်းကျင်ကျဉ်းကျဉ်းနှင့်သာ တွေ့ထိရပါသည်။ ထိုကလေးငယ်၏စိတ်ကလည်းအနီးနားက မြင်နေကျကလေးများနှင့်သာရင်းနှီးနေမှာအမှန်ပင်ဖြစ်သည်။ အကယ်၍ ကျောင်းနေမည်ဆိုရင်ကလေးပေါင်းစုံနှင့် ရင်းနှီးမည်။ လူပေါင်းစုံသည့်အတွက် ကလေး၏စိတ်ကလည်း အများကြီးဖွံ့ဖြိုးနိုင်ပါသည်။ အသင်အပြကောင်းသည့် ဆရာ၊ ဆရာမများနှင့်တွေ့မည်၊ ကလေးပေါင်းစုံနှင့်လည်း တွေ့သွားမည်ဆိုရင်စိတ်က ပိုမိုဖွံ့ဖြိုးလာပါလိမ့်မည်။ ထိုအရာများသည် ကျောင်းဆရာဟောင်းတစ်ယောက်၏ ကိုယ်တွေ့အတွေ့အကြုံများပင်ဖြစ်သည်။ ထိုကဲ့သို့သင်ယူခြင်းအားဖြင့် ကလေးများအတွက် လောကကြီးသည် ကျယ်ပြောသည်ထက်ကျယ်ပြောလာမည်မှာအသေအချာပင်။ စိတ်ဓာတ်နှင့်အတွေးအခေါ်များအားလုံး သိသိသာသာကွဲပြားလာမည်ဖြစ်သောကြောင့်အိမ်မှာနေသည့် ကလေးနှင့်ကျောင်းနေသည့် ကလေးတို့၏ ကွာဟချက်ကို အချိန်ကြာလာသည်နှင့်အမျှ တွေ့ရမည်ဖြစ်ပါသည်။

ကျောင်းတက်ပြီဆိုသည်နှင့် သတ်မှတ်ထားသည့် ကျောင်းဝတ်စုံဝတ်ရပါမည်။ အခြားကျောင်းသား၊ ကျောင်းသူအတန်းဖော်များနည်းတူ ဘုရားရှိခိုးခြင်း၊ နိုင်ငံတော်သီချင်းသီဆိုခြင်းကအစ ကျောင်းသန့်ရှင်းရေး၊ အားကစားပြိုင်ပွဲများမှာ ပူးပေါင်းပါဝင်ရပါမည်။ ကျောင်းစည်းကမ်း၊ စာသင်ခန်းစည်းကမ်းများအတိုင်း ဆရာများ၏သွန်သင်ဆုံးမမှု၊ သင်ကြားမှုများအတိုင်းနေရပါမည်။ အကျိုးဆက်ရလဒ်မှာ ကျောင်းနေသည့်ကလေးသည် အများနှင့်နေထိုင်တတ်သွားမည်၊ စုပေါင်းလုပ်ကိုင်သွားတတ်မည်။ ခေါင်းဆောင်တစ်ဦး၏စိတ်ဓာတ်နှင့် ဦးဆောင်နိုင်၊ တာဝန်ယူလိုသည့် စိတ်ဓာတ်များလည်း ရရှိသွားမှာအမှန်ပင်။ ထို့ကြောင့်အိမ်မှာသာနေသည့်ကလေးများသည် ထိုသို့အလေ့အကျင့်ကောင်းများမရနိုင်သလို စုပေါင်းစိတ်ဓာတ်၊ စည်းကမ်းတကျ နေထိုင်လုပ်ကိုင်တတ်မှု စသည့် အခြေခံကောင်းများနှင့် ဝေးကွာနေကြခြင်းဖြစ်ပါသည်။

ကျောင်းမနေဖူးသူထက် မူလတန်းအဆင့်အထိတက်ရောက်ဖူးသူ၊ မူလတန်းအဆင့်တက်ဖူးသူထက် အလယ်တန်းအဆင့်အထိ တက်ရောက်ဖူးသူများက စည်းကမ်းပိုင်းနှင့် စိတ်ဓာတ်ပိုင်းပိုကောင်းကြပါမည်။ အထက်တန်းအဆင့်ပြီးသူ၊ တက္ကသိုလ်အဆင့်ပြီးမြောက်သူများက ပို၍ပို၍ ရင့်ကျက်ကောင်းမွန်တတ်ကြပါသည်။ စာသင်ကြားမှုအပိုင်းမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆိုပြီး သတ်မှတ်ထားခြင်းဟာ ကလေးများ၏ အသက်အရွယ်၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ အရွယ်ရောက်လာမှု စသည့်အခြေအနေများအပေါ်မူတည်ကာ ခွဲထားခြင်းဖြစ်ပါသည်။မူလတန်းတွင်“ဝ”လုံးကလေးကို ဝိုင်းဝိုင်းရေးနိုင်အောင်၊ A,B,C, Dရေးနိုင်အောင်သင်ပြကြပါသည်။ ကဗျာတွေရွတ်ဆိုခိုင်းကြပါသည်။ အလယ်တန်းရောက်လာသည့်အခါအဆင့်မြင့်လာပါမည်။ ကလေး၏ စိတ်ပိုင်းနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုကလည်းမြင့်လာသလို သင်ကြားရသည့်စာများနှင့်ဘာသာရပ်များကလည်း အဆင့်မြင့်လာပါသည်။ အထက်တန်းတွင် ပိုပြီးမြင့်လာပါတော့သည်။ တက္ကသိုလ်ရောက်သည့်အခါတွင် နယ်ပယ်က ပို၍ကျယ်လာပြီး လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ အနယ်နယ်အရပ်ရပ်ကရောက်လာကြပြီး ဘာသာရပ်အလိုက် တက်ရောက်သင်ကြားကြပါသည်။ တက္ကသိုလ်ဆိုသည့် အရှိန်အဝါနှင့်အတူ ကျောင်းသား၊ ကျောင်းသူတွေလည်း စည်းကမ်းတကျနေထိုင်ကြရပြီး အတွေးအခေါ်များလည်း စုံလာကြပါသည်။ ကလေးများ ကျောင်းနေပညာသင်ရန်အတွက် နံပါတ်တစ် မိဘကအရေးကြီးပြီး နံပါတ်နှစ် ဆရာ၊ ဆရာမများက အရေးကြီးကြောင်း ပညာရေးဝန်ထမ်းတစ်ဦး၏ အတွေ့အကြုံအရ သိခဲ့ရပါသည်။

သားသမီးများသည်ငယ်ရွယ်စဉ်ကာလမှာ မိဘခိုင်းသည့်အတိုင်း အများအားဖြင့်လုပ်ကြသူများပင်ဖြစ်သည်။ **လမ်းဘေးလေလွင့်နေထိုင်သူ၊ ကော်ရှူသူ၊ တောင်းရမ်းစားသောက်နေသူများမှအစ ခိုးဆိုးလုယက်၊ မူးယစ်ဆေးဝါးသုံးစွဲနေကြသည့်ကလေးများကိုကြည့်ပါက စာသင်ခန်းနှင့် ဝေးနေကြသူများဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။** ၎င်းတို့သည် အများအားဖြင့် ဖြစ်သလိုနေကြပြီး လူရမ်းကားစရိုက်ဆန်ကြပါသည်။ ထို့ကြောင့် **စာသင်ခန်းထဲက ကလေးနှင့် စာသင်ခန်းပြင်ပက ကလေးများ၏ သဘာဝဟာ လွန်စွာကွာခြားတတ်ကြပါသည်။** ကျောင်းနေသည့်ကလေးတစ်ဦး၏ စိတ်ဓာတ်နှင့် နှလုံးသားက ပိုဖွံ့ဖြိုးလာကာ မိုက်မိုက် ရိုင်းရိုင်းမဖြစ်တော့ဘဲ **စာမျက်နှာ ၁၉ သို့**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် PDF အဖွဲ့ဝင် အမျိုးသား ၁၃ ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းလူငယ်များ၏မိသားစုဝင်များကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံခဲ့ကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရေရှည်လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (ဗဟိုသ)



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

နူးညံ့သိမ်မွေ့ကြခြင်းကြောင့် ကလေးများကျောင်းနေရေးအတွက် မိဘနှင့်ဆရာများက အရေးကြီးရခြင်းပင်ဖြစ်ပါသည်။ မိဘများကိုယ်တိုင်က ကိုယ့်သားသမီးပညာရေးနှင့်ပတ်သက်ပြီး **“စာသင်တာအလကားပဲ”** ဆိုသည့်အတွေးအခေါ်အယူအဆရှိနေမည်ဆိုပါက ထိုကလေးသည် ကျောင်းစာနှင့် ဝေးနေမည်မှာ သေချာပါသည်။ ပညာတတ်ကြီးဖြစ်ရန် ပို၍ဝေးသွားပေမည်။ ကလေးများကျောင်းကို ရောက်လာမည်၊ သင်ကြားပေးမည့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုစွမ်းရည်ကလည်း ကောင်းမွန်မည်ဆိုပါက ထိုကလေးများ၏အနာဂတ်ပညာရေးသည် သေချာပေါက်ကောင်းမွန်တိုးတက်စေပါမည်။ ဘယ်ဗေဒင်မှမေးစရာမလိုဘဲ ကျွန်တော့်အတွေ့အကြုံအရသိခဲ့ရသည့်အရာပင်ဖြစ်သည်။

မြန်မာနိုင်ငံရဲ့ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံမှာ ငါးနှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး နိုင်ငံတစ်ဝန်းလုံးကျောင်းလုံးဝမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။ အလယ်တန်းအဆင့်ထိ ပညာသင်ယူခဲ့ဖူးသူ ၁၈ ဒသမ ၂ သန်းခန့်၊ အထက်တန်းပညာသင်ယူခဲ့သူ ၇ သန်းကျော်ခန့်ရှိပြီး လူဦးရေ ၃ သန်းနီးပါးခန့်သာ ဘွဲ့ရရှိခဲ့သည်ကို တွေ့ရပါသည်။ နိုင်ငံ့လူဦးရေနှင့် ယှဉ်လိုက်မယ်ဆိုပါက ကျောင်းနေသူရာခိုင်နှုန်းနှင့် စာတတ်မြောက်သူ ရာခိုင်နှုန်းက အခုထက်ပိုမိုများပြားရန် လိုနေသေးသည်ကိုတွေ့ရပါသည်။ နိုင်ငံတော်အတွင်း ဒေသများအလိုက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ကွာဟချက်မကြီးမားစေရန် အသိပညာနှင့်အတတ်ပညာပြည့်စုံသော ပညာတတ်ဦးရေများပြားရန် လိုအပ်သည်မှာ အမှန်ပင်ဖြစ်သည်။ အတန်းပညာရှိမှသာ အသိပညာနှင့် အတတ်ပညာရပ်များကို သင်ယူဖို့လွယ်ကူစေမည်။ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သောကြောင့် ပြည်သူများ၏ပညာရေးအဆင့်မြင့်မားမှုသည် ပို၍ပင်အရေးကြီးပါသည်။ မြန်မာနိုင်ငံရှိ တချို့ပြည်နယ်များ၏ ကျေးလက်ဒေသများတွင် ဘာသာစကားအခက်အခဲ၊ ပညာရေးအားပေးမှု အားနည်းချက်နှင့် အခြားလူမှုစီးပွားဘဝ အခက်အခဲအမျိုးမျိုးများကြောင့် ပညာရေးအားနည်းလျက်ရှိနေဆဲဖြစ်သည်ကို တွေ့ရပါသည်။ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့်သူများ၊လိုက်နာကျင့်သုံးရမည့်သူများအားလုံးသည် အသိပညာ အတတ်ပညာများနှင့် မှန်ကန်သည့်စဉ်းစားတွေးခေါ်နိုင်စွမ်းများရှိရန် အထူးလိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူအားလုံး၏ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားနေမှသာ အခွင့်အရေး၊ လိုက်နာထိန်းသိမ်းရမည့် စည်းကမ်းနှင့် တာဝန်များကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေး၏အရေးကြီးပုံကို သတိပြုမိသောကြောင့် နိုင်ငံသားအားလုံး ပညာရည်မြင့်မားလာစေရေးအတွက် ပညာရေးဆိုင်ရာမူဝါဒများပြုပြင်ပြောင်းလဲခဲ့သည်ကိုတွေ့ရပါသည်။ ကျောင်းနေအရွယ်အားလုံး၊ ပညာသင်ယူရမည့်အရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရှိစေရေးနှင့် KG+9 အထိ မသင်မနေရပညာရေးစနစ်များကို ချမှတ်ပေးခဲ့ခြင်းသည် နိုင်ငံ့အနာဂတ်အတွက် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးခြင်းပင်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများမှထုတ်ကုန်များ တိုးတက်မြင့်မားစေရန်အတွက် လိုအပ်သည့် ကျွမ်းကျင်လူသားအရင်းအမြစ်ကောင်းများပေါ်ထွက်လာစေရေးရည်ရွယ်ပြီး ယခုအချိန်တွင် ခရိုင် ၈၄ ခုမှာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၅ ကျောင်းဖွင့်လှစ်ပေးလျက်ရှိတာကိုလည်း တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အတန်းပညာကို အဆင်ပြေစွာ သင်ကြားနိုင်ရေးအတွက် စာသင်ကျောင်း၊ စာသင်ဆောင်၊ စာသင်ခန်းများသာမက ကျောင်းစာကြည့်တိုက်၊ သန့်စင်ခန်း၊ ကျောင်းအားကစားရုံ၊ အားကစားကွင်းများ သန့်ရှင်းသပ်ရပ်ကောင်းမွန်ပြီး သင်ထောက်ကူပစ္စည်းများပြည့်စုံစေရေးကိုပါအလေးအနက်ထား ဆောင်ရွက်ပေးနေမှုများသည် နိုင်ငံတော်အစိုးရ၏ ပညာရေးကို အားပေးအားမြှောက်ပြုနေသော လုပ်ဆောင်ချက်များအဖြစ် ပေါ်လွင်ထင်ရှားနေသည်ကို သတိထားမိပါသည်။

ပညာရေးကိုအားလုံးကအားပေးရမည်ဖြစ်သလို အကြောင်းအမျိုးမျိုးကြောင့် ပညာရေးရပ်တန့်သူများကလည်း စာဖတ်ကြရန် အလွန်အရေးကြီးပါသည်။ စာဖတ်သည့်အခါတွင် မိမိနှစ်သက်ရာ၊ ဝါသနာပါရာ မိမိဘဝတက်လမ်းအတွက် အကျိုးရှိစေမည့် မိမိတို့ကျင်လည်ရာ ကဏ္ဍနယ်ပယ်အလိုက် သက်ဆိုင်သည့်စာပေများကို ဖတ်ကြရမည်ဖြစ်ပါသည်။ သုတ၊ ရသ မည်သည့်စာပေပဲဖြစ်ဖြစ် ဖတ်သင့်ပါသည်။ ဗဟုသုတ၊ အကြားအမြင်အတွက် သုတစာပေဖတ်ရမှာဖြစ်သလို စိတ်နှလုံးသားနူးညံ့သိမ်မွေ့ရန် ရသစာပေလည်းဖတ်ကြရပါမည်။ ရာသီဥတုနှင့် မိုးလေဝသအခြေအနေ၊ သဘာဝဘေး၊ ရေကြီးမှု၊ မီးလောင်မှု၊ ဒေါ်လာဈေး၊ ရွှေဈေး၊ အခြေခံစားသောက်ကုန်နှင့် ကုန်ဈေးနှုန်း၊ နယ်မြေဒေသအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေအနေများနှင့်ပတ်သက်ပြီး နေ့စဉ်ဖြစ်ပျက်ပြောင်းလဲနေသည့်အကြောင်းအရာများ၊ နေ့စဉ်သတင်းများသည် သုတစာပေများဖြစ်ပါသည်။ သုတစာပေကို ဖတ်ရှုလေ့လာခြင်းအားဖြင့် အခြေအနေအရပ်ရပ်နှင့် သတင်းအချက်အလက်၊ အကြောင်းအရာအဖြစ်အပျက်များကို သိလာပါမည်။ သိထားသည့်အတွက် ဆောင်ရန်၊ ရှောင်ရန်၊ ရွေးချယ်စရာ နည်းလမ်းတွေကိုလည်း သိလာကြပါမည်။ ဥပမာ-**“မီးရထားလမ်းရေကျော်နေ၍ ရထားခရီးစဉ် တချို့ ယာယီရပ်ဆိုင်းထား”** ဆိုသည့်သတင်းကို ကြိုတင်သိထားမယ်ဆိုပါက မိမိသွားမည့်ခရီးစဉ်တစ်ခုကို ကားလမ်းကြောင်းမှ သွားတာမျိုး၊ သို့မဟုတ် ရထားနှင့်သွားမည့်ခရီးစဉ်ကို ဖျက်လိုက်ခြင်းမျိုး စဉ်းစားဆုံးဖြတ်နိုင်ပေမည်။ ရသစာပေသည် လူတစ်ဦး၏ စိတ်ဓာတ်၊အယူအဆ၊ အတွေးအခေါ်များကို ပြောင်းလဲသွားစေပြီး နှလုံးသားကို နူးညံ့စေတတ်ပါသည်။ ပြဿနာတစ်ရပ်ရပ်ဖြစ်လာသည့်အခါ သို့မဟုတ် အခက်အခဲတစ်ခုကြုံလာတဲ့အခါမျိုးတွင် ဝုန်းကနဲ ဒိုင်းကနဲ ဖြေရှင်းမှုမျိုး မလုပ်ဖြစ်တော့ဘဲ အရာရာကိုတည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး ဖြေရှင်းတတ်လာပါသည်။

စာအုပ်စာပေကောင်းများ ဖတ်ရှုရေးနှင့်ပတ်သက်၍လည်း ပြန်ကြားရေးဝန်ကြီးဌာနအပြင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးအောက်ရှိ စာပေတိုက်မှ အများသူငှာ ဗဟုသုတရရှိစေရေးအတွက် အသိပညာ၊ အတတ်ပညာဆိုင်ရာ စာအုပ်စာပေကောင်းများ စဉ်ဆက်မပြတ် ထုတ်ဝေပေးလျက်ရှိနေတာကို တွေ့မြင်ရပါသည်။ အစိုးရနှင့် တပ်မတော်မှသာ မဟုတ်ဘဲ နိုင်ငံသားအားလုံးအတွက် အကျိုးရှိ၊ အဖိုးတန်သော စာအုပ်စာပေကောင်းများကို အရပ်ဘက်ပုဂ္ဂလိကပိုင် စာအုပ်တိုက်များကလည်း ယခုထက်မက ပိုမိုထုတ်ဝေနိုင်ရေး ကြိုးပမ်းစေလိုပါသည်။ ထိုသို့ထုတ်ဝေကြမှသာ စာဖတ်ကြသူများအနေဖြင့် စာအုပ်စာပေကောင်းများဖတ်ရှုနိုင်ပြီး ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသော အကြောင်းအရာများကို မှန်မှန်ကန်ကန်လေ့လာသုံးသပ်နိုင်ပေလိမ့်မည်။ ထိုမှတစ်ဆင့် အသိအမြင်မှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သော နိုင်ငံ့သားကောင်းများဖြစ်လာကြပေမည်။

၂၀၂၂ ခုနှစ် မတ် ၂၉ ရက်မှာ ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **“အနာဂတ်နိုင်ငံတော်ဟာ ကျွန်တော်တို့သွားချင်တဲ့ ဒီမိုကရေစီဟာ ပညာတတ်တွေပေါကြွယ်ဝမှသာ ဒီမိုကရေစီဆိုတာလည်း အဓိပ္ပာယ်ရှိမှာ။ တိုင်းပြည်တိုးတက်ဖို့ဆိုတာကလည်း ပညာတတ်တွေရှိမှပဲ စိတ်ချရလိမ့်မယ်။ ဒါကြောင့် ပညာရေးဟာ တိုင်းပြည်တိုးတက်ရေးအတွက်ရော၊ ဒီမိုကရေစီအရေးအတွက်ရော၊ တိုင်းပြည်အတွက် အဓိကကျတာကိုတွေ့ရပါတယ်။ ပညာရေးမူဝါဒဟာ မဖြစ်မနေချမှတ်ပြီး ဆောင်ရွက်ဖို့လိုတယ်ဆိုတာကို သွားတွေ့ပါတယ်”**ဆိုပြီးပြောကြားခဲ့သည်ကို မှတ်သားခဲ့ရပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပညာရေးဆိုင်ရာမှန်ကန်သောမူဝါဒများကို ချမှတ်ပေးခဲ့သည့်အပြင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးညီလာခံကျင်းပပေးခြင်း စသည့်နည်းလမ်းပေါင်းစုံနှင့် ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရပါသည်။ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေး အားကစား၊ ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးကိုလည်း ပံ့ပိုးပေးနေသကဲ့သို့ စာအုပ်စာပေကောင်းများကိုလည်း ကျောင်း၊ အရပ်ဘက်စာကြည့်တိုက်များသို့ အင်တိုက်အားတိုက် လှူဒါန်းပေးလျက်ရှိနေသည်ကို တွေ့ရပါသည်။ ထိုအရာများအားလုံးသည် ပညာရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရ၏ အားပေးအားမြှောက်ခြင်းများဖြစ်သောကြောင့် ကျွန်တော်ကဲ့သို့အငြိမ်းစားပညာရေးဝန်ထမ်းတစ်ယောက်အတွက်တော့ ပညာရေးကဏ္ဍအတွက် အားရကျေနပ်မုဒိတာပွားမိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

**နိုင်ငံတစ်နိုင်ငံကို ဖန်တီးပုံဖော်ကြသူများသည် ထိုနိုင်ငံ၏ နိုင်ငံသားများသာဖြစ်ပါသည်။ ကောင်းမွန်သည့် နိုင်ငံသားများကသာ နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်နိုင်ကြပါမည်။ စည်းကမ်းလိုက်နာမှုကောင်းမွန်သည့်လူမျိုး ဖြစ်လာစေရန်အတွက် အစပြုလေ့ကျင့်သင်ကြားပေးသည့်နေရာသည်စာသင်ကျောင်းကလွဲပြီး တခြားမရှိနိုင်ပေ။ စာသင်သားကလေးငယ်များကို စာပေပညာတတ်မြောက်ရုံမျှသာမက နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရေး သွန်သင်ဆုံးမ နည်းလမ်းပြကြရမည်မှာ ဆရာ၊ ဆရာမများ၏တာဝန်ပင်ဖြစ်ပါသည်။** “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့် ဆောင်ပုဒ်သည် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့်မိဘများကို အစဉ်စည်းကမ်းရှိနေစေရေး မပြတ်သတိပေး ဆော်ဩနေသော လမ်းညွှန်ဆောင်ပုဒ်သာဖြစ်ပါသည်။ စည်းကမ်းကောင်းမွန်သည့်ကျောင်းက ဂုဏ်ဒြပ်ကြီးသလို ထိုကျောင်းမှ ကျောင်းဆရာ၊ ဆရာမတွေကိုလည်း အများကလေးစားကြပါသည်။ ထိုကဲ့သို့ကျောင်းများတွင် တက်ရောက်ကြရသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကလည်း ဂုဏ်ယူကြရပါသည်။ ထို့ကြောင့် ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားများအားလုံး ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်နေသောကြောင့် စာသင်ကျောင်းများက တာဝန်ရှိသူများအနေဖြင့်လည်း စည်းကမ်း၊ ကျင့်ဝတ်၊ ဥပဒေများကို လေးစားလိုက်နာတတ်သော နိုင်ငံကြီးသားများလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးတာဝန်ကို အလေးအနက်ထားပြီး ဆက်လက်ထမ်းဆောင်ကြဖို့ လိုအပ်တဲ့အကြောင်း လတ်တလော ကြုံတွေ့သိမြင်ခဲ့ရသည်များက တစ်ဆင့်မျှဝေခံစားတင်ပြလိုက်ရပါသည်ခင်ဗျာ။

**ပြည်လုံးကျွတ်သန်းခေါင်စာရင်း ၄ ရက်မြောက်နေ့ ကောက်ယူနေပါသည်။**

# တာချီလိတ်-မိုင်းတွမ်း-မိုင်းဆတ်မြို့သွား ပြည်ထောင်စုလမ်းမပေါ်ရှိ နမ့်ခုတ်ချောင်းကူး နမ့်ခုတ်ငြိမ်းချမ်းရေး(ဆိုက်ခေါင်) သံကူကွန်ကရစ်တံတားပျက်စီးမှုများ သွားရောက်ကြည့်ရှု



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် တာချီလိတ်-မိုင်းတွမ်း-မိုင်းဆတ်မြို့သွား ပြည်ထောင်စုလမ်းမပေါ်ရှိ နမ့်ခုတ်ချောင်းကူး နမ့်ခုတ်ငြိမ်းချမ်းရေး (ဆိုက်ခေါင်) သံကူကွန်ကရစ်တံတားပြင်ဆင်နေမှုကို

**နေပြည်တော် အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နမ့်ခုတ်ချောင်းရေ မြင့်တက်လာပြီး တာချီလိတ်-မိုင်းတွမ်း-မိုင်းဆတ်မြို့သွား ပြည်ထောင်စုလမ်းမပေါ်ရှိမိုင်းဆတ်မြို့အဝင် အရှည် ၃၂၈ ပေ၊ အကျယ်ပေ ၃၀ ရှိသည့် နမ့်ခုတ်ချောင်းကူး နမ့်ခုတ်ငြိမ်းချမ်းရေး(ဆိုက်ခေါင်) သံကူကွန်ကရစ်တံတားမှာ ပေ ၁၃၀ ခန့် ရေစီးနှင့်မျောပါပျက်စီးသွားခဲ့ရသည်။

ပျက်စီးသွားခဲ့သည့် တံတားအပေါ်တွင် ပေ ၁၅၀ အရှည်ရှိ နှစ်လွှာတစ်ထပ်ဘေလီတံတားကို ဒေသခံပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၂)က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး အောက်တိုဘာလ ဒုတိယပတ်ကုန်အပြီးတွင် အမြန်ဆုံးပြီးစီးနိုင်ရေး နေ့ညမပြတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တံတားပြင်ဆင်နေမှုများကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာလျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာကလေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များဆုံးရှုံးရသည့်ဖြစ်စဉ်များဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**



စမုံ-သပြေတောင်းကြား တံတားအမှတ်(၆၉၁)အဆန်လမ်း မန္တလေးဘက်ခြမ်း ရေတိုက်စား၍ ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



စမုံ-သပြေတောင်းကြား ရေတိုက်စား၍ပျက်စီးခဲ့သော ရထားလမ်းပိုင်းနေရာများ ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

**ရှေ့ဖုံးမှအဆက်**

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ရန်ကုန်-သာစည်၊ သာစည်-ရန်ကုန် ခရီးစဉ်အဖြစ် အမှတ်(၁၁)အဆန်၊ အမှတ်(၁၂) အစုန် လူစီးအမြန်ရထားကို စတင်ပြေးဆွဲပေးနိုင်ခဲ့သည်။

ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ဝမ်းတွင်းမြို့နယ် သဲတောနှင့်သပြေတောင်းကြား ရထားလမ်းပိုင်းနှင့် မိုင်တိုင် (၃၃၃/၁)ရှိ အဆန်လမ်းတံတားအမှတ် (၆၉၁)၏ ကမ်းကပ်ခုံရေတိုက်စားခံရခြင်း၊ အစုန်လမ်းတံတားအမှတ်(၆၉၁)၏ ပေ ၄၀ သံပေါင်လေးခု ရေထဲပြုတ်ကျခြင်း၊ အဆန်လမ်း၊ အစုန်လမ်းရထားလမ်းတာပေါင်ရေတိုက်စားခံရခြင်းများတွင် အဆန်လမ်းတံတားအမှတ်(၆၉၁)ကို ယာယီတံတားဘေလီသံပေါင်နှင့် Steel Girder များ ထည့်သွင်းခြင်း၊ ရေတိုက်စားတာပေါင်များကို သံလမ်းဖြုတ်သိမ်း၍ သဲအိတ်စီထပ်ခြင်း၊ ၆"x ၉" လက်မကျောက်ကြီးများ ထည့်သွင်းခြင်း၊ မြေဖို့ခြင်းများဆောင်ရွက်ပြီးနောက် သံလမ်းပြန်လည်ခင်းခြင်း၊ ရေတိုက်စားနေရာများတွင် သစ်သားဖားထပ်ခွေယာယီဆောင်ရွက်ခြင်းစသည့် အကြီးစားပြင်ဆင်မွမ်းမံမှုများကို ဆောင်ရွက်ခဲ့ရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်း နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စက်တင်ဘာ ၂၉ ရက်တွင် လာရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခြင်း၊ ပံ့ပိုးဖြည့်ဆည်းပေးခြင်းများပြုလုပ်ပေးခဲ့သည်။ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ အားထုတ်ကြိုးပမ်းပြုပြင် ဆောင်ရွက်ပေးခဲ့မှုများကြောင့် အောက်တိုဘာ ၂ ရက် ည ၇ နာရီ ၂၆ မိနစ်အချိန်တွင် သဲတော-သပြေတောင်းကြား အဆန်လမ်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ရန်ကုန်-မန္တလေးအမှတ်(၁၁)အဆန်နှင့် မန္တလေး-ရန်ကုန် အမှတ်(၁၂)အစုန်လူစီးအမြန်ရထားများ၊ရန်ကုန်-မန္တလေးအမှတ်(၁)အဆန်၊ မန္တလေး-ရန်ကုန် အမှတ်(၂) အစုန်စာပို့ရထားခရီးစဉ်များကို ယနေ့မှစတင် ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ကုန်ရထားများကိုလည်း အောက်တိုဘာ ၄ ရက်မှစတင်၍ ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။


မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားနှင့် ကုန်ရထားများပြေးဆွဲပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ရေကြီးရေလျှံမှုဖြစ်ပွား၍ ရထားလမ်း၊ တံတားများ ထိခိုက်ပျက်စီးသွားမှုကြောင့် ယာယီရပ်နားခဲ့ရသည့် ရန်ကုန်-မန္တလေး ခရီးစဉ်အမှတ်(၁၁)အဆန်၊ (၁၂)အစုန် လူစီးအမြန်ရထားနှင့် အမှတ်(၁)အဆန်၊ အမှတ်(၂)အစုန် စာပို့ရထားတို့ကို မူလပြေးဆွဲချိန်များအတိုင်း ဆက်လက်ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**❑ လေပြင်းတိုက်ခတ်ခြင်းများမှ**

နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊မိုးသီးကြွေခြင်း၊လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့်လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။




## ထူးခြားသည့် နေ့အပူချိန်များ

(၃-၁၀-၂၀၂၄)

| | | | | |
|---|---|---|---|---|
| တံတားဦး | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မြောင်းမြ | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက အခြေခံပညာကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း၊ တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပန်းလောင်မြစ်ကြောင်းတစ်လျှောက်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်၊ ဒေသခံပြည်သူများကို ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက မြစ်သားမြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသခံပြည်သူများကို ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာနိုင်ငံအနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပျံ့တတ်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းမှစ၍ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင်နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခြင်းနှင့် အချို့သောဒေသများတွင် ဒေသအလိုက် နေရာကွက်ကျားမိုးကြီးခြင်းများဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ပန်းလောင်မြစ်အထက်ပိုင်း ဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုများဖြစ်ပေါ်ခဲ့ရာ ပန်းလောင်မြစ်အထက်ပိုင်းရှိ တောင်ကျချောင်းရေများ စီးဆင်းမှုကြောင့် အောက်တိုဘာ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ပန်းလောင်မြစ်၌ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါမြစ်ဘေးတစ်လျှောက် ကျေးရွာများဖြစ်သည့် ရွာခိုင်ကြီးကျေးရွာ၊ အိမ်ရှေ့တောင်ကျေးရွာ၊ ကဆွန်ကျေးရွာ၊ မြစ်ဆုံကြီးကျေးရွာ၊ ရွှေပေါ်ကျွန်းကျေးရွာတို့တွင် မြစ်ရေလေးပေခန့်၊ မြစ်သားမြို့ ကျွန်းတောရပ်ကွက်၊ မြို့မ(အရှေ့၊ အနောက်)နှင့် ဘူတာရပ်ကွက်၊ မြစ်သားမြို့နယ် ကျွန်းလှကျေးရွာ၊ မရုက်ကျေးရွာ၊ နွားကူးလေးကျေးရွာ၊ လောင်းတော်ဦးကျေးရွာ၊ ရွာမုန်းကြီးကျေးရွာ၊ ယွေးကျေးရွာနှင့် လက်ပံဆိပ်ကျေးရွာ၊ အုန်းကုန်းကျေးရွာတို့တွင် မြစ်ရေငါးပေခန့်၊ မြစ်သားမြို့ မင်းကုန်းရပ်ကွက်၊ ရှမ်းပွဲရပ်ကွက်၊ ရွှေသူဌေးရပ်ကွက်နှင့် အုပ်ရှစ်ကုန်းရပ်ကွက်တို့တွင် မြစ်ရေ သုံးပေခန့် အသီးသီးရေဝင်ရောက်နစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာ ၁၅ ရွာတို့မှ အိမ်ခြေ ၄၈၇၂ ခု၊ အိမ်ထောင်စု ၅၂၂၆ စု၊ လူဦးရေ ၁၉၈၄၅ ဦး ရေဘေးသင့်ခဲ့သဖြင့် အဆိုပါ ရေဘေးသင့်ပြည်သူများအနက် အိမ်ခြေ ၁၁၈၀၊ အိမ်ထောင်စု ၁၁၉၀၊ လူဦးရေ ၄၁၅၇ ဦးတို့ကို ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၂၇ ခုဖွင့်လှစ်ပြီး နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက လိုအပ်သည့်ကူညီရွှေ့ပြောင်းမှုများ ဆောင်ရွက်ပေးကာ ရေဘေးသင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန် အတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း သွားရောက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မြစ်သားမြို့နယ်အတွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်မီ သက်ဆိုင်ရာ တာဝန်ရှိသူများက အသိပေးတိုက်တွန်းနှိုးဆော်ခြင်းများ၊ ကူညီရွှေ့ပြောင်းပေးခြင်းများကို အချိန်မီဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရေဘေးကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

လက်ရှိဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေများအရ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားပြီး ပြည်သူများအနေဖြင့် မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် လေ့လာဖတ်ရှု၍ သတိပြုနေထိုင်ကြရန် အသိပေးအပ်ပါသည်။ (၅၀၁)

## နှစ်(၁၅၀)ပြည့် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်




နေပြည်တော် အောက်တိုဘာ ၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ နှစ်(၁၅၀)ပြည့် ကမ္ဘာ့စာပို့တိုက်နေ့(150 YEARS of the UPU) အထိမ်းအမှတ် အဖြစ် ၂၀၀ကျပ်တန် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ် တစ်မျိုးကို အောက်တိုဘာ ၉ ရက် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည် ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့်မန္တလေးစာတိုက်ကြီးတို့ တွင် အောက်တိုဘာ ၉ ရက်(ဗုဒ္ဓဟူးနေ့) တွင် ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများ ပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက် နှိပ်ပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**




### အောက်တိုဘာလ၏ မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ကျိုင်းတုံ | ၃-၁၀-၂၀၂၄ | ၇၉ | ၃.၁၁ | ၂၈-၁၀-၁၉၇၁ | ၇၇ | ၃.၀၃ | ၇၄ |

## ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၃

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ပြည်လုံးကျွတ် ဆက်လက်ကောက်ယူလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

သန်းခေါင်စာရင်းကောက်ယူသည့် လုပ်ငန်းကို ကမ္ဘာ့နိုင်ငံကြီးများတွင် ဆယ်နှစ်လျှင်တစ်ကြိမ် ကောက်ယူကြကြောင်း သိရသည်။ လူဦးရေသန်းခေါင်စာရင်း အချက်အလက်များသည် နိုင်ငံ၏ လက်ရှိပကတိအခြေအနေ၊ နိုင်ငံအတွင်း နေထိုင်သူများ နေရာဒေသ၊ မြို့ပြကျေးလက် အလိုက် လူဦးရေ၊ အသက်အပိုင်းအခြားအလိုက်လူဦးရေ၊ ပညာအရည်အချင်း၊ လုပ်ငန်းအမျိုးအစား၊ နေထိုင်မှုပုံစံအလိုက် လူဦးရေတို့ကို ခွဲခြားသိရှိနိုင်သည့်အတွက် နေရာဒေသအလိုက် လိုအပ်သည့်အစီအမံများ ချမှတ်နိုင်ရန် အခြေခံအရင်းအမြစ်များကို ဖော်ထုတ်ပံ့ပိုးပေးနိုင်သည်။

ယခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကို တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မူဖြင့် စာရင်းကောက်များက တစ်အိမ်တက်ဆင်းအိမ်တိုင်ရာရောက် Mobile Tablet များဖြင့် ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်း ကောက်ယူသည့်စနစ် CAPI စနစ်ဖြင့် ကောက်ယူလျက်ရှိပြီး အောက်တိုဘာလ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ နယ်မြေဒေသလုံခြုံရေးဆိုင်ရာ အခက်အခဲများရှိနိုင်သဖြင့် ရက်တိုးမြှင့်ကောက်ယူနိုင်ရေးအတွက်လည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ထိုသို့ ကောက်ယူလျက်ရှိရာ ယနေ့နံနက်ပိုင်းမှ စတင်ကာ စာရင်းစစ်/ကောက်များသည် အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း (၆၈)ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း(၁၈)ခုကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆက်လက်မေးမြန်းကောက်ယူလျက်ရှိပြီး ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို ဒီဇင်ဘာလကုန်တွင် ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၁)


ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။


မိုင်းရှူးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။


ခိုလမ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။


ကွန်ဟိန်းမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။


မြောင်းမြမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ခင်ရူပါ(မြောင်းမြ)


သထုံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ခရိုင်(ပြန်/ဆက်)


ဆိပ်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ကိုဇွဲ(အညာမြေ)


တာမွေမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-နိုင်လင်းအောင်(ပြန်/ဆက်)


ပုဇွန်တောင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ဟန်စုယည်


ကျွန်းလှမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-မျိုးဝင်းညို(ကျွန်းလှ)


ကျိုက်လတ်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-လှိုင်မင်းအောင်


ကြို့ပင်ကောက်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။
ဓာတ်ပုံ-ဇေယျာထွန်း(ကြို့ပင်ကောက်)

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၅၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်သည့်စကားများ ပြောဟု သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝန်ထမ်းများက သန်းခေါင်စာရင်းလာကောက်စဉ် လူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်သည့်စကားများ ပြောကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

ပြည်ဖျက်မီဒီယာများသည် နိုင်ငံတော်အစိုးရကို ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း၊ လူဦးရေစာရင်းနှင့်ဆက်စပ်သည့် အကြောင်းအရာအချက်အလက်များကို တိကျမှန်ကန်စွာ ကောက်ယူပြုစုရခြင်းဖြစ်ကြောင်း၊ ရရှိလာမည့်စာရင်းများကိုအခြေခံ၍ နိုင်ငံတော်နှင့်ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့်လိုအပ်သည့်လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ရာ သန်းခေါင်စာရင်းသည် နိုင်ငံတော်၏ စီမံကိန်းများအောင်မြင်စေရန် အထောက်အပံ့ဖြစ်စေမည့် အခြေခံကျသည့် လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ တိကျမှန်ကန်သောစာရင်းများရရှိပါက ပြည်သူတစ်ဦးချင်းစီနှင့် ပြည်သူအားလုံး၏ အနာဂတ်ဘဝဖွံ့ဖြိုးတိုးတက်မှု၊ တစ်မျိုးသားလုံး၏ အကျိုးစီးပွားများကို လိုအပ်သလိုဖြည့်ဆည်းပေးရန် အထောက်အကူများရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်ဖျက်မီဒီယာများနှင့် မြေပေါ်မြေအောက်အဖွဲ့အစည်းများသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလား၍ နိုင်ငံတော်အစိုးရအပေါ် ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်လျက်ရှိပြီး ယခုသတင်းနှင့်ပတ်သက်၍လည်း ပြည်သူလူထုအကြား ဘာသာရေးမှိုင်းတိုက် လှုံ့ဆော်နေသည့်သတင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thant Zaw Oo”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်နေ သန့်ဇော်ဦးအား မွန်းလွဲ ၁ နာရီခွဲတွင် ကျောက်တန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

နေပြည်တော် အောက်တိုဘာ ၃

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်စင်တီမီတာကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ BankAccount များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငှက်ပျောအဖီးရေ ၆၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငှက်ပျောအဖီးရေ ၆၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဲ့လှဲ့ဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက်ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဩဂုတ်လအတွင်းက ငှက်ပျောအဖီးရေ ၄၂၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငှက်ပျောအဖီးရေ ၆၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများမှာ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ် စသည်တို့ဖြစ်ကြောင်း သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်ကို စက်တင်ဘာလအတွင်း ငှက်ပျောအဖီးရေ ၆၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ငှက်ပျောဖီးများကို ရေလမ်းကြောင်းအပြင် ကုန်းလမ်းကြောင်းကပါ တင်ပို့နေရပါတယ်။ ပြည်တွင်းမှာကို ငှက်ပျောသီးတွေက ဝယ်ယူမှုများပြားနေပါတယ်"ဟု ဘိုကလေးမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဲ့လှဲ့ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းမှာ ဖီးကြမ်းငှက်ပျော အဖီး ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၊ ရခိုင်ငှက်ပျော အဖီး ၁၀၀ လျှင် ငွေကျပ် ၉၅၀၀၀၊ သီးမွှေးငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀ နှင့် ဆင်စွယ်ငှက်ပျောအဖီးရေ ၁၀၀ လျှင်ငွေကျပ် ၁၇၅၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှတောင်သူများသည် ငှက်ပျောပင်များကို ခြံများဖြင့်စိုက်ပျိုးကြပြီး ဖီးကြမ်းငှက်ပျောနှင့် ရခိုင်ငှက်ပျောတို့ကို အဓိကစိုက်ပျိုးကြကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ညောင်လေးပင်မြို့နယ် ပန်းတင်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်လေးပင် အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းကြိုးကျေးရွာအုပ်စု ပန်းတင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် ဝန်ထမ်းများက ပန်းတင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပန်းတင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းတစ်ဖက်လျှင် အရှည်ပေ ၇၃၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၇ ဒသမ ၆ သိန်း စုစုပေါင်းငွေကျပ် ၁၈၇ ဒသမ ၆ သိန်း ဖြင့် ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဗွန်လပထမပတ် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**




(၁)

"ကိုအောင်ကြီး ရှင်သက်သာလာပြီလား"

"ဟုတ်ကဲ့ သက်သာပါပြီဆရာမ"

"ဒဏ်ရာက အတွင်းကြေဆိုတော့ ဆေးဆက်စားပြီး နားနားနေနေ ဆင်ဆင်ခြင်ခြင်ဂရုစိုက်နေမှ ဖြစ်မယ်နော်"

"ဟုတ်ကဲ့ ဆရာမ"

အောင်ကြီးကို တာဝန်ကျ သူနာပြုဆရာမက ပြောဆိုမှာကြားနေခြင်းဖြစ်သည်။ အောင်ကြီးက ကျောကုန်းဒဏ်ရာဖြင့် ဆေးရုံတက်ခဲ့ရသူဖြစ်သည်။ ဆေးရုံတက်နေခြင်းကို သူငယ်ချင်းအပေါင်းအသင်းများကမေးမှာပင် ရှက်နေသည်။ ကျောင်းကြီးအနောက်စုရွာတွင် ဘယ်သူမှ ပြန်ခံမပြောဝံ့ဘူးဟု နာမည်ကြီးနေသော အောင်ကြီးကို ကျောင်းကြီးအနောက်စုရွာသားဖြစ်သော ငပန်းက ရိုက်လိုက်သည်။ ထို့ကြောင့် သေရာပါဒဏ်ရာအမာရွတ်ညိုညိုကြီးက အောင်ကြီး ကျောကုန်းမှာ ကျန်နေခဲ့ပြီ။ အောင်ကြီးတို့အိမ်မှာ ညမှုညတာလုံခြုံအောင် ခွေးသုံးလေးကောင်လောက် မွေးထားသည်။ ခွေးတွေကလည်းကောင်းလိုက်တာ ကျားရှုံးလောက်သည်။ အောင်ကြီးတို့အိမ်ထဲမပြောနှင့် ခြံအဝင်ဝပင် လူတိုင်းအမှုမဲ့အမှတ်မဲ့မသွားဝံ့။ သူစိမ်းဆိုလျှင် ခွေးများကို ပိုပြီးကြောက်ကြသည်။ အောင်ကြီး၏ အကျင့်က နေ့တိုင်းအရက်သောက်ပြီးမှ ထမင်းစားတတ်ခြင်းပင်။ တစ်နေ့ညနေ အရက်သောက်ပြီးစ ထမင်းစားရန် ပြင်ဆင်နေချိန် အိမ်ရှေ့လမ်းမပေါ်က ဆူဆူညံညံ လူအုပ်သံနှင့် ခွေးဟောင်သံကြားရသည်။ ဘာပါလိမ့်လို့ စနည်းနာရန် အောင်ကြီးထွက်အလာ–

"ဟေ့ ခွေးမွေးထားပြီး ထိန်းသိမ်းရကောင်းမှန်း မသိဘူး။ ဒီမှာ ငါတို့ကို အလကားသက်သက်ဟောင်နေတယ်။ ဒီလောက်တောင်ရိုင်းတဲ့ခွေးတွေ ကဲကွာ"

လမ်းပေါ်လူစုထဲက တစ်ယောက်က ခွေးကို လေးခွနှင့်ပစ်လိုက်သည်။ ဒေါက်ခနဲ လောက်စာလုံးမှန်သံနှင့်အတူ တကိန်ကိန်ငယ်သံပါအောင် အော်ပြေးသောသူ့ခွေးကို အောင်ကြီး မြင်လိုက်သည်။ ယမကာရှိန်လေးကလည်း တက်နေချိန်ဆိုတော့ ချက်ချင်း အိမ်ပေါ်ကပြေးဆင်းသွားပြီး–

"ငါ့ခွေးကို ဘယ်သူပစ်လိုက်တာလဲ။ ခွေးပဲ ဟောင်မှာပေ့ါ။ မကျေနပ်ရင် ခွေးကိုမပစ်နဲ့ ငါ့လာချကြည့်စမ်းကွာ"ဟု အောင်ကြီးကစိန်ခေါ်တော့သည်။

ကျောင်းကြီးရွာတွင် အောင်ကြီးဆိုလျှင် လူတိုင်းရွံ့ကြသည်မို့ သူ့ခွေးကို ပစ်လိုက်သူကို ခပ်မာမာပြောလိုက်ခြင်းဖြစ်သည်။ ခါတိုင်းဆို အောင်ကြီးပြောလျှင် ငြိမ်ခံ၍ ပြန်သွားသူသာများသည်။ ယခုမူ အပြောခံရသော ငပန်းက သူ့ကို မထီမဲ့ပြင်ပြန်ကြည့်ပြီး–

"စည်းကမ်းမရှိတဲ့ခွေးဆိုတော့ ဆုံးမရတာပေ့ါ။ ဘာလဲ မကျေနပ်ဘူးလား"ဟုပြောလျက် အောင်ကြီးအနားကပ်လာသည်။ လက်ထဲမှာလည်း နှစ်တောင်လောက်ရှိသည့် ဝါးရင်းတုတ်ကို ကိုင်လျက်သား။

"အံမာ မင်းလိုကောင်ကများရာရာစစ ငါ့ကို ပမာမခန့်ယှဉ်ပြောရတယ်လို့။ ငါလုပ်ရင် မင်းသေမှာ"

အောင်ကြီးက ဤသို့ပြောရုံရှိသေး ငပန်း လက်ထဲက ဝါးရင်းတုတ်က အောင်ကြီးကျောပေါ်သို့ သုံးလေးချက် ဆင့်ကျသွားသည်။

"ဘုန်း ဘုန်း ဘုန်း"

"အား"

အော်သံနှင့်အတူ အောင်ကြီး ဝမ်းလျားမှောက်ထိုးလဲသွားသည်။ ငပန်းက ဆက်ရိုက်မည်အပြု အနီးအနားကလူများထွက်လာပြီး ဝိုင်းဆွဲကာလူစုခွဲလိုက်၍ တော်သေးသည်။ ဝါးရင်းတုတ်နှင့် ခေါင်းကိုရိုက်မိလို့ကတော့ မလွယ်။ ရိုက်ချက်ကလည်း ပြင်းလှသည်။ အောင်ကြီး ဆေးရုံကဆင်းလာလာချင်း အိမ်ထဲက အိမ်ပြင်မထွက်။ တစ်သက်လုံးက ကိုယ်ကသာရိုက်ခဲ့တာမို့ အခုလိုအရိုက်ခံခဲ့ရတော့ ရှက်လည်းရှက်၊ တွေးမိတိုင်းလည်း ဒေါသအလိပ်လိပ်တက်လာသော်လည်း ကိုယ့်အပြစ်နှင့်ကိုယ် သည်းခံနေရသည်။ ရိုက်ခဲ့သောငပန်းလည်း ဘယ်ကို ရှောင်ပုန်းသွားမှန်းမသိ။ ပြဿနာဖြစ်ပြီး ရဲစခန်းမှာ နှစ်ဦးနှစ်ဖက် ကျေအေးလက်မှတ်ထိုးကြပြီးကတည်းက ရွာမှ ပျောက်သွားသည်။

(၂)

အောင်ကြီးတို့ ကျောင်းကြီးအနောက်စုရွာက နတ်တလင်းမြို့အပိုင်ဖြစ်သည်။ နတ်တလင်းမြို့တွင် ဘုရားပွဲတော်များကျင်းပတိုင်း အောင်ကြီးတို့ရွာသားများ လာရောက်ကြမြဲဖြစ်သည်။ ကျင်းပနေကျ ဘုရားပွဲတော်များတွင် တာပွန်လမ်း အာသောကရုံဘုရားပွဲလည်း တစ်ပွဲအပါအဝင်ဖြစ်သည်။ တပေါင်းလတွင် ကျင်းပသောဘုရားပွဲမို့ တောရောမြို့ပါ ပါဝင်ဆင်နွှဲကြသည်။ တစ်နှစ်တာ၏ နောက်ဆုံးဘုရားပွဲလည်း ဖြစ်၍ လူစည်ကားလှသည်။

အောင်ကြီးက ထုံးစံအတိုင်း အရက်ကလေး တမြမြနှင့်ရှိနေ၏။ ခပ်မူးမူးခပ်ထွေထွေရီဝေဝေနှင့် လျှောက်လာသော အောင်ကြီးတို့အဖွဲ့နှင့် ဟိုဘက်သရက်ပင်ရွာကအုပ်စုနှင့် လူချင်းမတော်တဆတိုက်မိကြသည်။ သာမန်အချိန်တွင် ဘာမှမဖြစ်လောက်သော အသေးအမွှားကိစ္စလေးပင်ဖြစ်သော်လည်း အရက်က အမှားအမှန်မစဉ်းစားခိုင်းဘဲ တွန်းပို့နေလေပြီ။

"ဟေ့ အောင်ကြီးကို ဒီလိုလာကျောလို့မရဘူးကွ။ မင်းတို့ကောင်တွေထက်မိုက်လို့ ဒီပွဲကိုလာလည်တာ။ အောင်ကြီးကို ဘာမှတ်လဲသေသွားမယ်"

အောင်ကြီးက ပြောရင်းဆိုရင်း ဟိုဘက်ရွာအဖွဲ့ထဲကတစ်ယောက်ကို ထိုးမည်လုပ်၏။ သို့သော် အရက်ရှိန်ကြောင့် လူက ခြေလှမ်းပင်မမှန်ဘဲယိမ်းယိုင်နေ၏။ ရန်ဖြစ်မည့်အခြေအနေကို ပွဲလုံခြုံရေးရဲကင်းအဖွဲ့ကသိပြီး အောင်ကြီးတို့ကို လူစုလာခွဲသည်။ အရက်တန်ခိုးနှင့် အဆိုးအကောင်းမဆင်ခြင်နိုင်သော အောင်ကြီးက တာဝန်ကျရဲဝန်ထမ်းကို စထိုးလေသည်။ ပွဲခင်းလုံခြုံရေး ရဲဝန်ထမ်းက မတတ်သာဘဲ ပြန်လည်ထိုးကြိတ်ကာ အောင်ကြီးကို ဖမ်းဆီးရတော့သည်။ ရဲဝန်ထမ်းနှင့် အောင်ကြီးတို့ ရုန်းရင်းဆန်ခတ်ဖြစ်နေချိန်တွင် သရက်ပင်တောရွာအုပ်စုဘက်က အချောင်ဝင်၍ လက်သီးနှင့်ထိုးသွားသဖြင့် အောင်ကြီး အတော်ခံလိုက်ရသည်။

တာဝန်ကျရဲဝန်ထမ်းကို ဝတ္တရားနှောင့်ယှက်မှုဖြင့် တရားစွဲဆိုအရေးယူခံရမည့်အခြေအနေမို့ အစ်ကိုကြီးလုပ်သူနှင့် ရပ်ကွက်လူကြီးတို့က စခန်းသို့ လိုက်သွားကြရသည်။ ရဲဝန်ထမ်းကို အောင်ကြီး ကိုယ်တိုင်တောင်းပန်သဖြင့် ကျေအေးကာ အာမခံရပြီး လွတ်မြောက်ခဲ့သည်။ သို့သော် အရက်ကိုစွန့်လွှတ်ရန် အစ်ကိုဖြစ်သူက ညီဖြစ်သူ အောင်ကြီးကို အတော်နားချကြည့်ရဦးမည်။

(၃)

အောင်ကြီးတို့မိသားစုမှာ အစ်ကိုတွေက အပြောအဆိုအမူအရာ ယဉ်ကျေးသလောက် အောင်ကြီးကတော့ စိတ်အဆတ်ဆုံး၊ အဆိုးတေဆုံးဖြစ်သည်။

ယခုတစ်လော အောင်ကြီး ကံနိမ့်နေသည်ဟု ဆိုရမလားမသိ။ ပြဿနာတွေခဏခဏဖြစ်သလို သူ့အတွက် ထိခိုက်အနာတရတွေကလည်း များလှသည်။ လူများကံဆိုးပြီဆိုလျှင် အကုသိုလ်ကံက အတုံးလိုက်အတစ်လိုက်ဝင်လာတတ်သည်။ သို့သော်လည်း ကံဆိုတာ မိမိပြုမူသောကောင်းမှု၊ မကောင်းမှုတွေမှ ဆင်းသက်လာသော အကျိုးဆက်ဖြစ်သည်။ မကောင်းမှုလုပ်ခဲ့လျှင်တော့ ငရဲဆိုတာအသာထား။ ဝဋ်ကတော့ အမြဲလည်တတ်ချေသည်။ အောင်ကြီးလို သောက်စားရမ်းကားမိုက်မဲနေသူကို မဆိုထားနှင့်။ မြတ်စွာဘုရားရှင်ပင်လျှင် ဝဋ်ကို မရှောင်ကွင်းနိုင်ခဲ့ပါ။

ဒေါ်သိန်းက မွေးဖွားသောမွေးချင်းသုံးယောက်ထဲတွင် အောင်ကြီးက အငယ်ဆုံး။ အစ်ကိုလတ်က ဆုံးရှာပြီ။ ထို့ကြောင့် အောင်ကြီးအထက်တွင် အစ်ကိုကြီးတစ်ယောက်သာ ကျန်သည်။ အငယ်ဆုံးမို့ အမေရော အစ်ကိုကြီးပါ အောင်ကြီးကို အလိုလိုက်ခဲ့သည်။

အရွယ်ရောက်လာတော့ အိမ်နီးချင်းဖြစ်သော ခင်ခင်ဆိုသူနှင့် အိမ်ထောင်ကျသည်။ ခင်ခင်က အောင်ကြီးထက် ဆယ်နှစ်ကျော်ကြီးသည်။ အသက်အရွယ်ချင်းကွာဟလွန်းသဖြင့် အမေနှင့် အစ်ကိုကြီးက တားမြစ်ခဲ့သည်။ ထိုသို့ တားမြစ်သည့်ကြားမှပင် ခင်ခင့်ကို ရအောင်ယူခဲ့သည်။ မိန်းမရတော့လည်း အောင်ကြီးက ငယ်ကျင့်အတိုင်း ဆိုးမြဲပင်။ အပေါင်းအသင်းတရုန်းရုန်းနှင့် သောက်လိုက်စားလိုက် ဝင်လိုက်ထွက်လိုက်နှင့် တံခါးမရှိဓားမရှိ။ ဇနီးလုပ်သူက သူ့ကိုချစ်၍ ဘာမျှမပြောသော်လည်း အမေက မနေနိုင်ဘဲ ဝင်ပြောရသည်။

"ဟဲ့ ငအောင် နင်ဟာလေ ကြီးလေချဉ်လေ ရှောက်သီးလိုကောင်မျိုး။ ဟိုတုန်းကတော့ ငယ်သေးလို့ မပြောခဲ့ဘူး။ အခု မိန်းမတောင်ရနေပြီ လိမ္မာဖို့ကောင်းပြီ။ ကိုယ့်မိန်းမကိုလဲ ကြင်နာရကောင်းမှန်းမသိ။ ယူတုန်းကတော့ ယူထားပြီးတော့။ တယ် ငါမပြောလိုက်ချင်ဘူး"

အောင်ကြီး အရက်မမူးချိန်တွင် အမေပြောသမျှငြိမ်ခံနေသော်လည်း မူးလာလျှင်မရတော့ချေ။ တစ်ခါကလည်း မူးလာပြီး မိန်းမနှင့်ရန်ဖြစ်သည်။ အမေက အမြင်အကြားမတော်၍ ဝင်တားမိသည်။ အောင်ကြီးက လက်မခံသည့်အပြင် မိဘကို ရိုသေဂါရဝထားရမှန်း မသိတော့ချေ။

"ကျုပ်ဟာကျုပ် မိန်းမနဲ့တည့်အောင် နေနေ မနေနေ ခင်ဗျားအကြောင်းမဟုတ်ဘူး။ ကိုယ့်ဘာသာ အေးအေးဆေးဆေးနေ။ ဝင်မပါချင်နဲ့"

"ဟဲ့ မိဘဆိုတော့ ပြောသင့်တာပြောရမှာပဲ ငအောင်ရဲ့ "

"နားငြီးတယ်ဗျာ။ ပါးစပ်ပိတ်ထားစမ်းပါ"

အောင်ကြီး စကားလုံးများက ရိုင်းသည်ထက်ပို၍ ရိုင်းစိုင်းရင့်သီးလာသည်။

"အမယ် မအေကိုတောင် နင်က ဘာလုပ်ချင်လို့လဲ"

"ဒါလောက်တောင်ဖြစ်လှတာ ကဲဟာ ကဲဟာ"

"ဘုန်း ဘုန်း"

"အမယ်လေး လာကြပါအုံး။ ကိုအောင်ကြီး သူ့အမေကို ရိုက်နေပါတယ်"

ခွေးမလုပ်သူက ယောက္ခမကို မကြည့်ရက်၍ အရပ်ကို အော်ဟစ်အကူအညီတောင်းသည်။

စာမျက်နှာ ၂၇ သို့ ➤

# ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၂၁ ဧက စိုက်ပျိုးပြီးစီး



**ပုသိမ် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၂၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သီးနှံစုံ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော သီးနှံစုံ ၁၄၂၁ ဧကတွင် ဖူးစားပြောင်း ၂၉၉ ဧက၊ မြေပဲ ၂၀၇ ဧက၊ ပဲစင်းငုံ ၁၀၉ ဧက၊ ငရုတ် ၁၀၁ ဧက၊ ဟင်းသီးဟင်းရွက်စုံ ၇၀၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပုသိမ်မြို့နယ်အတွင်း သီးနှံစုံ ၁၄၂၁ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့ သီးနှံတွေမှာ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ အခုနှစ် သီးနှံတွေကို ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့သီးနှံတွေကို အများဆုံး စိုက်ပျိုးဖို့ရှိပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသည့် သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရေး စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ကွင်းဆင်းပြီး တောင်သူအသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၃၂၇၀ စိုက်ပျိုးမည်

**ထီးချိုင့် အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၃၂၇၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧက ၁၁၇၀၊ ဖူးစားပြောင်း ဧက ၂၁၀၀ စုစုပေါင်းဧက ၃၂၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၆ မှအဆက်

အောင်ကြီးက ရိုက်လက်စတံမြက်စည်းကိုပစ်ချပြီး မိန်းမဘက် လှည့်သွားသည်။ ပြီးတော့ အောင်ကြီး၏လက်သီးချက်များက မိန်းမမျက်နှာဆီသို့ ဆင့်ကျလာသည်။

"ခွပ် ခွပ်"

"အင့်"

ဇနီးသည်ခမျာ လက်သီးချက်ကြောင့် လဲကျသွားသည်။

"ဟေ့ဟေ့ အောင်ကြီး မလုပ်နဲ့ မလုပ်နဲ့"

အနီးနားက လူများရောက်လာပြီး အောင်ကြီးကို ဝိုင်းဆွဲကြသည်။ အောင်ကြီးက မုန်ယိုနေသော တောဆင်ရိုင်းတစ်ကောင်နှယ် တရှူးရှူးနှင့် ရုန်းကန်နေသည်။ အရက်ကြောင့် အသိတရားကင်းမဲ့နေသော အောင်ကြီးက ဘာကိုမျှအမှုမထားတော့ဘဲ ဘီလူးမာန်ဝင်နေသည့်အလား ကြောက်စရာကောင်းနေတော့သည်။

(၄)

ယခုတော့ အောင်ကြီးဘဝမှာ အမေလည်းမရှိတော့ပြီ။ ဇနီးမှာလည်း ဆုံးရှာပြီဖြစ်သည်။ အောင်ကြီးတစ်ယောက် ထင်ရာစိုင်းတော့မည်လားဟု အိမ်နီးချင်းများက စိုးရိမ်နေကြသည်။ သို့သော် အထင်နှင့်အမြင်တက်တက်စင်အောင်လွဲချေတော့သည်။ မိခင်နှင့်ဇနီးဆုံးပြီး အောင်ကြီးတွင် သံယောဇဉ်မျိုးဆက် သမီးလေးကျန်နေခဲ့သည်။ သမီးလေးကို အမေလိုတစ်မျိုး အဖေလိုတစ်သွယ် ကြင်နာယုယစွာထိန်းကျောင်းပြုစုခဲ့ရသည်။ သမီးလေးက–

"ဖေကြီး အရက်မသောက်ပါနဲ့နော်။ အရက်သမားသမီးလို့ပြောတာ သမီး မခံနိုင်လို့ပါ"ဟု ပြောလာတော့–

"အေးပါသမီးရယ် ဖေကြီး မသောက်တော့ပါဘူး"ဟု မတုံ့မဆိုင်းပြန်ဖြေသည်။ သမီးလေးအတွက်လည်း စိတ်မကောင်းဖြစ်မိပြီး သူအင်မတန်ကြိုက်သောအရက်ကို မဖြစ်ဖြစ်အောင် ဖြတ်မည်ဟု ဆုံးဖြတ်လိုက်သည်။

သမီးလေးက တဖြည်းဖြည်းအရွယ်ရောက်လာပြီမို့ ထွေရာလေးပါး တွေး၍ အောင်ကြီးပူရသည်။ ပညာဆုံးခန်းမတိုင်ဘဲ မိုက်မဲသွားလေမလား။ မိတဆိုးသမီးလေးမို့ အလိုလိုက်အကြိုက်ဆောင်ခဲ့သည်ကို အခွင့်ကောင်းယူ၍ ထင်ရာလုပ်သွားလျှင်ဒုက္ခဟုတွေးပူရသည်။ တစ်ချိန်က သူ့လိုမျိုးဆိုးသွမ်းသည့်အသောက်အစားသမားနှင့် နီးစပ်သွားလျှင် အောင်ကြီး ဆက်မတွေးရဲ။ မီးဆိုတာ ကိုယ့်အပေါ်ကျမှ ပူမှန်းသိတယ်ဆိုတာ တယ်မှန်ပါလားဟု တွေးမိပြန်သည်။

အတိတ်က မိခင်အပေါ်၊ မိန်းမအပေါ်ဆိုးခဲ့သမျှ သမီးလေးကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် တစ်ဦးတည်းရုန်းကန်ကြိုးစားရတော့မှ အောင်ကြီး နောင်တရသည်။ မိန်းမအပေါ်ဆိုးသည်ထက် ကျေးဇူးရှင်မိခင်ကြီးကို မလုပ်ကျွေးမပြုစုသည့်အပြင် ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးစလုံးနှင့်ပါ စော်ကားပြစ်မှားမိခဲ့သော မိမိအဖြစ်ကို နာကျင်ထိခိုက်စွာ ခံစားရသည်။

မည်သို့ပင်ဖြစ်စေ မိမိမိုက်မှားမိသမျှအပြစ်များကို ကျေအေးပါဟု တမလွန်က အမေ့ကို မတောင်းပန်လိုတော့ပါ။ ကျေးဇူးရှင် အမေနှင့် မိခင်ကဲ့သို့ချစ်ကြင်ခဲ့သောဇနီးအပေါ် ပြုမူစော်ကားခဲ့သည့် ဝဋ်ကြွေးများကို တစ်လှည့်တစ်ဖန်ခံရဦးမည်ဆိုလျှင်လည်း ခံလိုက်မည်ဟု တွေးထားသည်။ တစ်ခုပဲ တောင်းဆုပြုလိုသည်။ မိမိ၏ တစ်ဦးတည်းသောသမီးလေး ဘဝလမ်းမှာ ခလုတ်မထိဆူးမငြိဘဲ သာယာဖြောင့်ဖြူးသည့်ဘဝကိုလျှောက်လှမ်းနိုင်အောင် ဖြည့်ဆည်းပေးနိုင်သော ဖခင်တစ်ယောက်ဖြစ်ပါစေဟူသော ဆုတောင်းခြင်းပင်ဖြစ်ပါတော့သည်။

## ကြယ်ဓူဝံပမာ မြတ်ဆရာ

– အတတ်သင် ပညာပေး
ပန်းကလေးများ ဖူးပွင့်အောင်၊
အားအင်ချီ မာန်ဟုန်ကဲလို့
စဉ်မြဲရှေ့ဆောင်၊
ပွဲပြင်ဆုံးမ သူ့ဂုဏ်ရောင်
ဘဝအမှောင် ကင်းစင်ရေး၊
ပျိုးထောင်ကာ ဥယျာဉ်တွင်းမှာလ
လမ်းခင်းလို့ပေး။

– ဝါသနာ အစတွေး
လေးမြတ်တဲ့ စေတနာ၊
အနစ်နာသည် ကိုယ်ကျိုးမဖက်ကာဖြင့်
လင်းလက်ဝေဆာ၊
ဆရာစားလည်း မချန်ကာ
ပညာအမွေ လက်ဆင့်ကမ်း၊
ဘေးရန်စွယ် ကာကွယ်ပြုလို့
ကောင်းမှုရွက်ထမ်း။

– သင့်ရာကို ပို့ဆောင်လှမ်း
ခွဲခြမ်းလို့ စိတ်ဖြာစေ၊
တန်းတူညီ မျှတရေးအတွက်
အလေးထားကာလေ၊
အမုန်းခံလို့ ရှေ့ကနေ
ရပ်တည်ပေ ကာကွယ်အား၊
ထွန်းညှိကာ အလင်းပေးလို့
အေးမြစေသား။

– လောကအလယ် ဂုဏ်ရည်များ
ဖွဲ့ထားလို့ မကုန်ဖွယ်၊
မြတ်ဆရာ ဂုဏ်ကျေးဇူးတွေက
ထူးတင့်ကာရယ်၊
ကြယ်ဓူဝံသို့ ပမာကွယ်
လမ်းပြမယ် ထာဝရ၊
သင်းပျံ့ကြိုင် ဂုဏ်သတင်းတွေနဲ့
(ဆရာသခင်များကလေ)
လင်းလက်တောက်ပ။ ။


**ပိုင်ဆု(ပညာရေး)**

**ကိုဗစ်–၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



**ကိုဗစ်–၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

# စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာ အသင်းလိုက်ကစားအားကောင်းနေတဲ့ ဝက်စ်ဟမ်းအသင်း၊ အက်စ်ပန်ညိုအသင်း၊ မိုနာကိုအသင်းတို့ကို အားပေးရမှာပါ

ML




ပြီးခဲ့တဲ့ရက်သတ္တပတ် အသင်းကြီးတွေ့ဆုံမှုမှာ အစဉ်အလာအရ အသာရနေတဲ့အသင်းတွေ မထင်မှတ်ဘဲရှုံးခဲ့တာကြောင့် ဒီတစ်ပတ် အသင်းကြီးတွေ့ဆုံမှုမှာတော့ သတိထားရမှာဖြစ်ပါတယ်။ ကြားရက်မှာတော့ ဥရောပပြိုင်ပွဲတွေရှိခဲ့တာကြောင့် အသင်းကြီးတွေအနေနဲ့ ပွဲပန်းမှုနဲ့ ဒဏ်ရာရကစားသမားများပြားနေမှာဖြစ်လို့ လာမဲ့စနေနေ့ညမှာ အသင်းကြီးတွေ့ဆုံမှုကိုရှောင်ရှားပြီး ခြေရည်တူအသင်းတွေထဲက တိုက်စစ်ကောင်းတဲ့အသင်းတွေကိုဦးစားပေးချဉ်းကပ်ရမှာပါ။ ဒါကြောင့် လာမဲ့ စနေနေ့ညမှာတော့ တိုက်စစ်ကစားပုံထက်မြက်နေပြီး အသင်းလိုက်ကစားအားကောင်းတဲ့ အသင်းတွေကိုပဲ အားပေးရမှာပါ။

**ဝက်စ်ဟမ်းအသင်းနဲ့ လက်တွဲရမှာပါ**

ပရီးမီးယားလိဂ်ပွဲစဉ်(၇)မှာ အကြိုက်တွေ့မိတာကတော့ ဝက်စ်ဟမ်းအသင်းနဲ့ အစ်ဗ့စ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ နွေရာသီအပြောင်းအရွှေ့ကာလမှာ ဂီဟာမီ၊ ကေးလ်မန်း၊ ဆမ်မာဗီလီ၊ ဖူးလ်ခရက်၊ ဂွီဒို၊ တိုဒီဘို၊ ဝမ်ဘစ်ဆာကာ၊ ကားလို့ဆိုလာတို့လို ထိပ်တန်းအဆင့်ကစားသမားတွေ ခေါ်ယူခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ နည်းပြသစ် လိုပက်တီဂူလက်ထက်မှာ ပုံစံကောင်းရဖို့ ခက်နေပြီး ကစားသမားသစ်တွေ အထိုင်ကျဖို့အချိန်ယူနေတာကြောင့် ကစားကွက်ပိုင်းလိုအပ်ချက်ရှိခဲ့လို့ ရလဒ်ဆိုးခဲ့တာဖြစ်ပါတယ်။ လက်ရှိ ပရီးမီးယားလိဂ် ခြောက်ပွဲအပြီးမှာတော့ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံး ရလဒ်ကြောင့် ရမှတ်ငါးမှတ်နဲ့ အဆင့်(၁၄) ရောက်နေပြီး အခုအိမ်ကွင်းပွဲစဉ်မှာ အစ်ဗ့စ်လိုအသင်းကို နိုင်ပွဲရှာနိုင်မှ ဖိအားအောက်က ရုန်းထွက်နိုင်မှာဖြစ်ပါတယ်။ သူတို့အသင်းရဲ့ခံစစ်ပိုင်းဟာ ထိပ်တန်းအဆင့်ကစားသမားတွေပိုင်ဆိုင်ထားပေမဲ့ ပွဲအစမိနစ်ပိုင်းတွေမှာ ပွဲအပေါ် အာရုံစိုက်မှု အားနည်းနေတာကိုသတိပြုရမှာပါ။ ပြီးခဲ့တဲ့ ဘရန့်ဖို့ဒ်နဲ့ပွဲမှာဆို တစ်မိနစ်အတွင်း ဂိုးပေးလိုက်ရတဲ့ ခံစစ်ပိုင်းက လိုအပ်ချက်ရှိနေတာကို တွေ့ရမှာပါ။ ဒါ့ပြင် ဝမ်ဘစ်ဆာကာ၊ ခရက်စ်ဝဲလ်၊ ကူဖယ်တို့ တိုက်စစ်လိုက်ပါလွန်းတာကြောင့် ဒီအားနည်းချက်ကိုပြင်နိုင်ရင်တော့ နည်းပြလိုပက်တီဂူရဲ့ ဝက်စ်ဟမ်းအသင်း နိုင်ပွဲပြန်ရှာတွေ့မှာပါ။

အစ်ဗ့စ်အသင်းဟာ အခုနှစ်မှ ပရီးမီးယားလိဂ်ကို တန်းတက်လာခဲ့ပေမဲ့ အသင်းလိုက်ကစားအားကောင်းတာကြောင့် လက်ရှိမှာ လေးပွဲသရေ၊ နှစ်ပွဲရှုံး၊ ရမှတ်လေးမှတ်နဲ့ အဆင့်(၁၅)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ နည်းပြမက်ကန်နာကတော့ နွေရာသီအပြောင်းအရွှေ့ကာလမှာ ပရီးမီးယားလိဂ်အတွေ့အကြုံရှိတဲ့ ဒီလက်ပ်၊ ကယ်ဗင်ဖီးလစ်၊ ဒါရာ အိုရှေးတို့လို ကစားသမားတွေခေါ်ယူခဲ့ပြီး ရလဒ်ကောင်းဖို့ကြိုးစားနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ လီဗာပူး၊ ဒုတိယပွဲမှာ မန်စီးတီးတို့နဲ့တွေ့ခဲ့တာကြောင့် ဆက်တိုက်ရှုံးခဲ့ပေမဲ့ အဲဒီနောက်ပိုင်းမှာ ရှုံးပွဲမရှိတော့ဘဲ ဖူလ်ဟမ်၊ ဘရိုက်တန်၊ ဆောက်သမ်တန်၊ အေဗီလာတို့လိုအသင်းတွေကို သရေကစားနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြမက်ကန်နာရဲ့ ၄-၂-၃-၁ ကစားကွက်မှာ ဒီလက်ပ်က တိုက်စစ်ကို ဦးဆောင်နေပြီး လက်ရှိ သွင်းဂိုးသုံးဂိုးနဲ့ အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်နေတာကိုတွေ့ရမှာပါ။ အစ်ဗ့စ်ဟာ တိုက်စစ်ကစားပုံတိုးတက်လာပေမဲ့ ခံစစ်ပိုင်းကအားနည်းနေတာကြောင့် ခံစစ်ပိုင်းပေးဂိုးများနေလို့ ရမှတ်တွေခွဲပေးနေရတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုရှစ်ကြိမ်မှာတော့ ဝက်စ်ဟမ်းက လေးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့ပေမဲ့ ၂၀၁၂ ခုနှစ်နောက်ပိုင်းပွဲစဉ်တွေမှာတော့ ဝက်စ်ဟမ်းက ရှုံးပွဲမရှိဘဲ အသာရခဲ့တာကြောင့် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်ရမဲ့ ဝက်စ်ဟမ်းအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၁ | - | ၃ | မန်စီးတီး |
| ဖူလ်ဟမ် | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ဝ | - | ၃ | ချဲလ်ဆီး |
| လီဗာပူး | ၅ | - | ၁ | ဝက်စ်ဟမ်း |
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | ဝက်စ်ဟမ်း |

**အစ်ဗ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝင်ဘယ်ဒန် | ၂ | - | ၂ | အစ်ဗ့စ် |
| အစ်ဗ့စ် | ၁ | - | ၁ | ဖူလ်ဟမ် |
| ဘရိုက်တန် | ဝ | - | ဝ | အစ်ဗ့စ် |
| ဆောက်သမ်တန် | ၁ | - | ၁ | အစ်ဗ့စ် |
| အစ်ဗ့စ် | ၂ | - | ၂ | အေဗီလာ |

**အက်စ်ပန်ညိုအသင်းကို ရွေးရမှာပါ**

လာလီဂါပွဲစဉ်(၉)မှာ အကြိုက်တွေ့မိတာကတော့ အက်စ်ပန်ညိုနဲ့ မာယော့ကာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အက်စ်ပန်ညိုဟာ အခုနှစ်မှ လာလီဂါကိုပြန်တက်လာပေမဲ့ လာလီဂါပြိုင်ပွဲအတွေ့အကြုံကောင်းတဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ လာလီဂါပြိုင်ပွဲ ရှစ်ပွဲအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ငါးပွဲရှုံးရလဒ်ကြောင့် ရမှတ်ခုနစ်မှတ်နဲ့ အဆင့်(၁၇)မှာရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ ဗယ်လ်ကာနို၊ အလာဗက်တို့လို ခြေရည်တူအသင်းတွေကို နိုင်ခဲ့ပေမဲ့ ရီးရဲလ်မက်ဒရစ်၊ ဗီလာရီးရဲလ်၊ ဘက်တစ်တို့လို ခြေစွမ်းပိုင်းကောင်းတဲ့အသင်းတွေနဲ့ပွဲကျပ်ကစားခဲ့ရလို့ ရှုံးခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၄-၄-၂ ကစားကွက်ကို ပုံမှန်အသုံးပြုနေပြီး ဒီကစားကွက်မှာ တိုက်စစ်က ပုံမှန်ဂိုးသွင်းနိုင်တဲ့ခြေစွမ်းရှိတာကြောင့် နောက်ဆုံးငါးပွဲမှာ ခုနစ်ဂိုးထိရရှိခဲ့တာကိုသတိပြုရမှာပါ။ အခုပွဲမှာလဲ ကာဘရီရာ၊ အိတ်ပိုစီတိုတို့လို ကစားသမားတွေကလွဲရင် အဓိက ကစားသမားအားလုံး ကစားနိုင်မှာဖြစ်လို့ မာယော့ကာလိုအသင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။ ဒါ့ပြင် အက်စ်ပန်ညိုအနေနဲ့ မာယော့ကာကို ညွှေ့ခံကစားခဲ့တဲ့ အိမ်ကွင်းခုနစ်ပွဲဆက်မှာလဲ ရှုံးပွဲမရှိသေးတာကို တွေ့ရမှာပါ။

မာယော့ကာအသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ ခြေစွမ်းပြကစားသမားမခေါ်နိုင်ပေမဲ့ အသင်းက အဓိက ကစားသမားတွေကို ထိန်းသိမ်းနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ရှစ်ပွဲကစားအပြီးမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၆)မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ငါးပွဲဆက်မှာတော့ လေးပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ဆိုစီဒက်၊ ဘက်တစ်တို့လိုအသင်းတွေကိုနိုင်ပွဲရခဲ့တဲ့ ခြေစွမ်းကတော့ လျှော့တွက်လို့မရပါဘူး။ နည်းပြသစ် အာရာဆာတီကတော့ မာယော့ကာရဲ့ကစားပုံကို ၄-၃-၃ ကစားကွက်ပြောင်းလဲခဲ့ပြီး တန်ပြန်တိုက်စစ်နဲ့နိုင်ပွဲရယူခဲ့တာကို ဘက်တစ်နဲ့ ဆိုစီဒက်တို့ပွဲမှာ တွေ့မြင်ရမှာပါ။ လက်ရှိတိုက်စစ်မှာ ခြေစွမ်းပြကစားသမား မူရီကွီဒဏ်ရာရနေပေမဲ့ ရှိဒရီဂွက်ဇ်၊ လာရင်တို့အတွဲဖက်မိနေတာကြောင့် ရလဒ်ပိုင်းကောင်းနေတာကို တွေ့ရမှာပါ။ လက်ရှိအကျောပေးမှုမှာတော့ ခြေစွမ်းထက်မြက်နေတဲ့ မာယော့ကာက အက်စ်ပန်ညိုကို သရေရလဒ်ဆို ခပ်ပါးပါးသာဆုံးရှုံးမဲ့အခြေအနေက အိမ်ရှင်ကိုကျော်ဖြတ်ဖို့ခက်ခဲမယ်လို့ သုံးသပ်ရမှာပါ။ လက်ရှိအိမ်ကွင်းတိုက်စစ်ကောင်းတဲ့ အက်စ်ပန်ညိုကလဲ ပွဲကျပ်ကစားခဲ့ရလို့ ရလဒ်ဆိုးရွားနေတာဖြစ်တာကြောင့် မာယော့ကာရဲ့ တန်ပြန်တိုက်စစ်ကိုထိန်းချုပ်ပြီး နိုင်ပွဲရှာမဲ့အိမ်ရှင်ကိုပဲ ရွေးရမှာပါ။

**အက်စ်ပန်ညိုရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အက်စ်ပန်ညို | ၂ | - | ၁ | ဗယ်လ်ကာနို |
| အက်စ်ပန်ညို | ၃ | - | ၂ | အလာဗက် |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၁ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၁ | - | ၂ | ဗီလာရီးရဲလ် |
| ဘက်တစ် | ၁ | - | ဝ | အက်စ်ပန်ညို |

**မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဂါနက်စ် | ဝ | - | ၁ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၂ | ဗီလာရီးရဲလ် |
| မာယော့ကာ | ၁ | - | ဝ | ဆိုစီဒက် |
| ဘက်တစ် | ၁ | - | ၂ | မာယော့ကာ |
| ဗယ်လာဒိုးလစ် | ၁ | - | ၂ | မာယော့ကာ |

**မိုနာကိုအသင်းပဲ အနိုင်ရမှာပါ**

လီဂူးပွဲစဉ်(၇)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ရင်းနက်အသင်းနဲ့ မိုနာကိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရင်းနက်အသင်းဟာ အမှတ်ပေးပွဲခြောက်ပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့အဆင့်(၇)မှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်ကစားပုံကောင်းတာကြောင့် ပြီးခဲ့တဲ့ငါးပွဲဆက်မှာ ပွဲတိုင်းဂိုးရခဲ့ပေမဲ့ ခံစစ်ပိုင်းလိုအပ်ချက်ကြောင့် ရမှတ်တွေဆုံးရှုံးသွားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပီအက်စ်ဂျီနဲ့ပွဲစဉ်မှာလဲ ခံစစ်အားနည်းချက်ကြောင့် ပထမပိုင်းမှာပဲ ဦးဆောင်ဂိုးပေးလိုက်ရပြီး သုံးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တဲ့ခံစစ်ပိုင်းက လိုအပ်ချက်တွေရှိနေဆဲဖြစ်ပါတယ်။ ရင်းနက်ဟာ အမှတ်ပေးပွဲခြောက်ပွဲမှာ နှစ်ပွဲပဲအနိုင်ရခဲ့ပေမဲ့ နောက်ဆုံး အိမ်ကွင်းခြောက်ပွဲဆက် ရှုံးပွဲမရှိသေးတဲ့အသင်းဖြစ်သလို အဲဒီပွဲတွေမှာလဲ တိုက်စစ်က ပွဲတိုင်းဂိုးရခဲ့တာကိုသတိပြုရမှာပါ။ သူတို့အသင်းဟာ နှစ်အနည်းငယ်အတွင်း ခြေစွမ်းပိုင်းတိုးတက်လာပေမဲ့ အဓိက ကစားသမားတွေကိုရောင်းချခဲ့လို့ အောင်မြင်မှုတွေနဲ့ဝေးကွာခဲ့ရသလို လက်ရှိမှာလဲ ရလဒ်တည်ငြိမ်ဖို့ အခက်တွေ့နေဆဲဖြစ်ပါတယ်။

မိုနာကိုအသင်းဟာ နည်းပြဟက်တာလက်ထက်မှာ ပုံစံကောင်းရခဲ့တာကြောင့် ပြီးခဲ့တဲ့ဘောလုံးရာသီမှာလဲ ရမှတ် ၆၇ မှတ်နဲ့ အဆင့်(၂) နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ အခုရာသီမှာလဲ ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး အမှတ်ပေးပွဲခြောက်ပွဲမှာ ငါးပွဲနိုင်၊ တစ်ပွဲသရေနဲ့ အဆင့်(၁)ပီအက်စ်ဂျီကို ရမှတ်တူဂိုးကွာခြားချက်နဲ့ ဖိအားပေးနေတာကိုတွေ့ရမှာပါ။ နွေရာသီအပြောင်းအရွှေ့မှာ ကွင်းလယ်က ဖိုဖန်တာကိုရောင်းချခဲ့ပေမဲ့ လမိုင်းကာမာရာ၊ အီလန်နီခီနာတို့လို ကစားသမားတွေနဲ့ဖြည့်တင်းနိုင်ခဲ့လို့ တိုက်စစ်ကစားပုံ တိုးတက်လာတာကို သတိပြုရမှာပါ။ မိုနာကိုဟာ ၄-၂-၃-၁ ကစားကွက်ကို အထိုင်ချကစားနေပြီး ကွင်းလယ်က လမိုင်းကာမာရာ၊ ဇာကာရီယာတို့ ခြေစွမ်းပြနိုင်တာကြောင့် ခံစစ်နဲ့တိုက်စစ်ကောင်းနေတယ်လို့ဆိုရမှာပါ။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ဘာစီလိုနာလိုတိုက်စစ်အားကောင်းတဲ့အသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့တာကြောင့် အခုပွဲမှာလဲ ရင်းနက်လို ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ရုန်းကန်နေရတဲ့အသင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။ ထိပ်တိုက်တွေ့ဆုံမှုမှာလဲ မိုနာကိုအသင်းက အသာစီးရနေတာကြောင့် အခုရာသီမှာ ရှုံးပွဲမရှိသေးတဲ့ မိုနာကိုအသင်းပဲ နိုင်ပွဲရသွားမှာပါ။

**ရင်းနက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စထရာဘော့ | ၃ | - | ၁ | ရင်းနက် |
| ရိမ်း | ၂ | - | ၁ | ရင်းနက် |
| ရင်းနက် | ၃ | - | ဝ | မောင့်ပယ်လီယာ |
| ရင်းနက် | ၁ | - | ၁ | လန်း |
| ပီအက်စ်ဂျီ | ၃ | - | ၁ | ရင်းနက် |

**မိုနာကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မိုနာကို | ၁ | - | ၁ | လန်း |
| အော့ဇေး | ဝ | - | ၃ | မိုနာကို |
| မိုနာကို | ၂ | - | ၁ | ဘာစီလိုနာ |
| မိုနာကို | ၃ | - | ၁ | လီဟာဗေး |
| မိုနာကို | ၂ | - | ၁ | မောင့်ပယ်လီယာ |

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သီသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သီသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။




ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ပဓာနနာယကဆရာတော် တင်မြှောက်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်၊ မန္တလေးတောင်ခြေအနောက်ဘက်ခြမ်း၊ ကြံတိုင်းအောင် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တ စန္ဒသီရိ သည် ၂၄-၉-၂၀၂၄ ရက် အင်္ဂါနေ့တွင် ၁၀နတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် မူလစာချုပ်အရ ဒိုသန္တကချုပ်ဆိုထားသော ဘဒ္ဒန္တဝိလာသဂ္ဂ (၉/မနတ(သ)၀၀၃၃၀၂)အား ကြံတိုင်းအောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်အဖြစ် ၁-၁၀-၂၀၂၄ ရက် အင်္ဂါနေ့တွင် တင်မြှောက်ပါကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂ

တပည့်သံဃာများ

### ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ မအိအိခင် (ဘ) ဦးခင်မောင်ကြီး (၉/မရမ(နိုင်)၀၈၃၄၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-725 239)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၉၃၅၂၉၉၉၇

### ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ မဝင်းစန္ဒာ (ဘ) ဦးကျော်ညွန့် (၉/မရတ(နိုင်)၀၆၇၈၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၇၇၃၁၂၇၃

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်နေ ဦးစိုးနိုင်ဝင်း (၉/မခန(နိုင်)၀၀၀၄၆၆)၏သမီး **မသော်တာဝင်းအိဖြူ** သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးနိုင်ဝင်း (၉/မခန(နိုင်)၀၀၀၄၆၆)

**အဖိုးတန် ရေချိုကို ချွေတာပါ**

## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။
(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ် တကျမီးရှို့ခြင်း(သို့)မြေမြှုပ်ခြင်းများ ပြုလုပ်ပါ။
(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။
(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။
(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်း လုပ်ဆောင်ပါ။
(စ) သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်း များကို မယုံပါနှင့်။
(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။
(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်။
(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇- ၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူညီတောင်းခံနိုင်ပါကြောင်း လူမှု ဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာ ထားသည်။

❖ **အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ်...**

❖ **မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပရာ အမျိုးသား၊အမျိုးသမီး မီတာ-၄၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ - ၁၅၀၀ ပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ-၁၀၀ ပြေးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ အားကစားအမျိုးအစားအလိုက် ပထမ၊ဒုတိယ၊ တတိယရရှိသော အားကစားသမားများအား

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃-၁၀-၂၀၂၄)

| | |
|---|---|
| **တမူး** | **ချောင်းဆုံ** |
| ၄ ဒသမ ၈၀ လက်မ | ၂ ဒသမ ၉၄ လက်မ |
| **စစ်တွေ** | **ညောင်တုန်း** |
| ၄ ဒသမ ၆၁ လက်မ | ၂ ဒသမ ၅၅ လက်မ |
| **ကျိုင်းတုံ** | **ဘီးလင်း** |
| ၃ ဒသမ ၁၁ လက်မ | ၂ ဒသမ ၅၅ လက်မ |
| **ပန်းတနော်** | **ကျောက်ဖြူ** |
| ၂ ဒသမ ၉၄ လက်မ | ၂ ဒသမ ၅၂ လက်မ |

